မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၃)
အမှတ် (၂၆၅)

Established in 1914

Myanma Alinn Daily

၁၃၇၆ ခုနှစ်၊ ဝါဆိုလဆန်း ၁ ရက်

၂၀၁၄ ခုနှစ်၊ ဇွန် ၂၇ ရက်၊ သောကြာနေ့။

ပြည်သူ့စွမ်းအားဖြင့် နိုင်ငံတော်ကို တည်ဆောက်အံ့

ကျန်းမာရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ ဆင်းရဲမှုလျှော့ချရေးဆိုင်ရာများ ဆွေးနွေး

နေပြည်တော်　ဇွန်　၂၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းသည် မြန်မာနိုင်ငံဆိုင်ရာ ဘရာဇီးနိုင်ငံသံအမတ်ကြီး H.E. Mr. Alcides Gastao Rostand Prates အား ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ ဒုတိယသမ္မတနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ဦးလွင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရင်းနှီးပွင့်လင်းစွာဆွေးနွေး

တွေ့ဆုံပွဲတွင် နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ၊ ကျန်းမာရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

(သတင်းစဉ်)

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း မြန်မာနိုင်ငံဆိုင်ရာ ဘရာဇီးနိုင်ငံသံအမတ်ကြီး H.E. Mr. Alcides Gastao Rostand Prates အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

SEA-ME-WE-3 ရေအောက်ကေဘယ်လ်ဆက်ကြောင်းများ ပုံမှန်ပြန်လည်ကောင်းမွန်

မြန်မာနိုင်ငံနှင့် ပြည်ပနိုင်ငံများသို့ တယ်လီဖုန်းနှင့်အင်တာနက်လိုင်းများ ချိတ်ဆက်အသုံးပြုလျက်ရှိသော SEA-ME-WE-3 ရေအောက်ကေဘယ်လ်ဆက်ကြောင်းသည် စင်ကာပူနိုင်ငံနှင့်မလေးရှားနိုင်ငံအကြား ရေပိုင်နက်တွင် ချွတ်ယွင်းမှုဖြစ်ပေါ်ခဲ့သဖြင့် ရေအောက်ကေဘယ်လ်ပြုပြင်ရေးသင်္ဘောဖြင့် ဇွန် ၂၀ ရက်မှစ၍ ပြုပြင်ခဲ့ရာ ဇွန် ၂၄ ရက် ၀၂:၃၅ နာရီတွင် ဆောင်ရွက်ပြီးစီးခဲ့သည်။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံနှင့် စင်ကာပူနိုင်ငံ၊ မလေးရှားနိုင်ငံတို့အကြား ချိတ်ဆက်ထားသော ဆက်ကြောင်းလိုင်းများ ပုံမှန်ပြန်လည်ကောင်းမွန်သွားပြီဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း**

ဇွန် ၂၆ ရက်က ရန်ကုန်တိုင်းဒေသကြီး (၄)ကြိမ်မြောက် ဖမ်းဆီးရမိမူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီးပွဲတွင် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်းနှင့် တာဝန်ရှိသူများက မီးရှို့ဖျက်ဆီးမည့် မူးယစ်ဆေးဝါးများကို လေ့လာစမ်းသပ်စစ်ဆေးနေစဉ်။ (သတင်း-၉) (သတင်းစဉ်)

ကျောက်စိမ်းနှင့်ကျောက်မျက်အချောထည်များ ဝယ်ယူကြသည့်ရတနာကုန်သည်များ စည်ကား

နေပြည်တော်　ဇွန်　၂၆

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီက ကြီးမှူးကျင်းပသည့် (၅၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ တတိယနေ့ကို ယနေ့ နံနက် ၈ နာရီတွင် နေပြည်တော်ရှိ မဏိရတနာ ကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပပြီး ပုလဲအတွဲပေါင်း ၁၀၄ တွဲပါဝင်သည့် ပုလဲတင်ဒါအမှတ်(၂)နှင့် ပုလဲအတွဲပေါင်း ၁၀၄ တွဲ ပါဝင်သည့် တင်ဒါအမှတ်(၃) တို့ကို ဆက်လက်ရောင်းချပေးသည်။

ထို့အပြင် ပုလဲအတွဲပေါင်း ၃၀ ကို မြန်မာ့ကျောက်မျက်ရတနာပြတိုက်ရှိ ရတနာဈေးအထပ်၌ ဇွန် ၂၇ ရက်တွင် ဈေးပြိုင်စနစ်ဖြင့် ဆက်လက်ရောင်းချပေးသွားမည် ဖြစ်ကြောင်း သိရသည်။

ယနေ့ပြပွဲတွင် နံနက် ၈ နာရီမှစ၍ ပြည်တွင်းပြည်ပမှ ရတနာကုန်သည်များသည် မဏိရတနာ ကျောက်စိမ်းခန်းမနှင့် သတ်မှတ်နေရာများ၌ ဧရိယာအလိုက်ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများ၊ ကျောက်မျက်အတွဲများ၊ ကျောက်စိမ်းနှင့်ကျောက်မျက် အချောထည်များ၊ ပုလဲအတွဲများကို မိမိတို့စိတ်ကြိုက်

စာမျက်နှာ ၉ ကော်လံ ၅ ✳

ယနေ့ မာတိကာ

ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း　စာမျက်နှာ » ၃

အစွရေးအကျဉ်းထောင်များအတွင်း ပါလက်စတိုင်းကလေး ၂၅၀ ဖမ်းဆီးထား　စာမျက်နှာ » ၄

ပြည်သူလူထုထံအသိပေးအကြောင်းကြားခြင်း　စာမျက်နှာ » ၉

၂၀၁၄ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ တစ်နိုင်ငံလုံး အမှတ်အများဆုံးရရှိသူများစာရင်း　စာမျက်နှာ » ၁၀

ရမည်းသင်း၌ စနစ်ကျသည့်စက်မှုလယ်ယာမြေကေ ၁၆၀ ကျော် ဖော်ထုတ်ပေး　စာမျက်နှာ » ၁၉

ကြော်ငြာအချပ်ပို ရှစ်မျက်နှာပါရှိ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ကြော်ငြာအချပ်ပို ရှစ်မျက်နှာ ပါရှိပါသည်။

ကမ္ဘာ့ဖလား အထူးကဏ္ဍအချပ်ပိုပါရှိ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ကမ္ဘာ့ဖလား အထူးကဏ္ဍ အချပ်ပို လေးမျက်နှာ ပါရှိပါသည်။

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

အေအိုင်ဒီအက်စ်ရောဂါကိုတြင်ရှောင်ရှားကာကွယ်ပါ

ကုရာနတ္ထိဆေးမရှိဟု လူပြောများလှသည့် HIV/AIDS ရောဂါမဖြစ်ပွားစေရန် ကျွန်ုပ်တို့နိုင်ငံတွင် လူငယ်လူရွယ်များ အထူးဂရုပြုရှောင်ကြဉ်ကြဖို့ လိုအပ်လှပါသည်။ ဤသို့ ကြောက်စရာကောင်းသော ရောဂါကူးစက်ရခြင်း၏ အဓိကအကြောင်းတစ်ရပ်မှာ လူငယ်လူရွယ်များအကြား အပျော်အပါးလိုက်စားမှုများကြောင့်ဖြစ်ပြီး အခြားအကြောင်းများကြောင့်လည်း ကံမကောင်းအကြောင်းမလှစွာ ဖြစ်ရတတ်ပါသည်။

ကျွန်ုပ်တို့မြန်မာနိုင်ငံတွင် HIV ကူးစက်ဖြစ်ပွားမှုနှုန်းမှာ ၂၀၁၃ ခုနှစ်က ၀ ဒသမ ၄၇ ရာခိုင်နှုန်း (လူဦးရေနှစ်သိန်းခန့်)ရှိပြီး ယင်းတို့ထဲတွင် မူးယစ်ဆေးဝါးသုံးစွဲသူများက ၁၈ ဒသမ ၆ ရာခိုင်နှုန်း၊ လိင်တူဆက်ဆံသူများက ၁၀ ဒသမ ၂ ရာခိုင်နှုန်း၊ ပြည့်တန်ဆာများက ၈ ဒသမ ၁ ရာခိုင်နှုန်းရှိကြောင်း သိရပါသည်။

ဤအချက်ကို ထောက်ရှုခြင်းအားဖြင့် လူငယ်အမျိုးသားများတွင် ရောဂါဖြစ်ပွားမှုနှုန်း အများဆုံးဖြစ်ကြောင်း တွေ့နိုင်ပါသည်။ ၂၀၁၃ ခုနှစ်က HIV ပိုးကူးစက်ခံရသူ နှစ်သိန်းနီးပါးရှိခဲ့ရာတွင် ၃၇ ရာခိုင်နှုန်းမှာ အမျိုးသမီးများဖြစ်ပါသည်။ ရောဂါကူးစက်ခံရမှုအများဆုံးမှာ လူငယ်အမျိုးသားများဖြစ်ကြောင်း သိရပါသည်။ မူးယစ်ဆေးဝါးသုံးစွဲခြင်း၊ လိင်ဆက်ဆံခြင်းတို့ကြောင့် လူငယ်များအကြား ရောဂါဖြစ်ပွားလျက်ရှိပါသည်။

ကျွန်ုပ်တို့နိုင်ငံတွင် HIV ရောဂါကူးစက်ခံရသူများအား အခမဲ့ဖြန့်ဖြူးပေးလျက်ရှိသည့် ART(Anti-Retroviaral Therary) ဆေးဝါးဖြန့်ဖြူးပေးနေမှုမှာလည်း လူနာ၏ ၅၄ ရာခိုင်နှုန်းသာ ပေးနိုင်သေးကြောင်း သိရပါသည်။ လူနာအားလုံး၏ ထက်ဝက်ကျော်မျှသာ အခမဲ့ဖြန့်ဖြူးပေးနိုင်သည့် သဘောပင်ဖြစ်ပါသည်။ အကောင်းဆုံးမှာ ရောဂါမဖြစ်အောင် ကျင့်ကြံနေထိုင်ခြင်းသည် အကောင်းဆုံးဖြစ်ပါသည်။ ရောဂါဖြစ်မှ ကုသခြင်းထက် မဖြစ်အောင်ကျင့်ကြံနေထိုင်ခြင်း၊ ရောဂါကူးစက်နိုင်သော အပြုအမူများမှ ရှောင်ကြဉ်ခြင်းတို့သည်သာ အကောင်းဆုံးဖြစ်ပါသည်။ အေအိုင်ဒီအက်စ်ရောဂါသည် ပျောက်ကင်းအောင် ကုသနိုင်သောဆေးဝါးမပေါ်သေးပါ။ ရောဂါကူးစက်ခံရသူများ သက်သာအောင်သာ ကုစား၍ရပါသည်။ ဤရောဂါသည် ကြောက်စရာကောင်းသော ရောဂါဖြစ်ပါသည်။ သို့ပါ၍ လူငယ်လူရွယ်များ ရောဂါကူးစက်ခြင်းမခံရအောင် အပျော်အပါးများကို တတ်နိုင်သမျှ ရှောင်ကြဉ်သင့်ပါကြောင်း။ ။

ပြည်တွင်းသတင်း

နို့စားနွားမွေးမြူရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာစေရေးဆွေးနွေး

နေပြည်တော် ဇွန် ၂၆

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်နှင့် MFAT, New Zealand ကိုယ်စားလှယ် Mr. Brent Rapson နှင့် ကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၂၅ ရက်နံနက် ၁၀ နာရီခွဲတွင် ဝန်ကြီးရုံး ဧည့်ခန်းမ၌ တွေ့ဆုံပြီး မြန်မာ-နယူးဇီလန် ပူးပေါင်းဆောင်ရွက်သည့် ကောင်းမွန်သော နို့စားနွားမွေးမြူရေး စီမံကိန်းလုပ်ငန်းများကို ရင်းနှီးပွင့်လင်းစွာ ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးကြသည်။

ဆက်လက်၍ မြန်မာ-နယူးဇီလန် ပူးပေါင်းဆောင်ရွက်သည့် ကောင်းမွန်သော နို့စားနွားမွေးမြူရေး စီမံကိန်းဆိုင်ရာ ပထမအကြိမ် အုပ်ချုပ်မှုအစည်းအဝေးအား ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ကျင်းပပြီး နို့စားနွားမွေးမြူရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာစေရေး ဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ပင်ကျင်းပသည့် မွေးမြူရေး၊ သား/ငါး ကုန်ထုတ်လုပ်မှုနှင့် ကျေးလက်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ အစည်းအဝေး (၅/၂၀၁၄)သို့ တက်ရောက်၍ အခြေခံကျသည့် ကျေးလက်လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်၍ ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် လည်းကောင်း၊ ရန်ပုံငွေပါဝင် တောင်းခံဆောင်ရွက်ရာတွင် လည်းကောင်း စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး ဦးတည်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ကျေးလက်ဒေသများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးစေရန် မိမိတို့ဝန်ကြီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော မြစိမ်းရောင်စီမံကိန်းကိုလည်း ဘဏ္ဍာရေးနှစ်အလိုက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။ ထို့နောက် အထောက်အကူပြုကော်မတီများက ကော်မတီအလိုက် လုပ်ငန်း ဆောင်ရွက်ပြီးစီးမှု၊ တိုးတက်မှုများနှင့် ရှေ့ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ဆွေးနွေးတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စာပေရေချမ်းစင်ထားရှိ

ဟိုမိန်း ဇွန် ၂၆

လင်းခေးခရိုင် ဟိုမိန်းမြို့နယ်ခွဲ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ပြည်သူများအသိပညာ ဗဟုသုတ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးနှင့်စာအုပ်စာစောင်များ အလွယ်တကူဖတ်ရှု လေ့လာနိုင်စေရန် စာပေရေချမ်းစင်များ ထားရှိပေးခြင်းလုပ်ငန်းကို ဇွန် ၂၅ ရက်က ဟိုမိန်းမြို့၌ ဆောင်ရွက်ခဲ့ရာ စာပေရေချမ်းစင်အိတ်များကို မြို့ပေါ်ရပ်ကွက်သုံးခုရှိ စာသင်ကျောင်းနှင့် ကားဂိတ်အပါအဝင် လူစည်ကားရာ နေရာများသို့ တစ်ပတ်တစ်ကြိမ် ပြောင်းလဲပြသဆောင်ရွက်ပြီး စာစဉ် ၁၂ မျိုးထားရှိကြောင်း သိရသည်။ **ရဲနောင်(iprd)**

ရန်ကုန်မြို့အတွင်း လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးဆောင်ရွက်

ရန်ကုန် ဇွန် ၂၆

ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့အနေဖြင့် ဓာတ်အားသုံးစွဲသူ မိဘပြည်သူများ လျှပ်စစ်ဗို့အား စဉ်ဆက်မပြတ်ပြည့်ဝစွာရရှိရေး၊ ဓာတ်အားပျောက်ဆုံးမှုပပျောက်ရေးနှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး ဦးတည်ဆောင်ရွက်နေကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ လက်အောက်ရှိ ခရိုင်လေးခုကို တစ်ပြိုင်တည်း ၃၃ ကေဗွီ၊ ၆ ဒသမ ၆ ကေဗွီ၊ ၆၆ ကေဗွီဖြန့်ဖြူးရေး ဓာတ်အားလိုင်းကြိုးများနှင့် မလွတ်ကင်းသော သစ်ပင်များ၏ သစ်ကိုင်းသစ်ခက်များ ခုတ်ထွင် ဖြတ်တောက်ရှင်းလင်းခြင်း စီမံချက်တစ်ရပ်ကို ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့နှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ(ပန်းဥယျာဉ်နှင့် အားကစားကွင်းဌာန)တို့ ပူးပေါင်းကာ ဇွန်လတတိယအပတ်မှ စတင်ဆောင်ရွက်နေကြောင်း အနောက်ပိုင်းခရိုင် အုပ်ချုပ်ရေးမှူး ဦးခိုင်ဇော်ငြိမ်း (လျှပ်စစ်)ထံမှ သိရသည်။

ဇွန် ၂၂ ရက်က ခုတ်ထွင်ဖြတ်တောက်ထားသော သစ်ကိုင်းသစ်ခက် အမှိုက်များကို ခရီးသွားပြည်သူများ စိတ်အနှောင့်အယှက် မဖြစ်စေရေးနှင့် အမှိုက်သိမ်းယာဉ်ဌာန မော်တော်ယာဉ်များ၊ အခြားပြင်ပသယ်ယူပို့ဆောင်ရေး TE မော်တော်ယာဉ်များ စုစည်းကာ ဇွန် ၂၃၊ ၂၄ ရက်တွင် (လျှပ်စစ်/ စည်ပင်)ဝန်ထမ်းအင်အားများက ဘုရင့်နောင်လမ်း၊ အုတ်ကျင်းဘူတာရုံလမ်း၊ ပါရမီလမ်းမတို့၌ ရှင်းလင်းသယ်ယူ ဆောင်ရွက်နေမှုကို ရန်ကုန်အနောက်ပိုင်း ခရိုင်အုပ်ချုပ်ရေးမှူး ဦးခိုင်ဇော်ငြိမ်း (လျှပ်စစ်)နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းမင်း(လျှပ်စစ်)တို့က ကွင်းဆင်းစစ်ဆေးလျက်ရှိကြောင်း သိရပြီး ခရီးသွားများ ပလက်ဖောင်းပေါ်မှ အခက်အခဲမရှိ လျှောက်လှမ်းနိုင်ပြီဖြစ်ကြောင်း သိရသည်။

မျိုးမင်းသိန်း

မုဒုံမြို့တွင် ငှက်ဖျားရောဂါတိုက်ဖျက်ရေးဟောပြော

မော်လမြိုင် ဇွန် ၂၆

မွန်ပြည်နယ် မုဒုံမြို့ မြို့မ (၁)ရပ်ကွက်ဗိုလ်ချုပ်လမ်းရှိ မုဒုံမြို့နယ် ကျန်းမာရေးဦးစီးဌာန ရုံးခန်းမ၌ ဇွန် ၂၀ ရက် မွန်းလွဲ ၁ နာရီက ငှက်ဖျားတိုက်ဖျက်ရေးအကြောင်း ဟောပြောပွဲကျင်းပရာ ဟောပြောပွဲသို့ မြန်မာနိုင်ငံ ဆရာဝန်များအသင်း(ဗဟို)ငှက်ဖျားတိုက်ဖျက်ရေးစီမံကိန်းမှ လက်ထောက်စီမံကိန်း မန်နေဂျာ ဒေါက်တာမျိုးသီရိလွင်၊ မြန်မာနိုင်ငံ ဆရာဝန်များအသင်း(ဗဟို)မှ အကြံပေးဒေါက်တာကျော်စံဝင်း၊ မုဒုံမြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစမ်းလှိုင်နှင့် ကျန်းမာရေးဝန်ထမ်းများ၊ ပြည်သူများ စုစုပေါင်း ၄၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

ဟောပြောပွဲတွင် ဒေါက်တာမျိုးသီရိလွင်က ငှက်ဖျားရောဂါအကြောင်း သိကောင်းစရာများကိုလည်းကောင်း၊ ဒေါက်တာ ကျော်စံဝင်းက ငှက်ဖျားရောဂါအမျိုးအမည်များ အကြောင်းကိုလည်းကောင်း ဆွေးနွေး ဟောပြောခဲ့ကြကြောင်း သိရသည်။

မင်းမဟာ(မော်လမြိုင်)

ပြည်တွင်းသတင်း

ဂျပန်-မြန်မာနှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များဆွေးနွေး

နေပြည်တော် ဇွန် ၂၆

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ဂျပန်-မြန်မာအသင်းဥက္ကဋ္ဌ မစ္စတာဝါတာနာဘေး ဦးဆောင်သောအဖွဲ့အား ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦး၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး၊ ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသည့် ဦးခင်မောင်ထွန်း၊ ဦးခင်မောင်စိုး၊ ဦးဝင်းမြင့်၊ ဦးကြည်ထွန်းဝင်းနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံစဉ် ဂျပန်-မြန်မာနှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**



ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ဂျပန်-မြန်မာအသင်းဥက္ကဋ္ဌ မစ္စတာဝါတာနာဘေး ဦးဆောင်သောအဖွဲ့အား နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်အား မြန်မာနိုင်ငံဆိုင်ရာ ဘရာဇီးသံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် ဇွန် ၂၆

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်အား မြန်မာနိုင်ငံဆိုင်ရာ ဘရာဇီးနိုင်ငံ သံအမတ်ကြီး H.E.Mr.Alcides G.R Prates သည် ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး သံတမန်ဧည့်ခန်းမဆောင်၌ လာရောက်တွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံရာ၌ (၃၂) နှစ်ကြာခဲ့ပြီးဖြစ်သော နှစ်နိုင်ငံသံတမန်ဆက်သွယ်ရေးကဏ္ဍတွင် ပိုမိုတိုးမြှင့်ဆက်ဆံရေး၊ မြန်မာနိုင်ငံ၏ပြုပြင်ပြောင်းလဲရေးကဏ္ဍ(၄)ရပ်တွင် ပူးပေါင်းပါဝင်ဆောင်ရွက်ရေး၊ စီးပွားရေးကျွမ်းကျင်ပညာရှင်များဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းများတွင် အကူအညီပေးရေး၊ ကျန်းမာရေးနှင့် စွန့်ပစ်ပစ္စည်းများအသုံးချမှု အခန်းကဏ္ဍတို့တွင် သင်တန်းများလေ့ကျင့်ပညာပေးရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျောဖုံးမှ

ဥရောပခြေစမ်းခရီးစဉ်သွားရောက်မည့် မြန်မာယူ-၁၉ အသင်းတွင် အုပ်ချုပ်သူ-ဦးစိုးဝင်း၊ နည်းပြချုပ်-ဂဝတ်ဖရိုင်းဒရစ်၊ လက်ထောက်နည်းပြ ဦးညီညီလတ်၊ ဦးသန်းဝေ၊ ဂိုးနည်းပြ ဦးမြကိုမင်း၊ အားကစားသမားများအဖြစ် **ဂိုး**- မျိုးမင်းလတ်၊ သန့်ဇင်ညို၊ စောနေဆန်းဦး၊ **နောက်တန်း**- နန္ဒကျော်၊ နိုင်လင်းထွန်း၊ ဟိန်းနေဆန်း၊ နန်းဝေမင်း၊ ကျော်သူထွန်း၊ လှိုင်မျိုးအောင်၊ ထိုက်ထိုက်အောင်၊ **အလယ်တန်း**- စစ်မုန်း၊ ရွှေဝင်းထွန်း၊ ရန်နိုင်ဦး၊ မျိုးကိုထွန်း၊ အောင်သူ၊ ကျော်မင်း ဦး၊ ချစ်လှအောင်၊ ငြိမ်းချမ်းအောင်၊ စွမ်းထက်အောင်၊ ရန်လင်းအောင်၊ **ရှေ့တန်း**- ရှိုင်းသူရ၊ မောင်မောင်လွင်၊ နန်းမင်းအောင်၊ မောင်မောင်စိုးနှင့် သန်းပိုင်တို့ ပါဝင်ကြသည်။

ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်း

ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း

(၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)

၁၃၇၈ ခုနှစ်၊ လ ရက်

(၂၀၁၆ ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို ပြင်ဆင်သည့်ဥပဒေဟုခေါ်တွင်စေရမည်။

၂။ ပြည်ထောင်စုစာရင်းစစ်ချုပ် ဥပဒေပုဒ်မ ၁၁(ဉ)၏နောက်တွင် (ဎ)ကို အောက်ပါအတိုင်းဖြည့်စွက်ရမည်-

"(ဎ) ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ အစိုးရဌာနများ၊ အစိုးရအဖွဲ့အစည်းများနှင့် နေပြည်တော်ကောင်စီတို့တွင် ပြည်ထောင်စု၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေပါပြဋ္ဌာန်းချက်များအရ နိုင်ငံတော်အရအသုံးစာရင်းများတွင်ဖော်ပြထားခြင်း၊ ရသုံးခန့်မှန်းခြေခွင့်ပြုချက်တွင်ပါဝင်ခြင်းမရှိသော်လည်း ဘဏ်မှငွေထုတ်ကန့်သတ်ချက်ဖြင့် ထုတ်ယူသုံးစွဲရသောအသုံးစရိတ်မျိုးဖြစ်သည့် အပ်ငွေစာရင်းများ၊ ကြိုတင်ထုတ်ပေးငွေစာရင်းများ၊ ယာယီစာရင်းတင်ငွေ၊ အခြားချေးငွေများ၊ လွှဲပို့ငွေစာရင်းများဆိုင်ရာရငွေ၊ ပေးငွေစာရင်းများကို စစ်ဆေးခြင်း၊ စနစ်တကျကြီးကြပ်၊ ထိန်းချုပ်၊ ကွပ်ကဲမှု ရှိ မရှိ စစ်ဆေးခြင်းနှင့် ပြည်ထောင်စုလွှတ်တော်သို့ အစီရင်ခံတင်ပြခြင်း။"

ပြည်သူအများသိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။

ပြည်သူများ သိရှိနိုင်ရန်ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး မင်းလှမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်တိုး (ပြည်သူ့ငွေစာရင်းကော်မတီအတွင်းရေးမှူး)ကတင်သွင်းသော "ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း" ကို ပြည်သူ့လွှတ်တော်တွင် ဆက်လက်ဆောင်ရွက်လျက်ရှိရာ အဆိုပါဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အကြံပြုလိုပါက နေ့စဉ်ထုတ်သတင်းစာများတွင် ကြေညာသည့်နေ့ရက်မှ ရက်သတ္တပတ်နှစ်ပတ်အတွင်း အောက်ဖော်ပြပါ လိပ်စာများသို့ အကြံပြုစာများ ပေးပို့နိုင်ပါသည်-

ပြည်သူ့လွှတ်တော်	လွှတ်တော်ဝင်း၊ ကော်မတီရေးရာဆောင်အမှတ်
ပြည်သူ့ငွေစာရင်းကော်မတီ	(အိုင်-၃)၊ ဖုန်း/ဖက်(စ်) ၀၆၇-၅၉၁၃၆၆
	http://www.pyithuhluttaw.pac.myanmar
	@gmail.com

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန e Visa လုပ်ငန်းဆောင်ရွက်ရန်အတွက် ဆောင်ရွက်မည့်အစီအမံများအားတင်ပြနိုင်ရန် နည်းပညာဆိုင်ရာ ကုမ္ပဏီလုပ်ငန်းရှင်များအား ဖိတ်ခေါ်ခြင်း

၁။ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအနေဖြင့် ကမ္ဘာလှည့်ခရီးသည်များအပါအဝင် မြန်မာနိုင်ငံအတွင်းသို့ တရားဝင် ဝင်ရောက်ကြမည့် နိုင်ငံခြားသား ခရီးသည်များ ပြည်ဝင်ကိစ္စအား ပိုမိုချောမွေ့လျင်မြန်လွယ်ကူစေရေးအတွက် e Visa စနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်လိုပါသဖြင့် လုပ်ငန်းလက်ခံဆောင်ရွက်လိုသော ပြည်ပတွင် တရားဝင်ကုမ္ပဏီ ကျောထောက်နောက်ခံရှိသည့် နည်းပညာဆိုင်ရာ ကုမ္ပဏီများသည် ၂၇-၆-၂၀၁၆ ရက်မှ ၁၆-၇-၂၀၁၆ ရက်အထိ သိရှိလိုက်နာဆောင်ရွက်ရမည့် အသေးစိတ်အချက်အလက်များအား လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ စီမံနှင့်ဘဏ္ဍာဌာနခွဲ၊ စီမံခန့်ခွဲရေးဌာနစု (၁)၊ ရုံးအမှတ် (၄၈)၊နေပြည်တော်တွင် လာရောက်ထုတ်ယူနိုင်ပြီး ၁၆-၇-၂၀၁၆ ရက် ၁၆း၃၀ နာရီ နောက်ဆုံးထား၍ "ညွှန်ကြားရေးမှူးချုပ်၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ ရုံးအမှတ် (၄၈)၊ နေပြည်တော်"ဟု လိပ်မူလျက် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန စီမံနှင့်ဘဏ္ဍာဌာနခွဲ၊ စီမံခန့်ခွဲရေးဌာနစု(၁)၊ ရုံးအမှတ် (၄၈)သို့ ဆောင်ရွက်မည့်လုပ်ငန်းအစီအမံများအား (အိတ်ဖွင့်တင်ပြလွှာ) ဖြင့် တင်ပြနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

၂။ မေးမြန်းစုံစမ်းလိုပါက ညွှန်ကြားရေးမှူး၊ လူဝင်မှုကြီးကြပ်ရေးနှင့် နိုင်ငံသားပြုဌာနခွဲ၊ တယ်လီဖုန်းအမှတ် ၀၆၇-၄၃၁၀၃၆၊ ၀၆၇-၄၃၁၀၃၇ နှင့် စီမံနှင့်ဘဏ္ဍာဌာနခွဲ၊ စီမံခန့်ခွဲရေးဌာနစု(၁)၊ တယ်လီဖုန်းအမှတ် ၀၆၇-၄၃၁၀၂၇ တို့တွင် ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

ဖခင် အမည်မှန်
မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်၊ အထက (ကွမ်ရိုက်)၊ နဝမတန်းမှ မိအေးမြတ်မွန်၏ ဖခင်အမည်မှန်မှာ ဦးဝင်းသူ ၁၀/ ခဆန(နိုင်)၀၆၉၅၅၈ ဖြစ်ပါကြောင်း။
ဦးဝင်းသူ

ပျောက်ဆုံးကြောင်း
ကျွန်တော် မောင်အောင်မျိုးမင်း၏ နိုင်ငံကူးလက်မှတ်အမှတ် MA-577117 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၇၅၁၃၂

အမည်ပြောင်း
ဦးလှငွေး၏သား ရန်ကုန်မြို့၊ အထက(၁) ဒဂုံ၊ နဝမတန်း(H)မှ မောင်ဟိန်းထက်သော်အား မောင်ဟိန်းထက်ဇော်ဟု ပြောင်းလဲခေါ်ပါရန်။
မောင်ဟိန်းထက်ဇော်

နိုင်ငံတကာသတင်း

အစ္စရေးအကျဉ်းထောင်များအတွင်း ပါလက်စတိုင်းကလေး ၂၅၀ ဖမ်းဆီးထား

တဲလ်အဗစ် ဇွန် ၂၆

အစ္စရေးအကျဉ်းထောင်များ၌ ပါလက်စတိုင်းကလေးဖမ်းဆီးထောင်ချမှုမှာ ၂၅၀ အထိ ရှိလာကြောင်း ပါလက်စတိုင်းရှေ့နေတစ်ဦးက ပြောသည်။

အစ္စရေးအစိုးရသည် အခြေချနေထိုင်သူ သုံးဦး ပြန်ပေးဆွဲခံရပြီးနောက် ပါလက်စတိုင်းတို့အား ဖမ်းဆီးမှုများ ဆက်တိုက်ပြုလုပ်လျက်ရှိရာ ကလေးဖမ်းဆီးခံရမှု များပြားလာကြောင်း ဟီဘာမာဆယ်ဟာက ပြောကြားသည်။

အစ္စရေးတပ်ဖွဲ့ဝင်များက ညဥ့်သန်းခေါင်ယံတွင် ပါလက်စတိုင်းကလေးများအား ပြန်ပေးဆွဲဖမ်းဆီးနေခြင်းကို ရှုတ်ချကြောင်း မာဆယ်ဟာက ပြောသည်။ အစ္စရေးတပ်များသည် ကလေးများကို ဖမ်းဆီးပြီး ရိုက်နှက်နေကြောင်း နိုင်ငံတကာကလေးများ အခွင့်အရေးကို ချိုးဖောက်နေကြောင်း ဖြင့်လည်း ၎င်းက ထပ်လောင်းပြောကြားလိုက်သည်။

အစ္စရေးတပ်ဖွဲ့ဝင်များက ဇွန် ၂၂ ရက်က အနောက်ဘက်ကမ်း အယ်လ်ခါလီမြို့မှ ပျောက်ဆုံးသွားသော အခြေချနေထိုင်သူ သုံးဦး ပြန်ပေးဆွဲခံရခြင်းအပေါ် ပါလက်စတိုင်းအများအပြားကို ဖမ်းဆီးလျက်ရှိသည်။

အစ္စရေးသုံးဦး ပြန်ပေးဆွဲခံရမှုအပေါ် ပါလက်စတိုင်းဟားမတ်တို့ လက်ချက်ဟု တဲလ်အဗစ်က စွပ်စွဲခဲ့သည်။ ဟားမတ်တို့က ယင်းစွပ်စွဲချက်ကို ငြင်းဆိုထားသည်။ ဇွန် ၁၂ ရက် နောက်ပိုင်း ဟားမတ်အဖွဲ့ဝင်များနှင့် လွှတ်တော်အမတ်များ အပါအဝင် လူပေါင်း ၄၀၀ ကို ဖမ်းဆီးထားသည်။ ယင်းကဲ့သို့ ဖမ်းဆီးစဉ် အချို့မှာ အစ္စရေးတို့၏ သတ်ဖြတ်မှုကိုခံရသည်ဟု ဆိုသည်။

(ပရက်စ်တီဗွီ)

ယူကရိန်းအစိုးရ၏ အပစ်အခတ်ရပ်စဲရေးအစီအစဉ် ခွဲထွက်ရေးသမားများက မယုံမရဲဖြစ်

ကီယက်ဗ် ဇွန် ၂၆

ယူကရိန်းစစ်ဘက်ရဟတ်ယာဉ်တစ်စင်း အင်္ဂါနေ့က ပစ်ချခံရပြီးနောက် အစိုးရနှင့်ခွဲထွက်ရေးသမားများအကြား အပစ်အခတ်ရပ်စဲရေး ဆော်ဩတိုက်တွန်းမှုအပေါ် သံသယဖြစ်နေသည်။

အပစ်အခတ်ရပ်စဲမှုမရှိသေးကြောင်း ရုရှားလိုလားသော ခွဲထွက်ရေးခေါင်းဆောင် အလက်ဇန္ဒားဘိုရိုဒိုင်းက ပြောကြားလိုက်သည်။ ထို့အပြင် ယူကရိန်းသမ္မတ ပီထရိုပိုရိုချင်ကိုက ခွဲထွက်ရေးသမားများက စည်းကမ်းချိုးဖောက်မှု မရှိလျှင် အပစ်အခတ် ရပ်စဲဖွယ်ရှိကြောင်း သတိပေးပြောကြားလိုက်သည်။

ခွဲထွက်ရေးသမားများက ယူကရိန်းအစိုးရကတင်ပြသော အပစ်အခတ်ရပ်စဲရေး အစီအစဉ်ကို သောကြာနေ့တိုင်အောင် လေ့လာသုံးသပ်သွားရန် တနင်္လာနေ့က သဘောတူထားသည်။

သို့သော်လည်း ခွဲထွက်ရေးသမားများ ထိန်းချုပ်ထားသော ဆလိုဗီယန်မြို့အပြင်၌ Mi-8ရဟတ်ယာဉ်ကို ခွဲထွက်ရေးသမားများက ပစ်ချလိုက်သဖြင့် လိုက်ပါသွားသူ ကိုးဦးသေဆုံးခဲ့ရကြောင်း ယူကရိန်းစစ်ဘက်က ပြောသည်။

လက်နက်ကိုင်ခွဲထွက်ရေးသမားများက ယူကရိန်းအရှေ့ပိုင်းရှိ မြို့ကြီးမြို့ငယ်များ၌ နေအိမ်အဆောက်အအုံများကို ထိန်းချုပ်ထားသည်။ ဧပြီလလယ်ကတည်းက ယူကရိန်းအရှေ့ပိုင်း၌ တိုက်ခိုက်မှုများအတွင်း လူပေါင်း ၄၂၀ ကျော် သေဆုံးခဲ့ကြောင်း ကုလသမဂ္ဂက ပြောသည်။

မစ္စတာပိုရိုချင်ကိုက အစိုးရတပ်များနှင့် ရုရှားလိုလားသူ ခွဲထွက်ရေးသမားများအကြား နှစ်လကျော်ကြာ တိုက်ပွဲဖြစ်ပွားမှု အဆုံးသတ်ရန် အစီအစဉ်တစ်ရပ်အဖြစ် သောကြာနေ့တွင် အပစ်အခတ်ရပ်စဲရန် ကြေညာခဲ့သည်။ သို့သော်လည်း သေနတ်သမားများက ၎င်းကြေညာချက်ထွက်လာပြီးနောက် အစိုးရနေရာ ၁၅ နေရာကို တိုက်ခိုက်မှုများ ပြုလုပ်ခဲ့သည်ဟု အင်္ဂါနေ့ကြေညာချက်တွင် ဖော်ပြသည်။ **(ပရက်စ်တီဗွီ)**

နိုင်ဂျီးရီးယားနိုင်ငံတွင် လူ ၂၁ဦး သေဆုံးခဲ့ရသည့် ဗုံးပေါက်ကွဲမှုဖြစ်ပွား

အဘူဂျာ ဇွန် ၂၆

နိုင်ဂျီးရီးယားနိုင်ငံမြို့တော် အဘူဂျာ၏ လူစည်ကားရာ ဈေးဝယ်စင်တာတွင် ဗုံးပေါက်ကွဲမှု တစ်ခုဖြစ်ပွားရာ အနည်းဆုံး လူ ၂၁ ဦး သေဆုံးခဲ့ပြီး ၅၂ ဦး ထက်မနည်း ဒဏ်ရာရရှိခဲ့သည်ဟု သိရသည်။ ပေါက်ကွဲမှုဖြစ်စဉ်မှာ Wuse နယ်မြေတွင် လူစည်ကားသော ဘန်နက်ပလာဇာအနီး ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ၎င်းပေါက်ကွဲမှုကို မိုင်များစွာ အဝေးကပင်ကြားခဲ့ရပြီး လေထဲသို့ မီးခိုးလုံးများလိမ့်တက်လာသည်ကို တွေ့ရသည်ဟု သိရသည်။

ပေါက်ကွဲမှုနှင့်ပတ်သက်၍ သံသယရှိသူတစ်ဦးကို ဖမ်းဆီးထားပြီးဖြစ်ကာ မည်သည့်အုပ်စု လက်ချက်ကြောင့်ဟု မသိရသေးကြောင်း ရဲတပ်ဖွဲ့က ဆိုသည်။

ပေါက်ကွဲမှုဖြစ်ရာ နေရာနှင့် ကီလိုမီတာ အနည်းငယ်အကွာရှိ ဆေးရုံသို့ ဒဏ်ရာရသူများအား ပို့ဆောင်ပေးခဲ့ကာ ဆေးရုံရှိ ဆရာဝန်များနှင့် သူနာပြုများက မျက်နှာနှင့် ခြေလက်တို့တွင် မီးလောင်ဒဏ်ရာနှင့် ဒဏ်ရာရ လူနာဒါဇင်ကျော်တို့အား ကုသမှုပေးလျက်ရှိသည်။

ဘိုကိုဟာရမ်အုပ်စု အစ္စလာမ္မစ်စစ်သွေးကြွများသည် အဘူဂျာနှင့် နိုင်ဂျီးရီးယားမြောက်ပိုင်းဒေသများကို ပစ်မှတ်ထားကာ မကြာသေးခင်က ဗုံးဖောက်ခွဲမှုများ ပြုလုပ်လျက်ရှိသည်။

ပြီးခဲ့သည့် ဧပြီလက မြို့တော်ဆင်ခြေဖုံးရှိ ဘတ်စ်ကားမှတ်တိုင်တစ်ခုတွင် ဘိုကိုဟာရမ်အုပ်စု လက်ချက်ဟု ယူဆရသော ဗုံးပေါက်ကွဲမှုတစ်ခု ဖြစ်ပေါ်ခဲ့ရာ အနည်းဆုံး လူ ၇၀ ထက်မနည်း သေဆုံးခဲ့ရသည်။ အဆိုပါအုပ်စုသည် ၂၀၁၁ ခုနှစ်ကလည်း နိုင်ဂျီးရီးယား မြို့တော်ရှိ ကုလသမဂ္ဂရုံးအဆောက်အအုံတွင် ကားဗုံးဖောက်ခွဲမှု တစ်ခု ကျူးလွန်ခဲ့ဖူးသည်။

(ဘီဘီစီ)

အာဖဂန်တောင်ပိုင်း၌ ပေါက်ကွဲမှုဖြစ်ပွား လေးဦးဒဏ်ရာရ

ကဘူးလ် ဇွန် ၂၆

အာဖဂန်တောင်ပိုင်း ကန်ဒါဟာမြို့၌ ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ လေးဦးဒဏ်ရာရရှိခဲ့သည်ဟု ဆင်ဟွာသတင်းတွင် ဖော်ပြခဲ့သည်။ ဖြစ်စဉ်မှာ ရှာလိတ်ဒန်းရင်ပြင်၌ နံနက် ၉ နာရီ ၁၅ မိနစ်က ပေါက်ကွဲခဲ့ရာ အရပ်သားနှစ်ဦးနှင့် အာဖဂန်ရဲတပ်ဖွဲ့ဝင်နှစ်ဦး ဒဏ်ရာရရှိခဲ့ပြီး နှစ်ဦးမှာ စိုးရိမ်ရကြောင်း၊ အခင်းဖြစ်ပွားရာနေရာကို လုံခြုံရေးများ ချထားကြောင်း လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြောခဲ့သည်။

အစောပိုင်းစုံစမ်းစစ်ဆေးမှုများအရ အဆိုပါဗုံးကို အဝေးထိန်းကိရိယာဖြင့် ဖောက်ခွဲခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။ စစ်သွေးကြွအုပ်စုများသည် အာဖဂန်တပ်မတော်နှင့် အာဖဂန်နိုင်ငံအတွင်း ဖြန့်ကြက်နေရာချထားသော နေတိုးတပ်ဖွဲ့ဝင်များကို မေလလယ်ကတည်းက ဆန့်ကျင်မှုများ ပြုလုပ်ခဲ့သည်။

အာဖဂန်နိုင်ငံအတွင်း မဟာမိတ်တပ်ဖွဲ့ဝင် ၅၁၀၀၀ ကျော် ဖြန့်ကြက်လျက်ရှိရာ အမေရိကန်ပြည်ထောင်စုအနေဖြင့် လာမည့်နှစ်တွင် ၎င်းတပ်ဖွဲ့ဝင်အင်အား ၁၀၀၀၀ အောက်ထိ လျှော့ချရန် စီစဉ်လျက်ရှိသည်။

(ဆင်ဟွာ)

ခရစ်ယာန်အများစုနေထိုင်ရာဒေသမှ အီရတ်ပြည်သူများ သူပုန်များတိုက်ခိုက်မှုကြောင့် နေအိမ်စွန့်ခွာပြေး

ဘဂ္ဂဒက် ဇွန် ၂၆

အီရတ်နိုင်ငံမြောက်ပိုင်း ခရစ်ယာန်ဘာသာဝင်များ နေထိုင်ရာဒေသ၌ အစ္စလာမ္မစ် သူပုန်များတိုက်ခိုက်မှုကြောင့် ထောင်ပေါင်းများစွာသော အီရတ်ပြည်သူများ နေအိမ်များကို စွန့်ခွာထွက်ပြေးကြရသည်။

အီရတ်အရပ်သား ထောင်ပေါင်းများစွာတို့သည် ဒုက္ခသည်များစခန်း တည်ရှိရာ ကယ်ကွတ်မြောက်ပိုင်းကိုဖြတ်၍ ဗုဒ္ဓဟူးနေ့က အဘီးလ်မြို့အနီး စစ်ဆေးရေးဂိတ်၌ စောင့်ဆိုင်းလျက်ရှိသည်။

တပ်ဖရီစစ်သွေးကြွများက အီရတ်ကာဒစ်ဒေသများကို တွန်းအားပေးတိုက်ခိုက်လာသည်။ ခရစ်ယာန်များနေထိုင်ရာ အဆိုပါဒေသများကို အကြမ်းဖက်သမားများက လက်နက်ကြီးများအသုံးပြုတိုက်ခိုက်ခဲ့သည်။

"ခရစ်ယာန်တွေ နေထိုင်ရာဒေသမှာ ဒုံးကျည်တွေနဲ့ အပစ်ခံရတာ ဒါဟာ ပထမဆုံးအကြိမ်ပါပဲ"ဟု ထွက်ပြေးတိမ်းရှောင်လာသူတစ်ဦးက ပြောသည်။

အဆိုပါသူပုန်များသည် ဇွန် ၁၀ ရက်က အီရတ်နိုင်ငံ၏ ဒုတိယအကြီးဆုံးမြို့ မိုဆူးလ်ကို ထိန်းချုပ်နိုင်ခဲ့သည်။ ယင်းနောက်တွင် ဘဂ္ဂဒက်အနောက်မြောက်ဘက် ၈၇ မိုင်အကွာ တီကရစ်မြို့လည်း ကျဆုံးသွားခဲ့သည်။

အီရတ်တပ်ဖွဲ့ဝင်များ ရှေ့တန်းစခန်းအသီးသီး၌ စစ်သွေးကြွများနှင့် တိုက်ပွဲများဆက်လက်ဖြစ်ပွားလျက်ရှိရာ နေရာအချို့ အီရတ်တပ်ဖွဲ့ဝင်များက ပြန်လည်တိုက်ထုတ်နိုင်ခဲ့သည်။

(ပရက်စ်တီဗွီ)

မူးယစ်ဆေးစွဲ ကုသရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်သွားရန် စီစဉ်လျက်ရှိ မူးယစ်ဆေးဝါးပြဿနာကို ဘက်ပေါင်းစုံအမြင်များဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်

နေပြည်တော် ဇွန် ၂၆

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အခမ်းအနား (International Day Against Drug Abuse and Illicit Trafficking)ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားတွင် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက ယခုနှစ် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့၏ ဦးတည်ချက်နှင့်ပတ်သက်ပြီး ကမ္ဘာ့ကုလသမဂ္ဂနှင့် မူခင်းဆိုင်ရာရုံးမှ ချမှတ်ပေးပို့သော ဆောင်ပုဒ်မှာ **“ မျှော်လင့်ချက်တို့ထားနိုင်ရာ သတင်းစကားလေးတစ်ခုပါ၊ မူးယစ်ဆေးစွဲခြင်းဆိုတာကြိုတင်ကာကွယ်ကုသနိုင်တဲ့အရာ”** (A message of hope:Drug use disorders are preventable and treatable) ဖြစ်ပြီး လူထုအဖွဲ့အစည်းအသီးသီး ပါဝင်ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း။

မူးယစ်ဆေးဝါးပြဿနာကို ရာစုနှစ်ပေါင်းများစွာကပင် ကျန်းမာရေးနှင့် လူမှုစီးပွားပြဿနာတစ်ခုအဖြစ် သတ်မှတ်ထားခဲ့ပြီး ကမ္ဘာ့မူးယစ်ဆေးဝါး အစည်းအဝေးကြီးများတွင် အဓိက Agenda တစ်ခုအဖြစ် ထည့်သွင်းဆွေးနွေးလျက်ရှိကြောင်း မူးယစ်ဗဟိုအဖွဲ့၏ဆောင်ရွက်နေမှုများနှင့် ကမ္ဘာ့မူးယစ်ဆေးဝါးပြဿနာအပေါ် ဖြေရှင်းနိုင်ရေး ချဉ်းကပ်မှုပုံစံများနှင့်ပတ်သက်၍ ၂၀၀၉ ခုနှစ် မတ်လအတွင်းကျင်းပခဲ့သည့် (၅၂)နှစ်မြောက် မူးယစ်ဆေးဝါးကော်မရှင် အစည်းအဝေးတွင် ကမ္ဘာ့မူးယစ်ဆေးဝါးပြဿနာကို ဖြေရှင်းနိုင်ရန် ပေါင်းစပ်ဆောင်ရွက်မှုနှင့် သဟဇာတဖြစ်သော မဟာဗျူဟာတစ်ရပ် ပေါ်ထွက်လာရေး၊ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှု နိုင်ငံရေးကြေညာစာတမ်းနှင့်လုပ်ငန်းစီမံချက်တစ်ရပ်တို့ ရေးဆွဲပြဋ္ဌာန်းကြေညာခဲ့ပါကြောင်း။

လုပ်ငန်းစီမံချက်တွင် အပိုင်းသုံးပိုင်းပါဝင်ပြီး သုံးစွဲမှုလျှော့ချရေးနှင့်ဆက်စပ်လုပ်ငန်းများ၊ ထုတ်လုပ်မှုလျှော့ချရေးနှင့် ဆက်စပ်လုပ်ငန်းများ၊ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုများတွင် တရားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးနှင့် ငွေကြေးခဝါချမှုများ တိုက်ဖျက်ရေးလုပ်ငန်းများကို မြှင့်တင်ဆောင်ရွက်ရေးတို့ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံအနေနှင့် နိုင်ငံတကာ အဖွဲ့အစည်းများဖြစ်သည့် UNODC, WHO,UNAIDS အဖွဲ့များနှင့်ပူးပေါင်းပြီး မူးယစ်ဆေးစွဲကုသမှုနှင့် နောက်ဆက်တွဲ ဆိုးကျိုးဆက်များ လျှော့ချရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်လျက် ရှိပါကြောင်း။

ထုတ်လုပ်မှု လျှော့ချရေးအပိုင်းမှာလည်း လုပ်ငန်းပိုမိုမြှင့်တင်ဖို့အတွက် မူးယစ်တပ်ဖွဲ့စု ၂၆ စု ဖွဲ့စည်းခဲ့ရာမှ ယခုအခါ တပ်ဖွဲ့စု ၅၀ အထိ တိုးချဲ့ဖွဲ့စည်းခဲ့ပြီး မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်မှု အန္တရာယ်မြင့်မားသည့် နယ်မြေများဖြစ်သော ရှမ်းပြည်နယ်တွင် ရွှေလီစစ်ဆင်ရေး၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် သီတာစစ်ဆင်ရေးနှင့် ချင်းတွင်းစစ်ဆင်ရေး၊ မန္တလေးတိုင်းဒေသကြီးတွင် ရတနာပုံစစ်ဆင်ရေးများကို ဆောင်ရွက်နိုင်ခဲ့ပြီး ဖြစ်ပါကြောင်းနှင့် စစ်ဆင်ရေးများ ဆောင်ရွက်ရာတွင်လည်း တားဆီးနှိမ်နင်းရေးအပြင် အသိပညာပေးရေးနှင့် ဆေးဖြတ်လူနာများ လွှဲပို့ရေးလုပ်ငန်းများကိုပါ ဆောင်ရွက်လျက်ရှိပါကြောင်း။

မူးယစ်ဆေးတပ်ဖွဲ့ဝင်များ စွမ်းရည် မြှင့်တင်ရေးအတွက်ကိုလည်း တရုတ်နိုင်ငံသို့ သင်တန်းများ စေလွှတ် တက်ရောက်စေခြင်းနှင့် အမေရိကန် DEA အဖွဲ့နှင့် ပူးပေါင်းပြီး ထိုင်းနိုင်ငံ International Law Enforcement Academy သို့ သင်တန်းများ စေလွှတ်တက်ရောက်လျက်ရှိပါကြောင်း။

ယနေ့ခေတ်ကာလတွင် စိတ်ကြွရူးသွပ်ဆေးဝါးသုံးစွဲမှု၊ ထုတ်လုပ်မှုပြဿနာနှင့် ရင်ဆိုင်နေရပြီး မူးယစ်ဆေးဝါးများချက်လုပ်ရာတွင် အသုံးပြုသည့် ပရီကာဆာဓာတုဗေဒပစ္စည်းများထိန်းချုပ်ရေးကိုလည်း အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း။

တရားမဝင် ရောင်းဝယ်မှုနှင့် လမ်းလွဲရောက်မှုအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် ပရီကာဆာဓာတုပစ္စည်းများ ကြီးကြပ်ရေးကော်မတီကိုဖွဲ့စည်းခဲ့ပြီး နည်းဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကြပ်မတ်ဆောင်ရွက်လျက်ရှိပါကြောင်း။

ဘိန်းစိုက်ပျိုးမှု လျှော့ချရေးအတွက် နှစ်စဉ် UNODC နှင့် ပူးပေါင်း၍ တိုင်းတာရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး ဖွံ့ဖြိုးမှုကို ဦးစားပေးသော မူးယစ်ဆေးဝါးထိန်းချုပ်ရေးလုပ်ငန်းစဉ်များ ဆောင်ရွက်မှုအနေနှင့်လည်း UNODC၊ ထိုင်းနိုင်ငံ ONCB တို့နှင့် ပူးပေါင်းပြီး အစားထိုး ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရှမ်းပြည်နယ်တောင်ပိုင်းနှင့် အရှေ့ပိုင်းတို့တွင် ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် UNODC Country Programme 2014-2017 လေးနှစ်စီမံကိန်းအရလည်း အစားထိုးဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် မူးယစ်ဆေးစွဲကုသရေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်သွားရန် စီစဉ်လျက်ရှိပါကြောင်း။

မူးယစ်ဆေးဝါးမှရရှိသည့် ငွေကြေးများ ထိန်းချုပ်နိုင်ရေးအတွက် ၂၀၀၂ ခုနှစ် တရားမဝင်သောနည်းလမ်းဖြင့်ရရှိသည့် ငွေကြေးပစ္စည်းများထိန်းချုပ်ရေးဥပဒေကို ပြောင်းလဲကာ စီးပွားရေး၊ နိုင်ငံရေးကျင့်သုံးမှုအခြေအနေများ၊ နိုင်ငံတကာ စံနှုန်းများနှင့်အညီ ဖြစ်စေရန် ၂၀၁၄ ခုနှစ် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေကို ၁၄-၃-၂၀၁၄ ရက်တွင် ရေးဆွဲပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါကြောင်း။

တည်ဆဲဥပဒေနှင့်အညီ စုံစမ်းစစ်ဆေးခြင်း၊ ပြစ်ဒဏ်ချမှတ်ခြင်း၊ နိုင်ငံဘဏ္ဍာအဖြစ် သိမ်းယူခြင်းများဆောင်ရွက်လျက်ရှိရာတွင် ငွေကြေးခဝါချမှုပေါင်း ၄၉ မှုကို စုံစမ်းစစ်ဆေးခဲ့ပြီး ၂၂ မှုကို ဖော်ထုတ်အရေးယူခဲ့ရာ နိုင်ငံဘဏ္ဍာအဖြစ် ကျပ်ငွေ ၁၉၉၉၄၁၂ သန်းကို သိမ်းဆည်းနိုင်ခဲ့ပါကြောင်းနှင့် မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါးထိန်းချုပ်ရေး ကဏ္ဍတွင် ကုလသမဂ္ဂ၏ ပြဋ္ဌာန်းချက်မူဘောင်များနှင့်အညီ ကြိုးပမ်းဆောင်ရွက်နေသည်ကို ထင်ရှားပြဆိုနေပါကြောင်း။

အစားထိုး ဓာတုပစ္စည်းများနှင့် စိတ်ပြောင်းဆေးဝါးသစ်များ ပေါ်ထွက်လာမှု၊ စိတ်ကြွဆေးဝါးပြဿနာများ ဆက်လက်ဆိုးရွားလာမှုများကြောင့် နိုင်ငံတော်အနေနှင့် မူးယစ်ဆေးဝါးပပျောက်ရေး ငါးနှစ်စီမံကိန်းကို ၂၀၁၄ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ ဆက်လက်တိုးမြှင့် ဆောင်ရွက်သွားရန် ရေးဆွဲပြဋ္ဌာန်းပြီးဖြစ်ပါကြောင်း။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် ၁၉၉၂ ခုနှစ် ဧပြီ ၁ ရက်က စတင်ဖွဲ့စည်းခဲ့သည့် မူးယစ်ဆေးဝါးပပျောက်ရေးဌာနကို ၂၀၁၃ ခုနှစ် ဩဂုတ်လ ၈ ရက်တွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့အဖြစ် တိုးချဲ့ဖွဲ့စည်းခဲ့ပါကြောင်း။

လက်ရှိ လုပ်ငန်းစွမ်းရည်နှင့် ပြောင်းလဲလာသည့် အခြေအနေများကို အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရန်လည်း အချက်အလက်များ စုဆောင်းခြင်း၊ စောင့်ကြည့်လေ့လာခြင်းလုပ်ငန်းများကိုလည်း တိုးမြှင့်ဆောင်ရွက်သွားရန် လိုအပ်မှာဖြစ်ပါကြောင်းနှင့် မူးယစ်ဆေးဝါးပြဿနာကို တားဆီးနှိမ်နင်းရေးရှုထောင့်၊ ပြည်သူ့ကျန်းမာရေးရှုထောင့်၊ လူမှုစီးပွားရှုထောင့်များမှနေပြီး ဘက်ပေါင်းစုံအမြင်များနှင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် ရန်ကုန်မြို့အခြေစိုက် ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာရုံး ဌာနေကိုယ်စားလှယ် Mr. Jason Eligh က ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ်က ပေးပို့သည့် သဝဏ်လွှာကို ဖတ်ကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကိုကို၊ ဦးဝဏ္ဏမောင်လွင်၊ ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်တို့က အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အလွတ်တန်းပြိုင်ပွဲများဖြစ်သည့် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ဓာတ်ပုံ၊ ကွန်ပျူတာပိုစတာ ပြိုင်ပွဲများမှ ပထမဆုရရှိသူ ခြောက်ဦးတို့အား ဆုများပေးအပ်ချီးမြှင့်ပြီး မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့၏ ဆောင်ရွက်ချက်မှတ်တမ်းဗီဒီယိုပြသသည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဧည့်သည်တော်များသည် ခန်းမအတွင်းခင်းကျင်းပြသထားသည့် ၂၀၁၃ ခုနှစ်အတွင်း မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံများ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ပြိုင်ပွဲ ဗဟိုအဆင့်တွင် ဆုရရှိကြသည့် ကာတွန်း၊ ပန်းချီ၊ ပိုစတာ၊ ကွန်ပျူတာပန်းချီ၊ ကွန်ပျူတာပိုစတာနှင့် ဓာတ်ပုံများကို ကြည့်ရှုလေ့လာကြသည်။

အဆိုပါအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ ဦးဝဏ္ဏမောင်လွင်၊ ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်နှင့် ဒုတိယဝန်ကြီးများ၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့နှင့် မူးယစ်ဗဟို လုပ်ငန်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးအရာရှိများ၊ စစ်သံမှူးများ၊ ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ပြည်တွင်း ပြည်ပအစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ သတင်းမီဒီယာများနှင့်ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အလားတူ မြန်မာနိုင်ငံတစ်ဝန်း၌လည်း မူးယစ်ဆေးဝါးဆန့်ကျင်တိုက်ဖျက်ရေးဆိုင်ရာ အခမ်းအနားနှင့်လှုပ်ရှားမှုများကို ဒေသဆိုင်ရာ မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေး အဖွဲ့များက ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်လျက်ရှိရာ အဆိုပါ အခမ်းအနားတွင် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့မှ ဝန်ကြီးချုပ်များနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာအသီးသီးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်၌ မြန်မာကျပ်ငွေ ၃၂၂၂၆ သန်းတန်ဖိုးရှိ ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်၌ မြန်မာကျပ်ငွေ ၉၄၁၇ သန်းတန်ဖိုးရှိ ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများကိုလည်းကောင်း ရှမ်းပြည်နယ်တောင်ကြီးမြို့၌ မြန်မာကျပ်ငွေ ၈၃၇၇၇ သန်း တန်ဖိုးရှိ ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများကိုလည်းကောင်း နေရာတစ်ခုချင်းစီအလိုက် အသီးသီးမီးရှို့ဖျက်ဆီးခဲ့ပြီး မီးရှို့ဖျက်ဆီးခဲ့သည့် ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ၏ ကာလတန်ဖိုး စုစုပေါင်းမှာ မြန်မာကျပ်ငွေ ၁၂၅၄၂၀ သန်းဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၁၀)မြောက်ရပ်ကွက်၊ ကွေ့မအိမ်ရာ၊ တိုက်G၊ အခန်း ၀၀၁၊ မြေညီထပ်တိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် အမည်ပေါက် ဒေါ်သိန်းသိန်းဝင်း တိုက်ခန်းဖြစ်ပြီး ၎င်းထံမှအရောင်းအဝယ်ကတိစာချုပ် အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်လာသူ ဦးစည်သူဝင်းထံမှကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေအနက်မှ စရန်ငွေအချို့ကို ပေးချေထားပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ယနေ့ကြော်ငြာသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ချက်တစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်ကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအောင်ကျော်မိုး LL.B, D.B.L, D.M.L
တရားလွှတ်တော်ရှေ့နေ (စဉ်-၃၁၉၀/၈၅)

ဦးအောင်မင်းနိုင်(စဉ်-၈၉၂၇)	**ဦးသန့်ဇော်လွင်(စဉ်-၃၈၇၃၁)**	**ဦးရဲဝင်းစိုး(စဉ်-၄၂၀၄၆)**
LL.B,C.B.L, WIPO-DL-101(GENEVA)	**LL.B, D.B.L**	**LL.B**
တရားလွှတ်တော်ရှေ့နေ	**အထက်တန်းရှေ့နေ**	**အထက်တန်းရှေ့နေ**

အမှတ် ၅၆၁၊ ပထမထပ်၊ M.A.C Tower၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ရွှေဘိုခရိုင်၊ ခရိုင်အင်ဂျင်နီယာမှူးရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ယူကြီးကြပ်လျက်ရှိသော ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများဆောင်ရွက်ရန်အတွက် လိုအပ်သည့်အောက်ဖော်ပြပါ တည်ဆောက်ရေးပစ္စည်းများကို မြန်မာငွေ (ကျပ်)ဖြင့် ဝယ်ယူလိုပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
၁။	ကျောက်မျိုးစုံ	၆၀၆၅ ကျင်း
၂။	ဘိလပ်မြေ	၈၁၁ တန်
၃။	သံချောင်းလုံး	၈၅ တန်
၄။	ဂျင်းကျောက်	၄၀၅၅ ကျင်း

၂။ **တင်ဒါတင်သွင်းရမည့် ရက်နှင့်အချိန်** - ၁-၇-၂၀၁၄ ရက်မှ ၇-၇-၂၀၁၄ ရက်အထိ နံနက် ၉း၃၀ နာရီမှ ညနေ ၄း၃၀ နာရီထိ

တင်ဒါစိစစ်ရွေးချယ်ရမည့် ရက်နှင့်အချိန် - သီးခြားအကြောင်းကြားပါမည်။

တင်ဒါစိစစ်ရွေးချယ်ရမည့် နေရာ - ခရိုင်အင်ဂျင်နီယာမှူးရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ရွှေဘိုမြို့

၃။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို ခရိုင်အင်ဂျင်နီယာမှူးရုံးတွင် ၁-၇-၂၀၁၄ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

အသေးစိတ်သိရှိလိုပါက ဖုန်း-၀၇၅-၂၁၀၀၇ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

ထိုင်းနိုင်ငံရောက် မြန်မာရွှေ့ပြောင်းအလုပ်သမားများနှင့်ပတ်သက်၍ ဖတ်မှတ်လေ့လာသိကောင်းစရာ

ကမ္ဘာဦးအစကပင် သက်ရှိသတ္တဝါတို့သည် တစ်နေရာမှ တစ်နေရာသို့ ရေကြည်ရာမြက်နုရာ ရွှေ့ပြောင်းနေထိုင်လာခဲ့ကြပြီး လူတိုင်းသည် ကိုယ့်ဒေသကိုစွန့်ခွာ၍ မသွားလိုကြသော်လည်း အကြောင်းအမျိုးမျိုးကြောင့် ရွှေ့ပြောင်း၍ အလုပ်လုပ်ကိုင်နေကြကာ အဆင်ပြေနေသူများရှိသကဲ့သို့ အဆင်မပြေသူများလည်းရှိကြပါသည်။ ရွှေ့ပြောင်းသွားလာနေထိုင်ကြရာတွင် လုံခြုံစိတ်ချပြီး ဘေးအန္တရာယ်ကင်းရှင်းရန် လိုအပ်ပေသည်။

အလုပ်လုပ်ကိုင်လိုသည့်သူများအား ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်ရန် တွန်းပို့နေသည့် အဓိကအကြောင်းတရားများတွင် လက်ခံနိုင်ငံများ၌ အလုပ်လုပ်ကိုင်သည့်လူဦးရေနည်းပါးပြီးရရှိသည့်လုပ်ခလစာသည် မက်မောစရာဖြစ်နေခြင်းသည် အဓိကဖြစ်ပါသည်။ ပြည်ပနိုင်ငံများသို့ တရားဝင်လမ်းကြောင်းမှ သွားရောက်နေကြသကဲ့သို့ တရားမဝင်လမ်းကြောင်းမှ သွားရောက်နေကြသူများလည်းရှိနေကြပါသည်။ ယင်းသို့အလုပ်သမားအများစုသည် နိုင်ငံခြားသို့သွားရောက်လုပ်ကိုင်ရန် နိုင်ငံကူးလက်မှတ်ရှိလျှင် အဆင်ပြေနိုင်မည်ဟု ထင်မှတ်ကြသော်လည်း သက်ဆိုင်ရာနိုင်ငံ၏ ပြည်ဝင်ခွင့်ဗီဇာနှင့်တရားဝင်အလုပ်လုပ်ကိုင်ခွင့်လက်မှတ် (Work Permit) မရရှိပါက တရားမဝင်သွားရောက် အလုပ်လုပ်ကိုင်မှုကြောင့် အချိန်ကြာလာသည်နှင့်အမျှ ဒုက္ခများနှင့်တွေ့ကြုံနေကြရပါသည်။ ယနေ့အခြေအနေတွင် အလည်အပတ်ဗီဇာ Passport Visit (PV) ဖြင့် အလုပ်သွားရောက်လုပ်နေကြသည့်သတင်းများ ကြားသိနေရ၍ အထူးစိုးရိမ်စရာဖြစ်နေပါသည်။

အထူးသဖြင့် မြန်မာနိုင်ငံသည် ထိုင်းနိုင်ငံနှင့် နယ်နိမိတ်ချင်း ရှည်လျားစွာထိစပ်နေသည့်အားလျော်စွာ အလွယ်တကူသွားရောက်နိုင်သဖြင့် ထိုင်းနိုင်ငံသို့ သွားရောက်အလုပ်လုပ်ကိုင်သူအများအပြားရှိနေပြီး နည်းစနစ်မမှန်ကန်သော နည်းလမ်းအမျိုးမျိုးဖြင့် တရားမဝင်သွားရောက်ရာမှ ဒုက္ခရောက်ရသူများ၊ အကြောင်းမဲ့သေဆုံးသွားသူများလည်း ရှိနေကြပါသည်။ မြန်မာ-ထိုင်းနယ်စပ်ရှိ မြန်မာနိုင်ငံ ကော့သောင်းမြို့မှတစ်ဆင့် ပါချန်မြစ်ကို ဖြတ်ကာ ထိုင်းနိုင်ငံသို့ တရားမဝင်ခိုးဝင်ရာမှ မုန်တိုင်းမိကာ လှေနစ်မြုပ်သေဆုံးရခြင်း၊ ကွန်တိန်နာကားတွင် အလုံပိတ်၍ သွားရာမှ အသက်ရှုကျပ်သေဆုံးရခြင်း၊ တောလမ်းများမှ ခိုးဝှက်၍သွားရခြင်း၊ ပွဲစားများမှတစ်ဆင့် သွားရောက်ရာမှ လူကုန်ကူးခံရခြင်း၊ ပြည့်တန်ဆာအဖြစ် ရောင်းစားခံရခြင်း၊ အလုပ်ရှင်၏ မတရားနှိပ်စက်ညှဉ်းပန်းမှုခံရခြင်း၊ မိမိ၏ရပိုင်ခွင့်လစာများကို ထိန်းချုပ်ထားခံရခြင်းစသည့် ရင်နင့်စရာအဖြစ်အပျက်များကို ရင်ဆိုင်ကြုံတွေ့နေကြရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ထိုင်းနိုင်ငံတွင် သွားရောက်အလုပ်လုပ်ကိုင်လျက်ရှိကြသော အထောက်အထားမဲ့ မြန်မာရွှေ့ပြောင်းအလုပ်သမားများအား အထောက်အထားများ ထုတ်ပေးနိုင်ရေးနှင့် အလုပ်သမားသစ်များ တရားဝင်စေလွှတ်နိုင်ရေးအတွက် မြန်မာ-ထိုင်းနှစ်နိုင်ငံအလုပ်သမားခန့်ထားခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာကို ၂၀၀၃ ခုနှစ် ဇွန်လ ၂၁ ရက်နေ့၌ ချင်းမိုင်မြို့တွင် လက်မှတ်ရေးထိုးခဲ့ကြပြီး ၂၀၀၉ ခုနှစ်မှစ၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့သည်။ နှစ်နိုင်ငံအလုပ်သမားရေးရာ ကျွမ်းကျင်သူများအစည်းအဝေးကို သုံးလတစ်ကြိမ်ခန့်ပြုလုပ်ပြီး ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိသည်။ ထိုင်းနိုင်ငံသို့ သွားရောက်အလုပ်လုပ်ကိုင်လိုသည့် အလုပ်သမားများအနေဖြင့် တရားဝင်လိုင်စင်ရအေဂျင်စီများဖြင့်သာ ဆောင်ရွက်သွားရန်နှင့် ပွဲစားများမှတစ်ဆင့် ဆောင်ရွက်ခြင်းကို မပြုမိကြစေရန် အလွန်အရေးကြီးပါသည်။

ထိုင်းနိုင်ငံသို့ တရားဝင်သွားရောက်အလုပ်လုပ်ကိုင်ရာတွင် အလုပ်ရှင်နှင့် အလုပ်သမားတို့နှစ်ဦးအကြား အလုပ်ခန့်ထားခြင်းဆိုင်ရာ သဘောတူစာချုပ်ချုပ်ဆိုရန်လိုအပ်ပြီး စာချုပ်ချုပ်ဆိုရာတွင် စာချုပ်၌ပါဝင်သည့်စည်းကမ်းသတ်မှတ်ချက်များ၊ လုပ်ငန်းလိပ်စာ၊ အလုပ်အကိုင်အမျိုးအစား၊ အလုပ်ရှင်အမည်၊ လုပ်ခလစာနှင့်အကျိုးခံစားခွင့်များ၊ အလုပ်လုပ်ချိန်၊ ခွင့်ရက်အတွက် ခွင့်ပြုပေးခြင်းများ၊ လုပ်ငန်းတာဝန်များ၊ စာချုပ်သက်တမ်းကုန်ဆုံးမှုစသည့် အသေးစိတ်အချက်အလက်များကို သေချာစွာနားလည်မှသာ လက်မှတ်ရေးထိုးရန်၊ နိုင်ငံကူးလက်မှတ် မိတ္တူ၊ အလုပ်လုပ်ကိုင်ခွင့်ပါမစ်နှင့် ချုပ်ဆိုထားသော စာချုပ်မိတ္တူများ၊ အလုပ်သမားရေးရာပြဿနာပေါ်ပေါက်ပါက ဆက်သွယ်ဖြေရှင်းပေးနိုင်မည့် တာဝန်ယူစေလွှတ်ပေးသည့် အေဂျင်စီ၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံးရှိ အလုပ်သမားသံအရာရှိ၊ ရန်ကုန်မြို့နှင့် နေပြည်တော်တို့ရှိ Complaints Mechanism Centre တို့၏ လိပ်စာ၊ ဖုန်းနံပါတ်များကို သေချာစွာမှတ်သား၍ ယူဆောင်သွားရန်နှင့် မိသားစုထံတွင်လည်းပေးအပ်ထားရန် လိုအပ်ပါသည်။ သို့မှသာ အခက်အခဲတစ်စုံတစ်ရာပေါ်ပေါက်လာပါက ဆက်သွယ်တိုင်ကြားနိုင်မည်ဖြစ်ပါသည်။

ထိုင်းနိုင်ငံသို့ သွားရောက်အလုပ်လုပ်ကိုင်သည့် တချို့သောအလုပ်သမားများသည် ထိုင်းနိုင်ငံမှတစ်ဆင့် မလေးရှားနိုင်ငံသို့ ဝင်ရောက်ရန်နှင့် မိမိ၏ဆွေမျိုးသားချင်းများရှိရာ စက်ရုံ၊ အလုပ်ရုံများတွင် သွားရောက်လုပ်ကိုင်ရန် ရည်ရွယ်၍ သွားရောက်ခြင်းများရှိသဖြင့် ထိုင်းနိုင်ငံသို့ရောက်သည်နှင့် လုပ်ငန်းခွင်မှထွက်ပြေးသွားသည့်ဖြစ်ရပ်များလည်း ရှိနေပါသည်။ နှစ်နိုင်ငံသဘောတူညီချက်ဖြင့် တရားဝင်သွားရောက်အလုပ်လုပ်ကိုင်သည့် အလုပ်သမားများအနေဖြင့် မိမိစာချုပ်ချုပ်ဆိုထားသည့် လုပ်ငန်းခွင်၌သာ လုပ်ကိုင်ရမည်ဖြစ်ပြီး အလုပ်ပြောင်းလဲလုပ်ကိုင်လိုပါက စာချုပ်သက်တမ်းအတိုင်း

■ လူ့သဘာဝအရ မိမိ၏မိသားစုနှင့် ဝေးကွာနေသည့်အချိန်တွင် အခြားနိုင်ငံ၌ မိမိနိုင်ငံသားတစ်ဦးကိုတွေ့ရှိပါက ခင်မင်အားကိုးသွားကြပြီး ယုံကြည်လွယ်၊ အားနာလွယ်သဖြင့် မြန်မာလူမျိုးအချင်းချင်း လိမ်လည်ခံရခြင်း၊ လူကုန်ကူးမှုခံရခြင်း၊ ခြိမ်းခြောက်ခံရခြင်း၊ လူသတ်ပစ္စည်းလုယူခံရခြင်းများလည်း ဖြစ်ပွားလျက်ရှိနေသဖြင့် အထူးသတိပြုရန်လိုအပ်

အလုပ်လုပ်ကိုင်ရန်လိုအပ်သလို ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံးရှိအလုပ်သမားသံအရာရှိထံအကြောင်းကြား၍ အလုပ်ရှင်နှင့်ညှိနှိုင်းပြီး အလုပ်ရှင်မှ အလုပ်လွှဲပြောင်းခွင့်လျှောက်လွှာတွင် လက်မှတ်ရေးထိုးပေးမှသာ အခြားသော အလုပ်ရှင်များသို့ပြောင်းရွှေ့လုပ်ကိုင်နိုင်မည်ဖြစ်ပါသည်။

အလုပ်သမားများသည် သွားရောက်ခြင်းမပြုမီက မိမိနှင့်မိမိ၏ မိသားစုဘဝ ရှေ့ရေးများတိုးတက်အဆင်ပြေစေရန်ရည်ရွယ်၍ သွားရောက်ကြခြင်းဖြစ်သော်လည်း တချို့သောအလုပ်သမားများသည် ရောက်ရှိပြီးသည်နှင့် မိမိကုန်ကျခဲ့သည့်ကုန်ကျစရိတ်များအတွက် ချေးငှားခဲ့သောငွေကြေးများ၊ မိမိ၏

M.K.O(IC)

မိသားစုများအား မေ့လျော့သွားပြီး သောက်စားမူးယစ်ပျော်ပါးကာ လောင်းကစားခြင်းများပြုလုပ်ကြပြီး မြန်မာလူမျိုးအချင်းချင်း ခိုက်ရန်ဖြစ်ပွားလူသတ်မိသဖြင့် ဖမ်းဆီးခံရခြင်း၊ အရက်ဆိုင်တွင် အရက်ဝယ်ရာမှ ထိုင်းနယ်မြေခံများနှင့် ခိုက်ရန်ဖြစ်ခဲ့ပြီး လုပ်ငန်းခွင်အတွင်း ပစ္စည်းများဖျက်ဆီး၍ တုတ်၊ ဓားလက်နက်ကိုင်ဆောင်သဖြင့် ထိုင်းရဲများ၏ ဖမ်းဆီးခြင်းခံခဲ့ရကာ ဆက်လက်အလုပ်လုပ်ကိုင်ရန် ရေရှည်တွင် မဖြစ်နိုင်တော့သဖြင့် အလုပ်ရှင်မှ ပြန်လည်ပို့ဆောင်ခြင်းစသည့် ဖြစ်စဉ်များဖြစ်ပွားလျက်ရှိနေပါသည်။

လူ့သဘာဝအရ မိမိ၏မိသားစုနှင့်ဝေးကွာနေသည့်အချိန်တွင် အခြားနိုင်ငံ၌ မိမိနိုင်ငံသားတစ်ဦးကိုတွေ့ရှိပါက ခင်မင်အားကိုးသွားကြပြီး ယုံကြည်လွယ်၊ အားနာလွယ်သဖြင့် မြန်မာလူမျိုးအချင်းချင်းလိမ်လည်ခံရခြင်း၊ လူကုန်ကူးမှုခံရခြင်း၊ ခြိမ်းခြောက်ခံရခြင်း၊ လူသတ်ပစ္စည်းလုယူခံရခြင်းများလည်း ဖြစ်ပွားလျက်ရှိနေသဖြင့် အထူးသတိပြုရန် လိုအပ်ပါသည်။ တစ်စုံတစ်ရာ အခက်အခဲပေါ်ပေါက်ပါက မိမိအား တာဝန်ယူစေလွှတ်သည့် လိုင်စင်ရအေဂျင်စီကို ဦးစွာဆက်သွယ်အကြောင်းကြားအသိပေးပြီး ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံးနှင့် အလုပ်သမားသံအရာရှိတို့ထံ ဆက်သွယ်အကူအညီတောင်းခံနိုင်ပါသည်။

မြန်မာအလုပ်သမားများအား တာဝန်ယူစေလွှတ်သည့် လိုင်စင်ရအေဂျင်စီများအနေဖြင့်လည်း မိမိစေလွှတ်ထားသည့်အလုပ်သမားများအား မိမိ၏အကျိုးစီးပွားအတွက်သာမကြည့်ဘဲ မိမိ၏မိသားစုဝင် ညီ၊ ညီမ သားသမီးများကဲ့သို့ သဘောထားကာ လုံခြုံစိတ်ချရသောလုပ်ငန်းခွင်သို့သာ စေလွှတ်ပေးရန်နှင့် အလုပ်သမားပြဿနာတစ်စုံတစ်ရာပေါ်ပေါက်ပါက အလုပ်သမားသံအရာရှိနှင့်ပူးပေါင်း၍ အချိန်နှင့်တစ်ပြေးညီ ဖြေရှင်းပေးရန် လိုအပ်ပါသည်။

ထို့အပြင် ထိုင်းနိုင်ငံတွင် ရောက်ရှိအလုပ်လုပ်ကိုင်လျက်ရှိသည့် ပြည်ဝင်ခွင့်ဗီဇာသက်တမ်းလေးနှစ်ပြည့် အလုပ်သမားများအနေဖြင့်လည်း နှစ်နိုင်ငံညှိနှိုင်းချက်များအရ အထောက်အထားများ ထုတ်ပေးနေသည့် လုပ်ငန်းစဉ်ကို နိုင်ငံတော်က မူဝါဒများချမှတ်၍ ဘက်ပေါင်းစုံမှဆောင်ရွက်ပေးလျက်ရှိရာ ထိုင်းနိုင်ငံတွင်းဖွင့်လှစ်ဆောင်ရွက်ပေးနေသည့် One Stop Services Centre များအနေဖြင့်လည်း အချိန်အတိုင်းအတာတစ်ခုအထိသာ ဖွင့်လှစ်ဆောင်ရွက်နိုင်မည်ဖြစ်သဖြင့် နိုင်ငံတော်၏ စေတနာကို အလေးထားကာ အမြန်ဆုံးသွားရောက်လုပ်ကိုင်ရန် လိုအပ်ပါသည်။

ယခုအခါ ထိုင်းနိုင်ငံ၌ တပ်မတော်မှအာဏာသိမ်းယူခဲ့ပြီးနောက် နိုင်ငံရေးအခြေအနေအရ ယင်းနိုင်ငံတွင် အကြောင်းအမျိုးမျိုးကြောင့် ရောက်ရှိအလုပ်လုပ်ကိုင်နေသည့်အထောက်အထားမဲ့ နိုင်ငံခြားသားရွှေ့ပြောင်းအလုပ်သမားများအားဖမ်းဆီး၍ သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်ပို့ဆောင်လျက်ရှိကြောင်း သတင်းများဖြစ်ပေါ်လျက်ရှိသော်လည်း အထောက်အထားပြည့်စုံစွာရှိသည့် မြန်မာအလုပ်သမားများအား ဖမ်းဆီးခြင်းမပြုကြောင်း ထိုင်းနိုင်ငံရှိ အဆင့်မြင့်တာဝန်ရှိသူများက အာမခံကတိပေးထားပြီးဖြစ်သဖြင့် စိုးရိမ်ပူပန်စရာမလိုဘဲ စိတ်အေးချမ်းသာစွာ အလုပ်လုပ်ကိုင်နိုင်ပါသည်။ အထောက်အထားပြည့်စုံစွာရှိသည့် မြန်မာအလုပ်သမားများ ဖမ်းဆီးခံရသည့် သတင်းများရရှိပါက ထိုင်းနိုင်ငံဆိုင်ရာမြန်မာသံရုံးနှင့် အလုပ်သမားသံအရာရှိတို့သို့ အချိန်နှင့်တစ်ပြေးညီ သတင်းပေးပို့ရန် လိုအပ်သလို နိုင်ငံတော်အစိုးရအနေဖြင့်လည်း ကူညီရန်အမြဲအသင့်ရှိနေပါသည်။

ဘုန်းတော်ကြီးသင်ပညာရေး အထက်တန်းကျောင်းခွဲဖွင့်

စစ်ကိုင်း ဇွန် ၂၆

စစ်ကိုင်းတောင်ရိုးတွင် ဖွင့်လှစ်ထားသည့် ဗုဒ္ဓဘာသာပညာရေးစင်တာမှ ဘုန်းတော်ကြီး အခမဲ့ပညာရေးကျောင်းဖွင့်လှစ်သင်ကြားလျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီးကိုယ်စားပြုဘုန်းတော်ကြီးသင် ပညာရေးအထက်တန်းကျောင်း(ခွဲ)ကို ဇွန်တတိယပတ်က တရားဝင်ဖွင့်ခွင့်ရပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ စစ်ကိုင်းတိုင်းဒေသကြီးကိုယ်စားပြု ဘုန်းတော်ကြီးသင် ပညာရေးတွဲဖက်အထက်တန်းကျောင်းဖွင့်ပွဲအခမ်းအနားကို စစ်ကိုင်းမြို့ IBEC ဗုဒ္ဓဘာသာပညာရေးစင်တာကျောင်းတိုက်၌ကျင်းပရာ တိုင်းဒေသကြီး IBEC ကျောင်းအုပ်ဆရာတော် ဘဒ္ဒန္တသောဘိတနှင့် နာယကဆရာတော်များ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စားတိုင်းဒေသကြီးသာသနာရေးဝန်ကြီး ဦးတင်ဝင်း၊ မြို့နယ် လွှတ်တော်ကိုယ်စားလှယ်ဦးစိန်ဂဲ၊ ခရိုင်ပညာရေး ဒုတိယညွှန်ကြားရေးမှူး ဦးမင်းဦး၊ ခရိုင်သာသနာရေး ဒုတိယညွှန်ကြားရေးမှူး ဦးစိုးမိုးကျော်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးမြင့်ဆွေ၊ စစ်ကိုင်းမြို့ အခြေခံပညာအထက်တန်းကျောင်း သုံးကျောင်းမှ ကျောင်းအုပ်ဆရာမကြီးတို့က တက်ရောက်ကြပြီး ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြသည်။

ထို့နောက် ၂၀၁၃-၂၀၁၄ ပညာသင်နှစ်တက္ကသိုလ်ဝင် စာမေးပွဲတွင် ကျောင်းသား ကျောင်းသူ ၃၇ ဦး ထူးချွန်စွာ အောင်မြင်ခဲ့သော လေးဘာသာဂုဏ်ထူးရှင် နှစ်ဦး၊ သုံးဘာသာဂုဏ်ထူးရှင်သုံးဦး၊ နှစ်ဘာသာဂုဏ်ထူးရှင်သုံးဦး၊ တစ်ဘာသာဂုဏ်ထူးရှင်လေးဦးနှင့် အောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ခဲ့ကြသည်။

တင်မောင်(မန္တလေး-ကိုယ်ပွား)

ဦးဆောင်ဆွေးနွေးမည့်မြန်မာပညာရှင်များ ဖိတ်ခေါ်

ရန်ကုန် ဇွန် ၂၆

(၁၅)ကြိမ်မြောက် အင်္ဂလိပ်ဘာသာသင်ကြားရေးနှီးနှောဖလှယ်ပွဲတွင် ဦးဆောင်ဆွေးနွေးလိုသော မြန်မာနိုင်ငံသား သင်ကြားရေး ပညာရှင် ဆရာ ဆရာမများအား ဖိတ်ခေါ်ထားကြောင်း ဗြိတိသျှကောင်စီ (မြန်မာ)၏ ထုတ်ပြန်ချက်အရ သိရသည်။ နှီးနှောဖလှယ်ပွဲကို စက်တင်ဘာ ၁၃ ရက်နှင့် ၁၄ ရက်များ၌ ရန်ကုန်မြို့ဆီဒိုးနားဟိုတယ်၌ ကျင်းပမည်ဟု သိရသည်။

ယခုနှစ်အဓိကအကြောင်းအရာ (Theme) မှာ "Engage:Making Teaching and Learning More Engaging for All" ဖြစ်ကြောင်း သိရသည်။ နှီးနှောပွဲ၏ အဓိကအကြောင်းအရာကို နိုင်ငံခြားသားပညာရှင်တစ်ဦးက အဖွင့်သဘောဦးဆောင်ဆွေးနွေးခြင်းဖြင့် စတင်မည်ဖြစ်ကာ မြန်မာနိုင်ငံနှင့် နိုင်ငံတကာ ပညာရှင်များက Parallel Workshop များ ကျင်းပသွားမည်ဟု သိရသည်။ လူအားလုံးစိတ်ဝင်တစားပါဝင်နိုင်ရန် ဆွဲဆောင်နိုင်မည့်နည်းလမ်းများကို ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဖိတ်ခေါ်လွှာများကို www.myanmar-network.net နှင့် http://wwwbritishcouncil.org.mm/call-for workshop-proposals တို့မှ download ရယူနိုင်ပြီး ဖြည့်ပြီးသောဖိတ်ခေါ်လွှာများကို yangon 2014@mmbritish-council.org သို့အီးမေးလ်ဖြင့် ဇူလိုင် ၁၁ ရက်မတိုင်မီပြန်လည်ပေးပို့ရမည်ဖြစ်ပြီး ဗြိတိသျှကောင်စီမှ ဇူလိုင် ၁၈ ရက်မတိုင်မီ ပြန်လည်အကြောင်းကြားပေးမည်ဟုသိရသည်။ တက်ရောက်လိုသူများအတွက်လည်း ဗြိတိသျှကောင်စီ အီးမေးလ် enquiries@mmbritishcouncil.org နှင့် ဖုန်း-၂၅၄၆၅၈ နှင့် ဖုန်း-၂၅၆၂၉၀ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

မြတ်စန္ဒီသင်းဇော်

လွှတ်တော်ရေးရာကဏ္ဍ

❇ ပြည်သူ့လွှတ်တော်မှ

မြန်မာနိုင်ငံအနေဖြင့် မိမိအလုပ်သမားများ ပြည်ပနိုင်ငံများသို့ တရားဝင် သွားရောက်နိုင်ရေးအတွက် အလေးထား ဆောင်ရွက်ပေးလျက်ရှိရာ ထိရောက်သည့် အကာအကွယ်ပေးနိုင်ရန်၊ ဘေးအန္တရာယ်ကင်းရှင်းစွာ ရွှေ့ပြောင်းသွားလာနိုင်ရန်နှင့် ရသင့် ရထိုက်သည့် အခွင့်အရေးများကို သက်ဆိုင်ရာနိုင်ငံ၏ ဥပဒေများနှင့်အညီ ရရှိခံစားစေနိုင်ရန်အတွက် အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာနက စနစ်တကျ ကြပ်မတ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

လက်ရှိအချိန်တွင် မြန်မာနိုင်ငံအနေဖြင့် ပြည်ပ၌ အလုပ်အကိုင်ကြီးကြပ်ရေး ကော်မတီနှင့် လုပ်ငန်းကော်မတီများကို ဖွဲ့စည်းထားပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ရွှေ့ပြောင်းအလုပ်သမားများအတွက် စနစ်ကျသည့် မူဝါဒများကို ချမှတ်၍ အလုပ်သမားရေးရာကိစ္စရပ်များကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနအနေဖြင့် မြန်မာရွှေ့ပြောင်းအလုပ်သမားများအား ပြည်ပသို့ တရားဝင်သွားရောက်စေနိုင်ရေးနှင့် သွားရောက်မည့် အလုပ်သမားများအတွက် သက်ဆိုင်ရာနိုင်ငံ၏ ဥပဒေနှင့်အညီ ခံစားခွင့်ရရှိရေး၊ အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ပေးရေးတို့ကို ဆောင်ရွက်ပေးလျက်ရှိပြီး ပြည်ပနိုင်ငံများသို့ သွားရောက်မည့် မြန်မာရွှေ့ပြောင်းအလုပ်သမားများအတွက်

ဒုတိယဝန်ကြီး ဦးထင်အောင် ဖြေကြားစဉ်။ (သတင်းစဉ်)

ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ အသိပညာပေးခြင်း လုပ်ငန်းများကို International Labour Organization(ILO)၊ International Organization For Migration (IOM) စသည့် Non-Governmental Organizations (NGOs၊ International Non-Governmental Organizations(INGOs) များနှင့် United Nations (UN) တို့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကာ သတင်းမီဒီယာများမှာလည်း အသိပညာပေးမှုများကိုထုတ်လွှင့်ခြင်း၊ လက်ကမ်းစာစောင်များဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ယခုအချိန်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံဘက်က မြန်မာအလုပ်သမားများ တရားဝင် အလုပ်လုပ်ကိုင်ရေးနှင့်ပတ်သက်၍ ကမ်းလှမ်းခြင်းမျိုးမရှိသေးသည့်အတွက် မြန်မာနိုင်ငံမှအလုပ်သမားများသည် အိမ်နီးချင်းတရုတ်ပြည်သူ့ သမ္မတနိုင်ငံသို့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ တည်ဆဲလုပ်ထုံးလုပ်နည်းများနှင့်အညီ ရက်ရှည်နေထိုင်ခွင့်မရှိသည့် ယာယီနယ်စပ်ဖြတ်ကျော် သွားရောက်ခွင့်လက်မှတ်နှင့်သာ သွားရောက်နေကြပြီး တစ်ဦးချင်းအနေဖြင့် သူတို့၏ အထောက်အထား စာရွက်များကို နိုထရီပြုလုပ်ကာ အလုပ်သွားရောက်လုပ်ကိုင်သူများသာရှိပါကြောင်း။

နောင်တစ်ချိန်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံဘက်က မြန်မာနိုင်ငံမှ အလုပ်သမားများကို တရားဝင်ခေါ်ယူရန် ကမ်းလှမ်းမှုများ ပြုလုပ်လာပါက မလေးရှားနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံများနည်းတူ နားလည်မှု စာချွန်လွှာ (MoU) ရေးထိုးကာ မြန်မာရွှေ့ပြောင်း အလုပ်သမားများအား ပြည်ပအလုပ်အကိုင်ဆိုင်ရာ ဥပဒေနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ တည်ဆဲ အလုပ်သမားဥပဒေနှင့်အညီ

မူဆယ်မဲဆန္ဒနယ်မှ ဦးစိုင်းဘိုးအောင် မေးမြန်းစဉ်။ (သတင်းစဉ်)

ဆောင်ရွက်နိုင်မည် ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းဖြေကြားခဲ့သည်။

ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးမြင့်စိုး၏ **ရန်ကုန်-မန္တလေးအဝေးပြေးလမ်းမကြီးတွင် ယာဉ်တိမ်းမှောက်မှုများ၊ ကားမီးလောင်မှုများနှင့် ယာဉ်များအားလုယက်ကြံစည်မှုများ မကြာခဏ ကြုံတွေ့ရသည့်အတွက် ထိုလမ်းမကြီးအား နိုင်ငံတကာအဆင့်မီ ပြုပြင်ရန် အစီအစဉ်ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်က ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးအား နိုင်ငံတကာအဆင့်မီ ပြုပြင်ရန် နည်းပညာနှင့် ငွေကြေးအကူအညီတို့ကို နိုင်ငံခြားမှရယူ၍ ပြင်ဆင်ရန် အမေရိကန်၊ ဂျပန်၊ ကိုရီးယားနိုင်ငံတို့နှင့် နည်းပညာ၊ ငွေကြေးအကူအညီများ ရရှိရေးအတွက် ဆွေးနွေးလျက်ရှိပါကြောင်း၊ ယာဉ်မောင်းများ၊ ယာဉ်နောက်လိုက်များ၊ ခရီးသည်များအား မတော်တဆမှုများ ကင်းရှင်းရေးအတွက် လိုက်နာရမည့်စည်းကမ်းများကို ထုတ်ပြန်ခြင်း အသိပေးခြင်းနှင့် မော်တော်ယာဉ်နည်းဥပဒေတို့နှင့်အညီ ပညာပေး၊ အရေးယူဆောင်ရွက်လျက်ရှိပါကြောင်း။

အမြန်လမ်းမကြီးတစ်လျှောက် ယာဉ်အန္တရာယ်ကင်းရှင်းရေး၊ ခရီးသွားပြည်သူများ လုံခြုံချောမွေ့စွာ သွားလာနိုင်ရေးအတွက် အမြန်လမ်း ရဲတပ်ဖွဲ့အား ဖွဲ့စည်းပြီး စည်းကမ်းချက်များ သိရှိလိုက်နာရေးအတွက် ယာဉ်မောင်း၊ ယာဉ်နောက်လိုက်၊ ခရီးသည်၊ အနီးပတ်ဝန်းကျင်ကျေးရွာများမှ ရပ်မိရပ်ဖများအား အသိပညာပေးဟောပြောလျက် ရှိပါကြောင်း။

ယာဉ်ကြံ့ခိုင်မှု စစ်ဆေးခြင်းအနေဖြင့် (ဝါယာရိန်း၊ စတီယာရင်၊ ယာဉ်အောက်ပိုင်း၊ တာယာ) များ ကောင်းမွန်ခြင်းရှိ/မရှိကို တိုးဂိတ်များတွင် စုပေါင်းအဖွဲ့များဖြင့် ပုံမှန်စစ်ဆေးဆောင်ရွက်လျက် ရှိပါကြောင်း၊ ယာဉ်မီးလောင်လျှင် ငြိမ်းသတ်ရန် မီးသတ်ဆေးဘူးများ ဆောင်ထားရန်ညွှန်ကြားဆောင်ရွက်လျက်ရှိပါကြောင်း၊ အမြန်လမ်း ရဲစခန်း ၁၅ ခုမှာ အရက်မူးတိုင်းကိရိယာများဖြင့် ပြစ်မှုကျူးလွန်သူများကို စစ်ဆေးအရေးယူဆောင်ရွက်လျက်ရှိပြီး သတ်မှတ်မိုင်နှုန်းထက်ပိုမောင်းသည့်ယာဉ်များကို အရေးယူရန် အရှိန်းတိုင်းကိရိယာဖြင့် စစ်ဆေး အရေးယူခြင်းများ ဆောင်ရွက်လျက်ရှိပါကြောင်း။

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတွင် မတော်တဆထိခိုက်မှုများဖြစ်ပါက အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုပေးရန်အတွက် လူနာတင်ယာဉ်များနှင့် ဆရာဝန်များ၊ ကျွမ်းကျင်သူနာပြုများကို မိုင် ၄၀ အပိုင်းအခြားအလိုက် ထားရှိနိုင်ရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနနှင့်ပေါင်းစပ်ပြီး ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ရှင်းလင်းဖြေကြားခဲ့သည်။ **(သတင်းစဉ်)**

❐ အမျိုးသားလွှတ်တော်မှ

စစ်မှုထမ်းကောင်းတံဆိပ်ချီးမြှင့်ခြင်း၊ သင်္ဂဟ တံဆိပ်ချီးမြှင့်ငွေ လစဉ်ချီးမြှင့်ခြင်း၊ ဘွဲ့ထူးဂုဏ်ထူးချီးမြှင့်ငွေ၊ စစ်မှုထမ်းများဘုတ်အဖွဲ့ ပညာသင်ထောက်ပံ့ ကြေးနှင့် ဆေးကုသခွင့်တို့ကို ဆောင်ရွက်ပေးပါကြောင်း။

ထို့အတူ ကိုယ်လက်အင်္ဂါ စွန့်လွှတ်ပြီး အမြဲတမ်းဆေးအဆင့်နိမ့်အီး အေ (၁/၂) စစ်မှုထမ်းများအတွက် အဆင့်တိုးမြှင့်ပေးခြင်း၊ အငြိမ်းစားဆုကြေး၊ စစ်မှုထမ်းသက် အငြိမ်းစားလစာ၊ ကရုဏာကြေး၊ အထူးမစွမ်းမသန်မှု အငြိမ်းစားလစာနှင့် အမြဲတမ်း ကူဖော်စရိတ်ချီးမြှင့်ခြင်း၊ စစ်မှုထမ်းကောင်း တံဆိပ်ချီးမြှင့်ခြင်း၊ သင်္ဂဟတံဆိပ်ချီးမြှင့်ငွေနှင့် ဘွဲ့ထူးဂုဏ်ထူးချီးမြှင့်ငွေချီးမြှင့်ခြင်း၊ ပြည်သူ့သားကောင်းတံဆိပ်၊ စစ်မှုထမ်းများ ဘုတ်အဖွဲ့ပညာသင်ထောက်ပံ့ကြေးနှင့် ဆေးကုသခွင့်များကို ဆောင်ရွက်ပေးပါကြောင်း။

ထို့အပြင် တိုက်ပွဲကျဆုံး/သေဆုံးအရာရှိ/ စစ်သည်များ၏ ကျန်ရစ်သူမိသားစုများအတွက် နိုင်ငံတော်က သေဆုံးမှုဆုကြေး၊ ကရုဏာကြေး၊ အိမ်ထောင်စုဝင် အထူးအငြိမ်းစားလစာ၊ ကလေးစရိတ်၊ ပညာသင်စရိတ်နှင့် စစ်မှုထမ်းဘုတ်အဖွဲ့ ပညာသင်ထောက်ပံ့ကြေးချီးမြှင့်ခြင်း၊ စစ်မှုထမ်းကောင်းတံဆိပ်ချီးမြှင့်ခြင်း၊ သင်္ဂဟတံဆိပ် ချီးမြှင့်ငွေလစဉ်ချီးမြှင့်ခြင်း၊ ဘွဲ့ထူးဂုဏ်ထူးချီးမြှင့်ငွေ၊ သားသမီးငါးဦးအထက် ထောက်ပံ့ငွေ ခံစားခွင့်ပြုခြင်းနှင့် ဆေးကုသခွင့်တို့ကို ဆောင်ရွက်ပေးပါကြောင်း။

တပ်မတော်က သက်ပြည့်အငြိမ်းစားနှင့် အကြောင်းအမျိုးမျိုးကြောင့် နုတ်ထွက်ခွင့်ရသူများအတွက် နေထိုင်ခွင့် လျှောက်ထားတင်ပြလာပါက မြေနေရာချထားရေး ဘုတ်အဖွဲ့ဖြင့်စိစစ်၍ မြေနေရာနှင့် နေအိမ်များချထားပေးလျက်ရှိရာ ၁၉၈၇ ခုနှစ်မှ ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီအထိ စစ်မှုထမ်းဟောင်းအိမ်ရာ ၇၅၂ လုံး နေရာချထားပေးခြင်း၊ အစိုးရဌာနများနှင့် မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက်/မြန်မာ့စီးပွားရေး ကော်ပိုရေးရှင်းတို့တွင် အလုပ်အကိုင်များနှင့် နေရာချထားပေးခြင်း၊ တပ်မတော် အထွေထွေသက်သာချောင်ချိရေး ရန်ပုံငွေမှ ထောက်ပံ့ပေးခြင်း၊ တက္ကသိုလ်ဝင်စာမေးပွဲများတွင် ထူးချွန်စွာအောင်မြင်သော သား၊ သမီးများအား ဆုချီးမြှင့်ခြင်း၊ ထူးချွန် ကျောင်းသားကျောင်းသူများအား နိုင်ငံခြားသို့ လေ့လာရေးခရီး စေလွှတ်ပေးခြင်းနှင့် အသက်မွေးဝမ်းကျောင်း တက္ကသိုလ်ပညာသင်ဆု ချီးမြှင့်ခြင်းတို့ကို ဆောင်ရွက်ပေးပါကြောင်း။

ထို့အတူ ကိုယ်လက်အင်္ဂါ စွန့်လွှတ်ပြီး အမြဲတမ်းဆေးအဆင့်နိမ့်အီးအေ (၁/၂) စစ်မှုထမ်းများအတွက် အစိုးရဌာနများနှင့် မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက်၊ မြန်မာ့စီးပွားရေး ကော်ပိုရေးရှင်းတို့တွင် အလုပ်အကိုင် နေရာချထားပေးခြင်း၊ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်တွင် အစုရှယ်ယာများထည့်ဝင်ပေးခြင်း၊ ၂၀၀၄ ခုနှစ်မှ ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၂၁ ရက်အထိ တိုင်းစစ်ဌာနချုပ်နယ်မြေအလိုက် ဆေးအဆင့်နိမ့် အီးအေ (၁/၂)များအတွက် စစ်မှုထမ်းဟောင်း အိမ်ရာ ၂၅၇၈ လုံးကို ဆောက်လုပ်နေရာချထားပေးခြင်း၊ တပ်မတော် အထွေထွေသက်သာချောင်ချိရေးရန်ပုံငွေမှ ထောက်ပံ့ခြင်း၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်သော သား၊ သမီးများအား ဆုချီးမြှင့်ခြင်း၊ ထူးချွန်သောကျောင်းသား ကျောင်းသူများအား နိုင်ငံခြားသို့ လေ့လာရေးခရီးစေလွှတ်ပေးခြင်း၊ အသက်မွေးဝမ်းကျောင်းတက္ကသိုလ် ပညာသင်ဆုချီးမြှင့်ခြင်းနှင့် အသက်မွေးမှုအတတ်ပညာများ သင်ကြားပေးခြင်းတို့ ဆောင်ရွက်ပေးပါကြောင်း။

ထို့အပြင် တိုက်ပွဲကျဆုံး၊ သေဆုံးအရာရှိ၊ စစ်သည်များ၏ ကျန်ရစ်သူမိသားစုများအတွက် အစိုးရဌာနများနှင့် မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက်၊ မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းတို့တွင်အလုပ်အကိုင် နေရာချထားပေးခြင်း၊ ကျဆုံးအရာရှိ/စစ်သည်များ၏ ကျန်ရစ်သူမိသားစုများအတွက် ရွှေပေါက် ကံမြို့သစ် မြေကွက် (၆၂၃) ကွက်ဖော်ထုတ်၍ မြေနေရာချထားပေးခြင်းနှင့် တပ်မတော်အထွေထွေ သက်သာချောင်ချိရေးရန်ပုံငွေမှ ထောက်ပံ့ပေးခြင်းတို့ကို ဆောင်ရွက်ပေးပါကြောင်း။

အလားတူ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့မှ သက်ပြည့်အငြိမ်းစားယူ နုတ်ထွက်ခွင့်ရရှိသူများ၊ ကိုယ်လက်အင်္ဂါစွန့်လွှတ်ပြီး အမြဲတမ်းဆေးအဆင့်နိမ့် အီးအေ (၁/၂) စစ်မှုထမ်းများနှင့် တိုက်ပွဲကျဆုံး/ သေဆုံးအရာရှိ /စစ်သည်များ၏ ကျန်ရစ်သူ မိသားစုများအတွက် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့အနေဖြင့် အသက်(၇၅နှစ်) အထက် စစ်မှုထမ်းဟောင်းအဖွဲ့

ဒုတိယဝန်ကြီးဗိုလ်ချုပ်ကျော်ညွန့် ဖြေကြားစဉ်။ (သတင်းစဉ်)

ဝင်များအား ထောက်ပံ့ပေးခြင်း၊ နာရေးထောက်ပံ့ခြင်း၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ သား၊ သမီးများအတွက် တက္ကသိုလ်၊ ကောလိပ်ပညာသင် ထောက်ပံ့ကြေးနှင့် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရရှိသော ကျောင်းသား ကျောင်းသူများအား ထောက်ပံ့ပေးခြင်း၊ ခြေတုလက်တုများ တပ်ဆင်ပေးခြင်းတို့ကို ဆောင်ရွက်ပေးပါကြောင်း။

မသန်မစွမ်း ဖြစ်သွားသော တပ်မတော်သားများနှင့် သေဆုံးသော သို့မဟုတ် ကျဆုံးသော တပ်မတော်သားများ၏ မိသားစုများအား ထောက်ပံ့စောင့်ရှောက်ရေးဥပဒေကို ထုတ်ပြန်ထားပြီးဖြစ်သည့်အပြင် အဆိုပါဥပဒေကို လက်တွေ့ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် နည်းဥပဒေ ထုတ်ပြန်နိုင်ရေးကိုလည်း ဆက်လက် ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။

ထို့နောက် လွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော **"ရွေ့လျားနိုင်သော ပစ္စည်းကိရိယာများနှင့် လေယာဉ်ပစ္စည်းကိရိယာ သီးသန့်ကိစ္စရပ်များဆိုင်ရာ နိုင်ငံတကာ အကျိုးစီးပွားများဥပဒေကြမ်း"** အား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို အသိပေးတင်ပြပြီး ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် ဥပဒေကြမ်းကော်မတီဝင်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော **"အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"** ကို အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်များပါဝင်သော အစီရင်ခံစာကို ဖတ်ကြားတင်သွင်းသည်။

ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

အစည်းအဝေးတွင် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈) မှ ဒေါက်တာခင်မောင်လေး၏ **"အခြေခံပညာကျောင်းအားလုံးတွင် ကျောင်းကျန်းမာရေးလုပ်ငန်းများ ပိုမိုထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် သန့်ရှင်းသော သောက်ရေနှင့်သုံးရေ လုံလောက်စွာရရှိရေး နိုင်ငံတော်မှ စီမံကိန်းများ ချမှတ်ဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆို"** ကိုလွှတ်တော်ကိုယ်စားလှယ်များက ထောက်ခံဆွေးနွေးကြသည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၀)မှ ဦးအုန်းတင်က နိုင်ငံတော်အစိုးရအနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ် (၅) ရပ်အနက် သန့်ရှင်းသော သောက်သုံးရေလုံလောက်စွာရရှိရေးကို အဓိကလုပ်ငန်းတစ်ရပ်အနေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်ကို တွေ့မြင်ရပါကြောင်း၊ အလားတူ ကျန်းမာရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ ကျောင်းကျန်းမာရေးလုပ်ငန်းစဉ် (၅) ရပ်ဖြစ်သည့်ကျောင်းနှင့် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းရေး၊ ကျောင်းကျန်းမာရေး စစ်ဆေးရေးနှင့် ကုသရေး၊ ရောဂါကာကွယ်ရေး၊ ကျောင်းကျန်းမာရေးဆိုင်ရာ ပညာပေးလုပ်ငန်း

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဖုန်းမြင့်အောင် မေးမြန်းစဉ်။ (သတင်းစဉ်)

နှင့် ကျောင်းတွင်း အာဟာရဖွံ့ဖြိုးရေးနှင့် အစားအစာများ အန္တရာယ်ကင်းဝေးရေးတို့ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ဆေးရုံ၊ ဆေးပေးခန်းများရှိသည့် မြို့ပြဒေသနှင့် ကျေးရွာများတွင် အဆင်ပြေချောမွေ့သော်လည်း ဆေးရုံ၊ ဆေးပေးခန်းများနှင့် အလှမ်းကွာဝေးသည့် ကျေးလက်ဒေသများတွင် များစွာခက်ခဲလျက်ရှိပါကြောင်း။

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရသည့် အခြေခံအကြောင်းအရာများ များစွာရှိသော်လည်း တစ်နိုင်ငံနှင့် တစ်နိုင်ငံ မတူညီနိုင်ပါကြောင်း၊ သို့သော်လည်း ကျန်းမာရေးစောင့်ရှောက်မှုကောင်းမွန်ခြင်းနှင့် ပညာရည်မြင့်မားခြင်းဟူသည့် တူညီသော အချက်နှစ်ချက်ရှိပါကြောင်း၊ ကျန်းမာရေးစောင့်ရှောက်မှု ကောင်းမွန်ခြင်းနှင့် ပညာရည်မြင့်မားခြင်းတို့သည် တစ်ခုနှင့်တစ်ခု အပြန်အလှန်မှီခို ဆက်စပ်လျက်ရှိပါကြောင်း၊ ထို့အတူ နိုင်ငံတော်၏ လူမှုရေးဦးတည်ချက် (၄)ရပ်တွင်လည်း တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးဆိုသည့် အချက်ပါဝင်ပါကြောင်း။

ထို့ကြောင့် ကျောင်းနေအရွယ်ကလေးငယ်များသည် ကျန်းမာရေးကောင်းမွန်မှ ဉာဏ်ရည်ဉာဏ်သွေး တိုးတက်ကောင်းမွန်မည်ဖြစ်သောကြောင့် ကျောင်းနေအရွယ်ကလေးများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းကိုနိုင်ငံတော်မှအထူးအလေးပေး ဆောင်ရွက်ရန် လိုအပ်ပါကြောင်းဖြင့် ထောက်ခံဆွေးနွေးသည်။

တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးတင်ရှိန်က ရေသန့်အလွယ် တကူဝယ်ယူရရှိနိုင်သော မြို့ပြရှိအခြေခံပညာကျောင်းများတွင်ဖြစ်စေ၊ ရေသန့်အလွယ်တကူ ဝယ်ယူမရရှိနိုင်သော ကျေးလက်ဒေသများရှိ အခြေခံပညာကျောင်းများတွင်ဖြစ်စေ ရေကိုကျိုချက်၍ ရေနွေးကြမ်းအဖြစ်သောက်သုံးသည့် ဓလေ့တစ်ခု ပြန်လည် ပေါ်ထွန်းလာမည်ဆိုပါက ကျောင်းဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအနေဖြင့် သန့်ရှင်းသော သောက်ရေကို သောက်သုံးနိုင်မည့်အပြင် လက်ဖက်ခြောက်၏ ကျန်းမာရေးကောင်းမွန်စေသည့် အကျိုးကျေးဇူးများကိုပါ ရနိုင်မည်ဖြစ်သောကြောင့် အခြေခံပညာကျောင်းများတွင် ရေနွေးကြမ်းတိုက်ကျွေးသည့် စနစ်တစ်ခုဖြစ်ပေါ်လာနိုင်ရေး ဝန်ကြီးဌာနမှ ဆောင်ရွက်ပေးနိုင်ပါရန် အကြံပြု တင်ပြအပ်ပါကြောင်းဖြင့် ဆွေးနွေးသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ၂၁ ရက်အတွင်းပြန်လည်ဖြေရှင်းဆွေးနွေးနိုင်သည့်အတွက် ၂၁ ရက်စောင့်ဆိုင်းပြီးမှသာ အဆိုနှင့်စပ်လျဉ်း၍ အဆုံးအဖြတ်ရယူမည်ဖြစ်ကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကြေညာပြီး အစည်းအဝေးကိုရပ်နားလိုက်သည်။ **(သတင်းစဉ်)**

ပြည်တွင်းသတင်း

မြန်မာ့နိုင်ငံရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုကိစ္စရပ်နှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ဖွဲ့စည်းမှုဆိုင်ရာကိစ္စရပ်များ ဆွေးနွေး

နေပြည်တော် ဇွန် ၂၆

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးအား အမေရိကန်နိုင်ငံခြားရေး ဝန်ကြီးဌာန ဒီမိုကရေစီ၊ လူ့အခွင့်အရေးနှင့် အလုပ်သမားရေးရာဆိုင်ရာ လက်ထောက်နိုင်ငံခြားရေးဝန်ကြီး Mr. Tom Malinowski ဦးဆောင်သော အဖွဲ့သည် ယနေ့နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရုံး ဧည့်ခန်းမဆောင်၌ လာရောက်တွေ့ဆုံသည်။ **(ယာပုံ)**

ဆွေးနွေး

ထိုသို့တွေ့ဆုံရာ၌ မြန်မာ့နိုင်ငံရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုကိစ္စရပ်များ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ဖွဲ့စည်းမှုဆိုင်ရာ ကိစ္စရပ်များ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများ လွတ်လပ်စွာဥပဒေနှင့်အညီ စုဝေးဟောပြောခွင့်နှင့် မဲဆွယ်စည်းရုံးခွင့်ဆိုင်ရာကိစ္စရပ်များ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေမှု အခြေအနေများ၊ ကြားဖြတ်ရွေးကောက်ပွဲနှင့် ၂၀၂၀ ခုနှစ်တွင် ကျင်းပမည့် ရွေးကောက်ပွဲများကို လွတ်လပ်၍ တရားမျှတပြီး ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည့် အခြေအနေများ၊ ပြည်တွင်း ပြည်ပ Observer များအား လာရောက်လေ့လာခွင့်ပြုသွားမည့် ကိစ္စရပ်များ၊ နိုင်ငံတကာ ရွေးကောက်ပွဲများသို့ သွားရောက်လေ့လာခဲ့မှုများ၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တက်ရောက်

ယင်းသို့တွေ့ဆုံရာ၌ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသော ဦးမြင့်နိုင်၊ ဦးအောင်မြင့်၊ ဒေါက်တာဒေါ်မြင့်ကြည်၊ ဦးဝင်းကြည်၊ ဦးညွန့်တင်၊ ဦးဝင်းကို၊ အတွင်းရေးမှူး ဦးတင်ထွန်းနှင့် ကော်မရှင်ရုံးမှ တာဝန်ရှိသူများ၊ ဧည့်သည် လက်ထောက်နိုင်ငံခြားရေးဝန်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး မစ္စတာဒဲရစ်မစ်ချယ်တို့ တက်ရောက်ခဲ့ကြသည်။

(သတင်းစဉ်)

✻ *ကျောဖုံးမှ*

တာဝန်ရှိသူများကို ရခိုင်ပြည်နယ်ဒေသဖွံ့ဖြိုးမှုနှင့် ပတ်သက်ပြီး ရှေ့ဆက်လုပ်ဆောင်မည့် လုပ်ငန်းများနှင့်ပတ်သက်၍ မြန်မာ့အလင်းသတင်းအဖွဲ့က တွေ့ဆုံမေးမြန်းခဲ့သည်များကို ထုတ်နုတ်တင်ပြလိုက်ပါသည်။

ဗိုလ်ချုပ်မောင်မောင်အုန်း (ပြည်ထောင်စုအဆင့် အရေးပေါ်ပေါင်းစပ်ညှိနှိုင်းရေးစင်တာ ဒုတိယ ဥက္ကဋ္ဌ)

"ဒီနေ့လုပ်တဲ့အစည်းအဝေးက အဓိကကတော့ ရခိုင်ပြည်နယ်ကို အမြန်ဆုံး ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ပေးမယ့် အစည်းအဝေးလို့

ဗိုလ်ချုပ်မောင်မောင်အုန်း
(ပြည်ထောင်စုအဆင့် အရေးပေါ်ပေါင်းစပ်ညှိနှိုင်းရေးစင်တာ ဒုတိယဥက္ကဋ္ဌ)

ပြောလို့ရပါတယ်။ အထူးသဖြင့် လုံခြုံရေး၊ စီးပွားရေး၊ လူမျိုးရေး၊ ဘာသာရေးနဲ့ ဘက်ပေါင်းစုံဖွံ့ဖြိုးစေဖို့ကို အဓိကထား ဆွေးနွေးညှိနှိုင်းတာဖြစ်ပါတယ်။ သတ်မှတ်ထားတဲ့ စံနှုန်းနဲ့အညီ နိုင်ငံသားတိုင်းရဲ့ အမျိုးသားအကျိုးစီးပွား၊ နိုင်ငံတကာစံနှုန်းများနဲ့ ဖွဲ့စည်းပုံ အခြေခံဥပဒေတို့ကို လိုက်နာပြီး ရခိုင်ဒေသဖွံ့ဖြိုးမှုကို လုပ်ဆောင်သွားမှာပါ။ အခုလိုလုပ်ဆောင်တဲ့အခါမှာလည်း အဲဒီဒေသမှာ မှီတင်းနေထိုင်ကြတဲ့ တိုင်းရင်းသားများရဲ့ ဆန္ဒနဲ့အညီ လုပ်ဆောင်ပေးသွားမှာဖြစ်ပါတယ်။ အဲဒီလို ရခိုင်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်တွေကို ယခုလက်ရှိအစိုးရကျန်ရှိနေတဲ့ကာလအတွင်းမှာ အားသွန်ခွန်စိုက် အကောင်အထည်ဖော်ဆောင်ရွက်မှာပါ။ စောင့်ကြည့်ပါလို့လဲ ပြောချင်ပါတယ်။"

"ရခိုင်ပြည်နယ် ဖွံ့ဖြိုးဖို့အတွက် အမှန်တကယ် ဖြစ်သင့်ဖြစ်ထိုက်တဲ့ လုပ်ငန်းတွေကို အကောင်အထည်ဖော်စေချင်လို့ နိုင်ငံတော်က ဒီနှစ်ဘတ်ဂျက်မှာ ၁၅ ဘီလီယံကျော် သုံးစွဲဖို့လည်း လျာထားပါတယ်။ ကျွန်တော့်အနေနဲ့ ရခိုင်ပြည်နယ်အတွင်းမှာရှိတဲ့ ဒေသခံပြည်သူတွေကို ဆွဲတင်နိုင်သလောက် ဆွဲတင်ပေးသွားမှာပါ။ ဒေသခံတိုင်းရင်းသားပြည်သူတွေရော အားလုံးစည်းစည်းလုံးလုံးနဲ့ ပါဝင်လာမယ်ဆိုရင် ရခိုင်ပြည်နယ်ကြီးဟာ ဒီတစ်နှစ်ခွဲအတွင်းမှာ အမြင့်ဘက်ကို လုံးဝရောက်ရှိလာမှာဖြစ်ပါတယ်" ဟု ဗိုလ်ချုပ်မောင်မောင်အုန်းက ပြောကြားသည်။

ရခိုင်ပြည်နယ် မြေပုံမြို့နယ်တွင် ၁၉၈၂ ခုနှစ် နိုင်ငံသားဥပဒေဖြင့် နိုင်ငံသား ဖြစ်သင့်ဖြစ်ထိုက်သူများကို စစ်ဆေးကြပ်မတ်လျက်ရှိပြီး နိုင်ငံသားဖြစ်ခွင့် လျှောက်ထားနိုင်သူများကို ပွင့်လင်းမြင်သာစွာ လုပ်ဆောင်ပေးလျက်ရှိကြောင်း သိရသည်။ ထို့အပြင် UN အဖွဲ့အစည်းများ၊ ပြည်နယ်အစိုးရနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန စသည်တို့က ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဘက်စုံ အကောင်အထည်ဖော် ပေးလျက်ရှိကြောင်း သိရ သည်။

ဒေါ်ခင်စောဝင်း (ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်)

"ကျွန်မအနေနဲ့ လွှတ်တော်ကာလဖြစ်ပေမယ့် ရခိုင်ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်တွေကို အကောင်အထည်ဖော် လုပ်ဆောင်မယ့် ဒီအစည်းအဝေးကို မဖြစ်မနေ လာရောက်တက်တာ ဖြစ်ပါတယ်။ ကျွန်မတို့ ရခိုင်ပြည်နယ်အတွက် ဝန်ကြီးချုပ်ဖြစ်လာမယ့် ဗိုလ်ချုပ်မောင်မောင်အုန်း ပြောတဲ့အတိုင်း သက်ဆိုင်ရာ ဝန်ကြီးဌာနတွေဖြစ်တဲ့ ပြည်ထဲရေး၊ လဝက စတဲ့ဌာနတွေသာမက ဒေသခံပြည်သူတွေအနေနဲ့လည်း ဒီလုပ်ငန်းစဉ်တွေမှာ ပါဝင်လာမှ ဒီလုပ်ငန်းကြီးဟာ ရည်ရွယ်ချက်အတိုင်းအောင်မြင်မှာ ဖြစ်ပါတယ်။ အခုဆိုရင် ရခိုင်ပြည်နယ် ပဋိပက္ခကလည်း ကြာနေပြီဖြစ်တော့ ရခိုင်ပြည်နယ်တိုးတက်မှုဟာ နှောင့်နှေးနေတာတွေ့ရတယ်။ အဲဒါကို ဘယ်လိုဖြေရှင်းမလဲ။ တစ်ဦးတစ်ယောက်တည်းဖြေရှင်းလို့မရဘူး။ အစောတုန်းကပြောသလို ဌာနပေါင်းစုံလည်းပါရမယ်။ ရခိုင်လူမျိုးတွေလည်း အမြင်ကျယ်ရတော့မယ်။ ဘာကြောင့်လဲဆိုတော့ ကိုယ့်ပြည်နယ်ကြီးဟာ ဒီလောက်နိမ့်ကျနေတာ ဘာကြောင့်လဲဆိုတာစဉ်းစားရမယ်။ တိုင်းပြည်တစ်ပြည်ရဲ့ ပြည်နယ်တစ်ခု၊ ဒေသတစ်ခုလုံခြုံရေးဟာ အလွန်အရေးကြီးပါတယ်။ လုံခြုံရေးမကောင်းရင် အဲဒီဒေသရဲ့စီးပွားရေးလည်း ဘယ်လိုမှမကောင်းနိုင်ဘူး။ အခုလာမယ့် ဒီဇင်ဘာလမှာဆို ရခိုင်ပြည်နယ် စစ်တွေ၊ ပုဏ္ဏားကျွန်း၊ ရသေ့တောင်ဒေသတွေကို မီးပေးမယ်လို့ သိရတယ်။ မီးရတာနဲ့ စက်မှုဇုန်တွေတည်ဆောက်၊ လုပ်ငန်းတွေ၊ စီးပွားရေး အဆောက်အအုံတွေ အကောင်အထည်ဖော်ပြီ ဆိုရင် အခြားနေရာဒေသတွေကို အလုပ်အကိုင် သွားရောက်လုပ်ကိုင်တဲ့ လူငယ် ရခိုင်မျိုးဆက်သစ်လေးတွေ ပြန်လာပြီး ကိုယ့်ပြည်နယ်မှာ ပြန်လုပ်ရမယ်။ အဲဒီလို တစ်စတစ်စ ဖွံ့ဖြိုးတိုးတက်လာမှ ပြည်နယ်တစ်ခုလုံး အရှိန်အဟုန်မြင့် တိုးတက်လာမှာဖြစ်ပါတယ်" ဟု ပြောကြားခဲ့သည်။

ရခိုင်ပြည်နယ်တွင် မြို့နယ်ပေါင်း ၁၇ မြို့နယ် ပါဝင်ဖွဲ့စည်းထားပြီး ဘူးသီးတောင်၊ မောင်တောမြို့နယ်များတွင် ဒေသခံရခိုင်တိုင်းရင်းသားနေထိုင်မှုမှာ အလွန်နည်းပါးနေသည်။

ဒေါ်ခင်စောဝင်း
(ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်)

ဒေသခံ ရခိုင်တိုင်းရင်းသားနေထိုင်မှုမှာ ဘူးသီးတောင်တွင် သုံးရာခိုင်နှုန်းသာရှိပြီး မောင်တောမြို့နယ်တွင်လည်း ရခိုင်တိုင်းရင်းသားများမှာ နှစ်ရာခိုင်နှုန်းသာရှိကြသည်။ ရခိုင်ပြည်နယ် ၁၇ မြို့နယ်အတွင်း အဆိုပါဒေသများမှာ ဘင်္ဂါလီလူမျိုးများ များပြားပြီး အမ်း၊ တောင်ကုတ်နှင့် မာန်အောင်မြို့များတွင် ဘင်္ဂါလီလူမျိုးများ နေထိုင်မှုလုံးဝမရှိကြောင်း သိရသည်။

ကိုတင်ထူးအောင် (ရခိုင်အမျိုးသားကွန်ရက် ဥက္ကဋ္ဌ)

"ဒီအစည်းအဝေးမှာ သက်ဆိုင်ရာလူကြီးတွေအနေနဲ့ ကျွန်တော်တို့ ရခိုင်ဒေသဖွံ့ဖြိုးရေးကို အဓိကထားလုပ်ဆောင်ပေးဖို့ ပြောဆိုဆွေးနွေးသွားတာတွေ့ရတယ်။ လက်တွေ့အကောင်အထည်ပေါ် မပေါ်တော့ စောင့်ကြည့်ရဦးမှာပါ။ ကျွန်တော်တို့ ရခိုင်ဒေသအနေနဲ့ ဘယ်ဝန်ကြီးချုပ် တက်တာ မတက်တာထက် ကျွန်တော်တို့ ရခိုင်လူထုရဲ့အကျိုးစီးပွားကို ဘယ်လောက် သယ်ပိုးဆောင်ရွက် ပေးနိုင်မလဲဆိုတာ အဓိကကျတယ်။ ပြီးတော့ ဒုတိယအချက်က အခုရောက်လာမယ့် ဝန်ကြီးချုပ်အသစ်အနေနဲ့ ပြင်ပကဝင်ရောက်လာသူတွေနဲ့ ဌာနေ တိုင်းရင်းသားတွေကြားမှာ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင် သွားလာဖို့ကို နိုင်ငံတကာက ဖိအားပေးတဲ့အပေါ်မှာ ဘယ်လိုအကောင်းဆုံး ဖြေရှင်းဆောင်ရွက်ပေးသွားနိုင်မလဲ ဆိုတဲ့အချက်ဟာ စိန်ခေါ်မှုတွေပဲ။ ဒေသဖွံ့ဖြိုးမှုတော်တော်များများ လုပ်သွားဖို့ အစီအစဉ်တွေရေးဆွဲ ထားတာတော့ တွေ့ရပါတယ်" ဟု ရခိုင်အမျိုးသား ကွန်ရက်ဥက္ကဋ္ဌ ဦးတင်ထူးအောင်က ပြောကြားခဲ့သည်။

နိုင်ငံတော်အစိုးရအနေဖြင့် ကျန်ရှိသက်တမ်းကာလအတွင်း ရခိုင်ဒေသအများအပြားကို ဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော် လုပ်ဆောင်သွားမည် ဖြစ်သည်။ အထူးသဖြင့် ကျောက်ဖြူစီးပွားရေးဇုန်ကြီးကို အကောင်းဆုံး အကောင်အထည်ဖော်မည်ဖြစ်ပြီး ပုဏ္ဏားကျွန်းတွင်လည်း စက်မှုဇုန်ကြီးတည်ဆောက်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဒေါ်စောခင်တင့် (ရခိုင်စာပေနှင့် ယဉ်ကျေးမှုအဖွဲ့ ဥက္ကဋ္ဌ- ရန်ကုန်)

ရခိုင်ဒေသမှာရှိတဲ့ ပညာရေးကို ဘယ်လိုတိုးတက်အောင်လုပ်မလဲ။ ရခိုင်ပြည်နယ်ဒေသအချို့ ကလေးတွေရော၊ အမျိုးသမီးတွေပါ စာသင်ကြားမှုမရှိကြဘူး။ ဒါတွေကို ဘယ်လိုလုပ်ဆောင် ပေးသွားမလဲ။ အခြားအချက်တွေလည်း ရှိတယ်။ အခုဆို မြေပုံမြို့မှာ ၁၉၈၂ ဥပဒေအရ နိုင်ငံသားစိစစ်ရေးကို စတင်အကောင်အထည်ဖော် ဆောင်ရွက်နေပြီ။ လုပ်ပြီဆိုရင်တော့ အနည်းနဲ့အများ အခက်အခဲတော့ရှိမှာပဲ။ ဒါပေမယ့် ဥပဒေအတိုင်းလုပ်ရင် အားလုံးကို ဖြေရှင်းလို့ရတယ်။ ဘယ်သူကနိုင်ငံသားလဲ။ ဘယ်သူက နိုင်ငံသားအဖြစ် ခံယူခွင့်ရမှာလဲ။ ဘယ်သူတွေက အရေးယူခံရမယ့်သူတွေလဲ။ အဲဒါတွေကို သိသိသာသာ ခွဲခြားသိမြင်လာအောင် သူတို့ကိုလည်းပြောပြရမယ်။ နိုင်ငံတော်ကလည်း တကယ်တိတိကျကျ လုပ်ဆောင်ဖို့လိုနေပြီ။ အဲဒီလိုအသေးစိတ်ကအစ လုပ်ဆောင်မှ ဒီရခိုင်ဒေသရဲ့ ပြန်လည်ဖွံ့ဖြိုးတိုးတက်မှုဟာ အရှိန်ကောင်းလာမှာ။ ပြီးတော့ အခုလို ပြုလုပ်တဲ့ပွဲတွေမှာ တက်တဲ့သူတွေအနေနဲ့ ကျန်ခဲ့တဲ့ ရခိုင်လူမျိုးတွေကို နိုင်ငံတော်အစိုးရဘက်က ဘာပြောတယ်။ ဘာတွေလုပ်ဆောင်ပေးမယ်။ ငါတို့ ရခိုင်တိုင်းရင်းသားတွေက အလေးထား ပူးပေါင်းဆောင်ရွက်ရမယ့် အချက်တွေက ဘာတွေဆိုတာကို ပြန်ပြော၊ ပြန်ချပြဖို့ လိုပါတယ်။ တကယ်တော့ ဒေသခံ တိုင်းရင်းသားတွေကို ပြန်ပြောပြမှ အားလုံးပါဝင်လာကြမှာ။ ဒါမှ ဒီရခိုင်ဒေသက အမြန်ဆုံး ဖွံ့ဖြိုးတိုးတက်မှာဖြစ်တယ်" ဟု ပြောကြားသွားခဲ့သည်။

(မြန်မာ့အလင်း)

ပြန်ကြားရေးဝန်ကြီးဌာန၏ နိုင်ငံတော်ပြုပြင်ပြောင်းလဲမှုများအား တတိယအဆင့် အရှိန်မြှင့်တင်မှုလုပ်ငန်းစဉ်များ ဆွေးနွေးပွဲကျင်းပ

နေပြည်တော် ဇွန် ၂၆

ပြန်ကြားရေးဝန်ကြီးဌာန၏ နိုင်ငံတော် ပြုပြင်ပြောင်းလဲမှုများအား တတိယအဆင့် (Third Wave) လုပ်ငန်းစဉ်များ ဆွေးနွေးပွဲကို ယနေ့မွန်းတည့် ၁၂ နာရီက နေပြည်တော် ပြန်ကြားရေးဝန်ကြီးဌာနရှိ စုပေါင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ နေပြည်တော်ကောင်စီနယ်မြေ၊ ပဲခူးတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကရင်ပြည်နယ်မှ သံတောင်မြို့နယ်၊ ဘောကလီမြို့နယ်ခွဲ၊ မန္တလေးတိုင်းဒေသကြီးမှ မိတ္ထီလာခရိုင်၊ ရမည်းသင်းခရိုင်နှင့် ပျော်ဘွယ်မြို့နယ်များအတွင်းရှိ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ဝန်ထမ်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်က နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲမှုများအား တတိယအဆင့် အရှိန်မြှင့်တင်မှု (Third Wave) လုပ်ငန်းစဉ်များကို ဝန်ကြီးဌာနအတွင်း အောက်ခြေအဆင့်ထိ ပါဝင်ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ ယင်းသို့ ဆောင်ရွက်ရာတွင် အဆင့်လိုက် တာဝန်သိမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုများနှင့်အညီ လုပ်ကိုင်ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊ ဝန်ထမ်းများ စွမ်းဆောင်ရည်မြင့်မားအောင် ဆွေးနွေးပွဲများ၊ သင်တန်းများ ပိုမိုလုပ်ဆောင်ပေးသွားမည်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနအတွင်း e-Government မဖြစ်မနေ အကောင်အထည်ဖော်ရေး ၊ ဗဟိုချုပ်ကိုင်မှုလျှော့ချရေးနှင့် နိုင်ငံတော်သမ္မတကြီး လမ်းညွှန်ထားသည့်အတိုင်း ကောင်းမွန်သောအုပ်ချုပ်ရေးစနစ်နှင့် သန့်ရှင်းသောအစိုးရဖြစ်အောင် အစွမ်းကုန်ကြိုးပမ်းအားထုတ်ရန် လိုအပ်ပါကြောင်းပြောကြားခဲ့သည်။

ထို့နောက် ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ တာဝန်ရှိသူတို့က မိမိတို့ဌာန အစုအဖွဲ့အလိုက် သီးခြားအဖွဲ့ငယ်များခွဲ၍ တွေ့ဆုံပြီး တာဝန်သိမှု၊ တာဝန်ယူမှုဖြင့် ပေါင်းစပ်ညှိနှိုင်းစီမံခန့်ခွဲခြင်းဆိုင်ရာ လုပ်ငန်းများ၊ ဌာနအလိုက် ပြုပြင် ပြောင်းလဲဆောင်ရွက်ရမည့် အစီအမံများကို ဆွေးနွေးခဲ့ကြသည်။

(သတင်းစဉ်)

အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှု တိုက်ဖျက်ရေးနေ့ကျင်းပ

နေပြည်တော် ဇွန် ၂၆

(၂၇)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အခမ်းအနားကို ဇွန် ၂၆ ရက် နံနက် ၉ နာရီက နေပြည်တော်ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုထံမှ ပေးပို့သော သဝဏ်လွှာကို နေပြည်တော် ရဲတပ်ဖွဲ့မှ ဦးစီးအရာရှိ ပထမတန်း (ဦး၊ ရေး၊ ထောက်) ဒုတိယရဲမှူးကြီး ကိုကိုလွင်က ဖတ်ကြားခဲ့သည်။

ထို့နောက် ဗဟိုအဆင့် ဝတ္ထုပြိုင်ပွဲနှင့် အခြေခံပညာအဆင့် ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲတွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများနှင့် အကဲဖြတ်ပညာရှင်များအား နေပြည်တော်ရဲတပ်ဖွဲ့မှ ဦးစီးအရာရှိ ပထမတန်း(ဦး၊ ရေး၊ ထောက်)ဒုတိယရဲမှူးကြီး ကိုကိုလွင်နှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

မင်းမင်းလတ်(မန်းတက္ကသိုလ်)

ဘဏ္ဍာရေးဝန်ကြီးဌာန နိုင်ငံတော်ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ် တတိယအဆင့် အရှိန်မြှင့်တင်မှုလုပ်ငန်းစဉ်များ ဆွေးနွေးပွဲကျင်းပ

နေပြည်တော် ဇွန် ၂၆

နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ် တတိယအဆင့် အရှိန်မြှင့်တင်မှု (Third Wave) လုပ်ငန်းစဉ်များ ဆွေးနွေးပွဲကို ယမန်နေ့ မွန်းလွဲပိုင်းတွင် ဘဏ္ဍာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က အမှာစကားပြောကြားရာတွင် နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များနှင့်အတူ မိမိတို့ဝန်ကြီးဌာနသည်လည်း ပြုပြင်ပြောင်းလဲမှုများကို ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး မိမိတို့ကျင့်သုံးနေသည့် ဥပဒေ၊ နည်းဥပဒေများကို လက်ရှိအခြေအနေနှင့် ကိုက်ညီအောင် ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ အဓိကရည်ရွယ်ချက်မှာ ပြည်သူတို့၏ လူမှုစီးပွားဘဝကို မြှင့်တင်ပေးရန် ဖြစ်ပါကြောင်း၊ ပြည်သူလူထုကို ထိရောက်သည့် ဝန်ဆောင်မှုများပေးရန် ဖြစ်ပြီး ကိုယ်ချင်းစာစိတ်ဖြင့် လုပ်ဆောင်ပေးရန် လိုအပ်ပါကြောင်း။

တတိယအဆင့် အရှိန်မြှင့်တင်မှုကို ဆောင်ရွက်ရာတွင် တရားဥပဒေစိုးမိုးမှုရှိရေး၊ အမျိုးသားဘက်စုံ ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းအရ ဝန်ကြီးဌာနများ၏ စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ ထိရောက်သော သဘာဝသယံဇာတစီမံခန့်ခွဲမှုများ အကောင်အထည်ဖော် ဆောင်ရွက်ရေး၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရတို့နှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရေး၊ အသေးစားနှင့် အလတ်စားစီးပွားရေးမြှင့်တင်ခြင်းလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ရေး၊ ဝန်ဆောင်မှုမြှင့်တင်ခြင်းဖြင့် ပြည်သူများ၏ လိုအပ်ချက်များဖြည့်ဆည်းပေးရေး၊ နိုင်ငံတော်၏ ဘဏ္ဍာရေးနှင့် ငွေရေးကြေးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးစသည့် လုပ်ငန်းစဉ်များကို ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

မိမိတို့ဝန်ကြီးဌာနသည် ဘဏ္ဍာရေးနှင့် ငွေရေးကြေးရေးဆိုင်ရာ လုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ရခြင်းကြောင့် ဝန်ထမ်းများအနေဖြင့် သက်ဆိုင်ရာ ပညာရပ်များကို ကျွမ်းကျင်အောင် အမြဲလေ့လာနေရမည်ဖြစ်ပါကြောင်း၊ တာဝန်ယူမှု၊ တာဝန်ခံမှု၊ ပေါင်းစပ်ညှိနှိုင်းမှုများကို မိမိတို့ဌာနအတွင်း ပြန်လည်သုံးသပ်ကြရန်လိုအပ်ပါကြောင်း။

ခေတ်ကာလပြောင်းလဲလာသည်နှင့်အညီ မိမိတို့၏လုပ်ဆောင်ချက်များကို မှန်၊ မှားတိုင်းတာသည့် စံနှုန်းများ၊ အဖွဲ့အစည်းများရှိပါကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် မှန်ကန်သော လုပ်ဆောင်မှုဖြင့် တိုးတက်မှုရရှိအောင် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ တစ်ဦးချင်း တစ်ယောက်ချင်းမှစ၍ မိမိတို့၏ ဌာနနှင့် ဝန်ကြီးဌာနအတွင်းသာမက အခြားသောဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများနှင့်လည်း ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာလင်းအောင်နှင့် ဒေါက်တာမောင်မောင်သိမ်းတို့က ဆွေးနွေးပြောကြားကြပြီး မြန်မာ့ဖွံ့ဖြိုးမှုအရင်းအမြစ်အဖွဲ့ (MDRI)မှ ဒေါက်တာတင်မောင်သန်းနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများက ရှင်းလင်းဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံချက် စည်းဝေး

ရန်ကုန် ဇွန် ၂၆

ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံချက် (Action Plan) အစည်းအဝေးကို ရန်ကုန်မြို့ ရွှေလီလမ်းရှိ မြန်မာငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးဗဟိုဌာနတွင် ယနေ့ နံနက်ပိုင်းက ကျင်းပသည်။ **(ယာပုံ)**

အဆိုပါ ဆွေးနွေးညှိနှိုင်းပွဲ အခမ်းအနားသို့ ပြည်ထောင်စုအဆင့်အရေးပေါ် ပေါင်းစပ်ညှိနှိုင်းရေးစင်တာ (ECC) ဒုတိယဥက္ကဋ္ဌ ဗိုလ်ချုပ်မောင်မောင်အုန်း၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ကျော်ထွန်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်း၊ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာအထူးအကြံပေး မစ္စတာဗီဂျေနမ်ဗီးယား၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီး ဦးဇော်အေးမောင်၊ ECC အဖွဲ့၏ အတွင်းရေးမှူးဒေါက်တာ ဒေါ်ရင်ရင်နွယ်၊ တွဲဖက်အတွင်းရေးမှူးဒေါက်တာကျော်ရင်လှိုင်နှင့် ECC အဖွဲ့ဝင်များ၊ အမှတ်(၁) အခြေခံပညာဦးစီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ရခိုင်တိုင်းရင်းသား လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသောဧည့်သည်တော်များ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ဗိုလ်ချုပ်မောင်မောင်အုန်းက အဖွင့်အမှာစကားပြောကြားရာ၌ ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းဆောင်ရွက်ချက်များကို လက်တွေ့ကျသောစီမံချက်အဖြစ် ထပ်ဖြည့်ဆောင်ရွက်ရန် နိုင်ငံတော်အစိုးရနှင့် ပြည်နယ်အစိုးရတို့အပြင် တိုင်းရင်းသားအဖွဲ့အစည်းများ၊ ရခိုင်တိုင်းရင်းသားများ၏ ဆန္ဒနှင့် သဘောထားများကို သိရှိနားလည်ကာ မျှမျှတတနှင့်သမာသမတ်ကျစွာ ဆွေးနွေးညှိနှိုင်းသွားမှာ ဖြစ်ကြောင်း၊ မိမိအနေဖြင့် ရခိုင်တိုင်းရင်းသားများ၏ အမျိုးသားအကျိုးစီးပွားကို အလေးအနက်ထား ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်ချက်များတွင် မြန်မာနိုင်ငံ၏ အရေးကိစ္စများကို ဆောင်ရွက်ရာတွင် အမျိုးသားအကျိုးစီးပွား၊ နိုင်ငံတကာစံချိန်စံနှုန်းများ၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါ အချက်များကို လေးစားလိုက်နာ ဆောင်ရွက်သွားရန်ပါရှိပြီး မိမိတို့အနေဖြင့် အဆိုပါအချက်သုံးချက်ကို ဦးတည်ဆောင်ရွက်လျက်ရှိကြောင်း။

လုပ်ငန်းစီမံချက်ကို ဆောင်ရွက်သောအခါလုံခြုံရေး၊ စီးပွားရေး၊ ဘာသာ သာသနာနှင့် လူမျိုးရေးကိစ္စများအပြင် ဖွံ့ဖြိုးတိုးတက်ရေး စီမံချက်ပါ အချက်များကိုပါ ဆွေးနွေးသွားရမှာဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်အရေးတွင် ပါဝင်နေသော အသိပေးကာ ထိုအဖွဲ့အစည်းများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ရခိုင်ဒေသတွင်ဖြစ်ပွားခဲ့သော ပဋိပက္ခများကို ကျော်လွှားနိုင်ပြီး ဆွေးနွေးသွားစေလိုကြောင်း စသည်ဖြင့် ပြောကြားခဲ့သည်။

ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းဆောင်ရွက်ချက်များနှင့် ပတ်သက်သော ဆွေးနွေးသဘောတူညီချက်များပါဝင်သည့် လုပ်ငန်း

စီမံချက်ကို ရခိုင်တိုင်းရင်းသားလူမှုအဖွဲ့အစည်းများ၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် နိုင်ငံခြားသံရုံးများမှ တာဝန်ရှိသူများနှင့် ဇွန်လ ၂၇ ရက်နေ့တွင် မြန်မာငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးဗဟိုဌာန၌ ဆက်လက် ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ရန်ကုန်မြို့၌ ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီး

ရန်ကုန် ဇွန် ၂၆

ရန်ကုန်တိုင်းဒေသကြီး (၄) ကြိမ်မြောက် ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီးပွဲကို ယနေ့ နံနက် ၈ နာရီတွင် ရွှေပြည်သာမြို့နယ်ရှိ ရဲအကြပ်အတတ်သင်ကျောင်း(လှော်ကား)၌ ကျင်းပသည်။

မီးရှို့ဖျက်ဆီးပွဲတွင် ရန်ကုန်တိုင်းဒေသကြီး မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဝင်းနိုင်က ဖမ်းဆီးရမိမူးယစ်ဆေးဝါးများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာသည့် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်းနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများက မီးရှို့ဖျက်ဆီးမည့် မူးယစ်ဆေးဝါးများကို လေ့လာစမ်းသပ်စစ်ဆေးကြပြီး မူးယစ်ဆေးဝါးများကို စက်ခလုတ်နှိပ်၍ မီးရှို့ဖျက်ဆီးကြသည်။

မီးရှို့ဖျက်ဆီးသည့် မူးယစ်ဆေးဝါးများမှာ ဘိန်းဖြူ ၃ ဒသမ ၄၅၉ ကီလို၊ ဆေးခြောက် ၃၇ ဒသမ ၀၆၇ ကီလို၊ စိတ်ကြွဆေးပြား ၁၇၃၈၅၂၈ ပြား(၁၇၃ ဒသမ ၈၅၂၈ ကီလို)၊ စိတ်ကြွဆေးအမှုန့် ၀ ဒသမ ၀၅၁ ကီလို၊ ဘိန်းစာမှုန့် ၅၆၈ ဒသမ ၃၄၈ ကီလို၊ ဘိန်းစာအရည် ၁ ဒသမ၇၄၀ လီတာ၊ အက်ဖက်ဒရင်း ၁၂ ဒသမ၇၅၄ ကီလို၊ အိုက်စ် ၀ ဒသမ ၈၂၀ ကီလို၊ဒိုင်ယာစီပင်ဆေးပြား ၂၀၉၇၄၇ ပြား၊ ဒိုင်ယာစီပင်ထိုးဆေး ၈၄၃၈ လုံး၊အယ်လ်ဖာဇိုလမ်ဆေးပြား ၂၈၂ ပြား၊ ထရမ်မဒေါ်ဆေးတောင့် ၁၄၈ တောင့်၊ ဘရိုမက်ဇီပင်ဆေးပြား ၈၇ ပြား၊ ဘူပရီနိုဖင်းထိုးဆေး ၄၄ လုံး၊ မော်ဖီးထိုးဆေး ၂၂ လုံးနှင့် ကော်ဒင်း ၀ ဒသမ ၀၅၀ လီတာတို့ဖြစ်ကြသည်။

ယနေ့ဖျက်ဆီးသည့် မူးယစ်ဆေးဝါးများ၏ ကာလပေါက်ဈေးမှာ မြန်မာငွေကျပ် ၉ ဒသမ ၂၇၁၈ ဘီလီယံကျော်ရှိပြီး အမေရိကန်ဒေါ်လာ ၉ ဒသမ ၅ သန်းကျော် တန်ဖိုးရှိသည်။

ယနေ့ဖျက်ဆီးသည့် မူးယစ်ဆေးဝါးများကို ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရထားရဲတပ်ဖွဲ့တို့က ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယနေ့အခမ်းအနားကို (၂၇) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ်အဖြစ် ကျင်းပခြင်းဖြစ်ပြီး မီးရှို့ဖျက်ဆီးပွဲအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်း၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဦးဝင်းဆွေ၊ တိုင်းဒေသကြီးလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးတင်အောင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းမှ ကိုယ်စားလှယ်များ၊ ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာ တိုက်ဖျက်ရေးအဖွဲ့(UNODC)မှ ကိုယ်စားလှယ်များ၊ အမေရိကန်မူးယစ်ဆေးဝါးတားဆီး နှိမ်နင်းရေးအုပ်ချုပ်မှုအဖွဲ့ DEA မှ ကိုယ်စားလှယ်များ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေးကော်မရှင် NNCC မှ ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**

✳ ***ရွှေဖုံးမှ***

လှည့်လည် ကြည့်ရှုလေ့လာမှတ်သားကြသည်။

ကျောက်စိမ်းအတွဲပေါင်း ၇၁၆၀ ကို ဇွန် ၂၈ ရက်မှ ဇူလိုင် ၃ ရက်အထိ အိတ်ဖွင့်တင်ဒါစနစ်ဖြင့်လည်းကောင်း၊ ကျောက်စိမ်းအတွဲပေါင်း ၂၉၄ တွဲကို ဇူလိုင် ၄ ရက်မှ ၆ ရက်အထိ ဈေးပြိုင်စနစ်ဖြင့် လည်းကောင်း၊ ဇွန် ၂၇ ရက်တွင် ကျောက်မျက်အတွဲပေါင်း ၂၇၁ တွဲကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့်လည်းကောင်း၊ ကျောက်မျက်အတွဲပေါင်း ၁၆၅ တွဲကို ဈေးပြိုင်စနစ်ဖြင့်လည်းကောင်း ရောင်းချပေးသွားမည်ဖြစ်သည်။

(၅၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာ ပြပွဲတွင် ကျောက်စိမ်းအရိုင်းတုံးများ၊ သွေးပြီးကျောက်စိမ်းအချောထည်များ၊ ကျောက်မျက်အရိုင်းများ၊ သွေးပြီးကျောက်မျက် အချောထည်များ၊ ပုလဲများ၊ ကျောက်စိမ်း ကျောက်မျက် ပုလဲတို့ဖြင့် ပြုလုပ်ထားသော လက်ဝတ်ရတနာများ၊ ကျောက်စိမ်းနှင့် ဆင်တူသော ကျောက်များ၊ အင်ကြင်းကျောက်အရိုင်းနှင့် အချောထည်များ၊ ရုပ်တု၊ ရုပ်ထွင်းများ၊ ပုံဆောင်ခဲများ၊ ကျောက်ကပ်ပန်းချီကားများ၊ ရွှေထည်ငွေထည် ပစ္စည်းများကို ရောင်းချလျက်ရှိသည်။

ပြပွဲတတိယနေ့တွင် မဏိရတနာကျောက်စိမ်းခန်းမနှင့် သတ်မှတ်နေရာများ၌ ဇရိယာအလိုက် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများ၊ ကျောက်မျက်အတွဲများ၊ ကျောက်စိမ်းနှင့် ကျောက်မျက်အချောထည်များကို မိမိတို့စိတ်ကြိုက် လှည့်လည်ကြည့်ရှုလေ့လာမှတ်သားကြသည့် ပြည်တွင်း ပြည်ပမှ ရတနာကုန်သည်များဖြင့် ကြိတ်ကြိတ်တိုး စည်ကားလျက်ရှိသကဲ့သို့ မဏိရတနာကျောက်စိမ်းခန်းမအတွင်း၌ ဖွင့်လှစ်ရောင်းချလျက်ရှိသည့် လက်ဝတ်ရတနာအရောင်းဆိုင်များ၊ ကျောက်စိမ်းနှင့် ကျောက်မျက် အချောထည်ဆိုင်များ၊ ကျောက်ကပ်ပန်းချီဆိုင်များနှင့် အမှတ်တရပစ္စည်းအရောင်းဆိုင်များတွင် လည်း ဝယ်ယူအားပေးနေကြသည့် ရတနာကုန်သည်များနှင့် အထူးစည်ကားလျက်ရှိသည်။

(၅၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ စတုတ္ထနေ့ကို ဇွန် ၂၇ ရက်တွင် အဆိုပါ ခန်းမ၌ နံနက် ၈ နာရီမှ ညနေ ၆ နာရီအထိ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ပြည်တွင်းသတင်း

ပြည်သူလူထုထံအသိပေးအကြောင်းကြားခြင်း

၁။ မွေးရာပါနိုင်ငံသားများအတွက် မိုးပွင့်စီမံချက်များဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုလူဦးရေစာရင်း ထုတ်ပေးခြင်းအား တစ်နေရာတည်းတွင် ဖြေရှင်းခြင်းများဖြင့် ၁-၇-၂၀၁၁ မှ ၃၁-၅-၂၀၁၃ ထိ မိုးပွင့်စီမံချက်အဆင့် (၁) မှအဆင့် (၅) ထိ နိုင်ငံတစ်ဝန်း ကွင်းဆင်းဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါသည်။

၂။ ယခုအခါ ပြည်လုံးကျွတ်သန်းခေါင်စာရင်း ကောက်ယူခြင်း၏ ဒုတိယအဆင့်ဖြစ်သော မြေပြင်ကွင်းဆင်းကောက်ယူခြင်းလုပ်ငန်းပြီးစီးပြီဖြစ်၍ မိုးပွင့်အဆင့်(၆)စီမံချက်အား ၁၇-၇-၂၀၁၄ ရက်နေ့တွင် ပြန်လည်စတင်မည်ဖြစ်ပြီး တစ်လတွင်နှစ်ရက်သတ်မှတ်ကွင်းဆင်းဆောင်ရွက်မည်ဖြစ်၍ ကျန်ရက်များအား မြို့နယ်ရုံး၌ ဆောင်ရွက်ပေးသွားပါမည်။

၃။ သွေးနှောပြည်သူများအတွက် အခြေခံမှတ်တမ်းများဖြင့် တိုက်ဆိုင်စိစစ်ရန် လိုအပ်ချက်အရ မြို့နယ်ရုံးများတွင်သာ ဆောင်ရွက်ပေးနေပါသည်။

၄။ မိမိဝန်ထမ်းများနှင့်အတူ နော်ဝေနိုင်ငံအခြေစိုက် (Norwegian Refugee Council-NRC) အဖွဲ့မှလည်း ကရင်ပြည်နယ်(၇)မြို့နယ်၊ ကယားပြည်နယ် (၇) မြို့နယ်၊ ရှမ်းပြည်နယ်၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသုံးမြို့နယ်နှင့် ပဲခူးတိုင်းဒေသကြီး(အရှေ့) ကျောက်ကြီးနှင့် ရွှေကျင်ရှိ စီမံကိန်းစမ်းသပ်နယ်မြေဒေသ၊ မွန်ပြည်နယ်(၃) မြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး (၁၀)မြို့နယ်တို့တွင် စာချုပ်ချုပ်ဆိုပြီးသည့်နေ့မှစ၍ One Stop Service ဖြင့် အခမဲ့ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိပါသည်။

၅။ ဤဝန်ကြီးဌာန၏ ကွင်းဆင်းဆောင်ရွက်မှုများအပေါ် သိရှိလိုသည်များ ကျေလည်မှုမရှိသည်များ၊ လွဲချော်နေသည်များရှိပါက နေပြည်တော်ဦးစီး(ရုံးချုပ်)ဖုန်းနံပါတ်-၀၆၇-၄၃၁၀၁၆ နှင့် ၀၆၇-၄၃၁၀၄၅ သို့ လူကိုယ်တိုင် တိုက်ရိုက်တိုင်ကြားနိုင်ပါသည်။ ကာယကံရှင်အား ပြန်လည်ရှင်းလင်းအသိ ပေးနိုင်ရန်အတွက် တိုင်ကြားသူ၏ လိပ်စာအပြည့်အစုံအား တစ်ပါတည်း ထည့်သွင်းဖော်ပြပေးစေလိုပါသည်။ အကြံပြုချက်များကိုလည်း လေးစားစွာ လက်ခံပါသည်။

၆။ ကြားပွဲစားလုံးဝမလို(မလို)ပါ။ ကြားပွဲစားများအား ဝိုင်းဝန်းသတင်းပေးဖော်ထုတ်ပေးစေလိုပါသည်။

၇။ အသေးစိတ်သိရှိလိုပါက သက်ဆိုင်ရာ မြို့နယ်ရုံးများတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

၈။ ဤဝန်ကြီးဌာနအနေဖြင့် ဌာနဆိုင်ရာလုပ်ငန်းများအပေါ် ပြည်သူ့လိုအပ်ချက်များ ပြည့်မီနိုင်စေရေးအတွက် စွမ်းအားပြည့်ကြိုးပမ်းဖြည့်ဆည်းဆောင်ရွက်ပေးသွားပါမည်။

၉။ နိုင်ငံသားဖြစ်မှုသည် နိုင်ငံတော်အချုပ်အခြာအာဏာ၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အချက်အလက်မပြည့်စုံပါက စိစစ်ရန်လိုအပ်သည့်အချိန်ရယူရပါကြောင်း ကြိုတင်အသိပေးအပ်ပါသည်။

လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန
လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန

ပြင်ဆင်ဖတ်ရှုပါရန်

၂၆-၆-၂၀၁၄ ရက်နေ့ထုတ် စာမျက်နှာ ၉ ကော်လံ ၆ ပါ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများမှ ကောက်နုတ်ချက်သတင်းတွင် အပိုဒ် ၃။ ၌ ပါရှိသည့်

နည်းဥပဒေ ၁၀၁။ အမျိုးသမီးဝန်ထမ်းများအနေဖြင့် မီးဖွားခွင့်ကို-

(က) ခွင့်စတင်ခံစားသည့်နေ့ရက်မှစ၍ **ခြောက်လ** ခံစားခွင့်ရှိသည်။ ဟုလည်းကောင်း၊

ယင်းအပိုဒ် ၃။ အပိုဒ်ခွဲ(ဆ)၌ ပါရှိသည့် ကလေးများပြုစုစောင့်ရှောက်နိုင်ရန် **ရက်သတ္တပတ်** ခြောက်ပတ် တို့၍ မီးဖွားခွင့်အဖြစ် ခွင့်ပြုရမည်။ နှင့် အပိုဒ်ခွဲ(ဇ)၌ ခင်ပွန်းဖြစ်သူကို ကလေးပြုစုစောင့်ရှောက်ခွင့် **ရက်သတ္တပတ်နှစ်ပတ်** ခွင့်ပြုရမည်။ ဟုလည်းကောင်း၊

အပိုဒ် ၄။ ၌ပါရှိသည့် ဝန်ထမ်းဖြစ်ခဲ့ပါလျှင် ၄င်းကိုလည်း လစာနှုန်းပြည့်ဖြင့် **ရက်သတ္တပတ်နှစ်ပတ်** ခွင့်ပြုပေးထားပါသည်။ ဟုလည်းကောင်း ပြင်ဆင်ဖတ်ရှုပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

(စာတည်းအဖွဲ့)

ပညာရေး

၂၀၁၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ တစ်နိုင်ငံလုံး(ဝိဇ္ဇာ / သိပ္ပံ)ဘာသာရပ် အမှတ်အများဆုံး ဆုရရှိသူများ

မြန်မာတစ်နိုင်ငံလုံးတွင် သိပ္ပံဘာသာတွဲ အဆင့်(၁)ရရှိသူ

မသီရိထက်နိုင်
ဆကရ (၂၆၄)
ဦးမျိုးနိုင်ဒေါ်သီတာဝင်
(၅၅၈) မှတ်
မြန်မာ၊အင်္ဂလိပ်၊သင်္ချာ၊ ဓာတု၊ရူပ၊ဇီဝ
အထက(လှေကျင့်ရေး)
ကမာရွတ်
ရန်ကုန်တိုင်းဒေသကြီး

မြန်မာတစ်နိုင်ငံလုံးတွင် သိပ္ပံဘာသာတွဲ အဆင့်(၂)ရရှိသူ

မမေမြတ်နိုး
ဆဒဂ(၂၄၄)
ဦးအောင်ခိုင်ဒေါ်စန်းစန်းမြင့်
(၅၅၇) မှတ်
မြန်မာ၊အင်္ဂလိပ်၊သင်္ချာ၊ ဓာတု၊ရူပ၊ဇီဝ
အထက(၁)ဒဂုံ
ဒဂုံ
ရန်ကုန်တိုင်းဒေသကြီး

မြန်မာတစ်နိုင်ငံလုံးတွင် သိပ္ပံဘာသာတွဲ အဆင့်(၃)ရရှိသူ

မကေခိုင်
ဆလသ(၁၄၀)
ဦးငွေအောင်ဒေါ်ကြည်ကြည်ဝင်း
(၅၅၄) မှတ်
မြန်မာ၊အင်္ဂလိပ်၊သင်္ချာ၊ ဓာတု၊ရူပ၊ဇီဝ
အထက(၂)လသာ
လသာ
ရန်ကုန်တိုင်းဒေသကြီး

မြန်မာတစ်နိုင်ငံလုံးတွင် သိပ္ပံဘာသာတွဲ အဆင့်(၄)ရရှိသူ

မဥမ္မာလေး
မနတ(၁၁၂၂)
ဦးဖတ္တမ်ဒေါ်လင်ကော်
(၅၅၃) မှတ်
မြန်မာ၊အင်္ဂလိပ်၊သင်္ချာ၊ ဓာတု၊ရူပ၊ဇီဝ
ကပက(CAE)
ချမ်းအေးသာစံမြို့နယ်
မန္တလေးတိုင်းဒေသကြီး

မြန်မာတစ်နိုင်ငံလုံးတွင် သိပ္ပံဘာသာတွဲ အဆင့်(၅)ရရှိသူ

မသီရိမိုးသက်
မနတ(၁၂၃၀)
ဦးအောင်ထိုက်ဝင်းဒေါ်သီဂီသန်းဦး
(၅၅၂) မှတ်
မြန်မာ၊အင်္ဂလိပ်၊သင်္ချာ၊ ဓာတု၊ရူပ၊ဇီဝ
ကပက(CAE)
ချမ်းအေးသာစံမြို့နယ်
မန္တလေးတိုင်းဒေသကြီး

မြန်မာတစ်နိုင်ငံလုံးတွင် သိပ္ပံဘာသာတွဲ အဆင့်(၅)ရရှိသူ

မောင်စိုင်းကြည်ငွေဦး
ဆလတ(၃၀၃)
ဦးစိုင်းယိုးလှိုင်ဒေါ်နန်းစန္ဒာအေး
(၅၅၂) မှတ်
မြန်မာ၊အင်္ဂလိပ်၊သင်္ချာ၊ ဓာတု၊ရူပ၊ဇီဝ
အထက(၂)လမ်းမတော်
လမ်းမတော်
ရန်ကုန်တိုင်းဒေသကြီး

မြန်မာတစ်နိုင်ငံလုံးတွင် သိပ္ပံဘာသာတွဲ အဆင့်(၅)ရရှိသူ

မအေးမြချမ်းသာ
ဆလသ(၃၂၂)
ဦးကျော်စိန်ထွန်းဒေါ်စမ်းစမ်းမော်
(၅၅၂) မှတ်
မြန်မာ၊အင်္ဂလိပ်၊သင်္ချာ၊ ဓာတု၊ရူပ၊ဇီဝ
အထက(၂)လသာ
လသာ
ရန်ကုန်တိုင်းဒေသကြီး

မြန်မာတစ်နိုင်ငံလုံးတွင် သိပ္ပံဘာသာတွဲ အဆင့်(၅)ရရှိသူ

မဖြူမင်းသူ
ဆကတ(၈၉)
ဦးတိတ်ချိုင်ဒေါ်သီတာလှိုင်
(၅၅၂) မှတ်
မြန်မာ၊အင်္ဂလိပ်၊သင်္ချာ၊ ဓာတု၊ရူပ၊ဇီဝ
အထက(ကျောက်တံတား)
ကျောက်တံတား
ရန်ကုန်တိုင်းဒေသကြီး

မြန်မာတစ်နိုင်ငံလုံးတွင် သိပ္ပံဘာသာတွဲ အဆင့်(၅)ရရှိသူ

မောင်ဝေလှင်ဦး
ဆဗထ(၅၃၇)
ဦးလှမြင့်ဒေါ်ခင်ထွေး
(၅၅၂) မှတ်
မြန်မာ၊အင်္ဂလိပ်၊သင်္ချာ၊ ဓာတု၊ရူပ၊ဇီဝ
အထက(၆)ဗိုလ်တထောင်
ဗိုလ်တထောင်
ရန်ကုန်တိုင်းဒေသကြီး

မြန်မာတစ်နိုင်ငံလုံးတွင် သိပ္ပံဘာသာတွဲ အဆင့်(၅)ရရှိသူ

မောင်မင်းသန့်တင်
ဆဒဂ(၁၂၀)
ဦးသန်းလွင်ဒေါ်ယဉ်ယဉ်အေး
(၅၅၂) မှတ်
မြန်မာ၊အင်္ဂလိပ်၊သင်္ချာ၊ ဓာတု၊ရူပ၊ဇီဝ
အထက(၁)ဒဂုံ
ဒဂုံ
ရန်ကုန်တိုင်းဒေသကြီး

မြန်မာတစ်နိုင်ငံလုံးတွင် ဝိဇ္ဇာဘာသာတွဲ အဆင့်(၁)ရရှိသူ

မတင့်တင့်လှိုင်
အမလ(၈၉၇)
ဦးဝင်းနိုင်ဒေါ်မာမာအေး
(၅၀၀) မှတ်
မြန်မာ၊သင်္ချာ၊ပထဝီဝင်၊သမိုင်း၊ဘောဂ
အထက(ခွဲ)ရွှေကျောင်း
ဇလွန်
ဧရာဝတီတိုင်းဒေသကြီး

မြန်မာတစ်နိုင်ငံလုံးတွင် ဝိဇ္ဇာဘာသာတွဲ အဆင့်(၂)ရရှိသူ

မချောအိအိသိန်း
အည(၁၆၈၅)
ဦးဝင်းမြင့်သိန်းဒေါ်မြင့်ကြည်
(၄၉၁) မှတ်
ပထဝီဝင်၊သမိုင်း၊ဘောဂ
အထက(ခွဲ)ကြက်တူရွေးတောင်
ညောင်တုန်း
ဧရာဝတီတိုင်းဒေသကြီး

မြန်မာတစ်နိုင်ငံလုံးတွင် ဝိဇ္ဇာဘာသာတွဲ အဆင့်(၃)ရရှိသူ

နမ့်အိအိဖြူ
အမရ(၉၃၃)
ဦးသိန်းလှဒေါ်ဝင်းဝင်းမော်
(၄၈၀) မှတ်
ပထဝီဝင်၊သမိုင်း၊ဘောဂ
အထက(ခွဲ)ဇရပ်လှကြီး
ပန်းတနော်
ဧရာဝတီတိုင်းဒေသကြီး

မြန်မာတစ်နိုင်ငံလုံးတွင် ဝိဇ္ဇာဘာသာတွဲ အဆင့်(၃)ရရှိသူ



မသိမ့်သူဇာဇော်
အဇဂ(၁၃၁၄)
ဦးဇော်လွင်ဒေါ်ဝင်းဝင်းချို
(၄၈၀) မှတ်
ပထဝီဝင်၊သမိုင်း၊ဘောဂ
အထက၊ငါးသိုင်းချောင်း
ရေကြည်
ဧရာဝတီတိုင်းဒေသကြီး

မြန်မာတစ်နိုင်ငံလုံးတွင် ဝိဇ္ဇာဘာသာတွဲ အဆင့်(၄)ရရှိသူ

မစုမြတ်သူ
အည(၁၇၄၈)
ဦးမြင့်နွယ်ဒေါ်ခင်သန်းနု
(၄၇၈) မှတ်
ပထဝီဝင်၊သမိုင်း၊ဘောဂ
အထက(ခွဲ)သပြေချောင်း
ညောင်တုန်း
ဧရာဝတီတိုင်းဒေသကြီး

မြန်မာတစ်နိုင်ငံလုံးတွင် ဝိဇ္ဇာဘာသာတွဲ အဆင့်(၅)ရရှိသူ

မမွန်မွန်အေး
အဂ(၁၃၄၉)
ဦးလှသန်းဒေါ်မမြင့်
(၄၇၇) မှတ်
ပထဝီဝင်၊သမိုင်း၊ဘောဂ
အထက(ခွဲ)ရေနံတောင်
ကြံခင်း
ဧရာဝတီတိုင်းဒေသကြီး

မြန်မာတစ်နိုင်ငံလုံးတွင် ဝိဇ္ဇာဘာသာတွဲ အဆင့်(၅)ရရှိသူ

မမေသက်ဖူး
အပ(၁၃၅၃)
ဦးမျိုးလွင်ဒေါ်ခင်စန်း
(၄၇၇) မှတ်
ပထဝီဝင်၊သမိုင်း၊ဘောဂ
အထက(ကျုံပျော်)
ကျုံပျော်
ဧရာဝတီတိုင်းဒေသကြီး

မြန်မာတစ်နိုင်ငံလုံးတွင် ဝိဇ္ဇာဘာသာတွဲ အဆင့်(၆)ရရှိသူ

မအိအိဖြိုး
အဃ(၁၁၄၈)
ဦးမြင့်သန်းဒေါ်အုန်းမြင့်
(၄၇၅) မှတ်
ပထဝီဝင်၊သမိုင်း၊ဘောဂ
အထက(အိမ်မဲ)
အိမ်မဲ
ဧရာဝတီတိုင်းဒေသကြီး

စာမျက်နှာ ၁၁ သို့

စာမျက်နှာ ၁၀ မှ

မြန်မာတစ်နိုင်ငံလုံးတွင် ဝိဇ္ဇာဘာသာတွဲ အဆင့်(၆)ရရှိသူ

မဆုဟေမာန်လွင်
အဃ(၁၃၁၁)
ဦးဆန်းလွင်၊ ဒေါ်နှင်းဝါဝါလွင်
(၄၇၅) မှတ်
ပထဝီဝင်၊ သမိုင်း၊ ဘောဂ
အထက(အိမ်မဲကြီး)
အိမ်မဲ
ဧရာဝတီတိုင်းဒေသကြီး

မြန်မာတစ်နိုင်ငံလုံးတွင် ဝိဇ္ဇာဘာသာတွဲ အဆင့်(၇)ရရှိသူ

မခင်သန္တာအေး
အအက(၉၆၁)
ဦးကံညွန့်၊ဒေါ်သန်းအေး
(၄၇၃) မှတ်
ပထဝီဝင်၊သမိုင်း၊ဘောဂ
အထက(ကြို့ကုန်း)
အိမ်မဲ
ဧရာဝတီတိုင်းဒေသကြီး

မြန်မာတစ်နိုင်ငံလုံးတွင် ဝိဇ္ဇာဘာသာတွဲ အဆင့်(၇)ရရှိသူ

မနှင်းဝတ်ရည်
အအမ(၉၉၀)
ဦးမြင့်အောင်၊ဒေါ်စန်းမြိုင်
(၄၇၃) မှတ်
ပထဝီဝင်၊သမိုင်း၊ဘောဂ
ပြင်ပဖြေ
ပန်းတနော်
ဧရာဝတီတိုင်းဒေသကြီး

မြန်မာတစ်နိုင်ငံလုံးတွင် ဝိဇ္ဇာဘာသာတွဲ အဆင့်(၇)ရရှိသူ

မသင်းသင်းခိုင်
ကင(၁၀၆၀)
ဦးကျော်ခင်၊ ဒေါ်နန်းသောင်း
(၄၇၃) မှတ်
ပထဝီဝင်၊သမိုင်း၊ဘောဂ
အထက၊လုံးတုံ(နန့်မွန်း)
မိုးညှင်း
ကချင်ပြည်နယ်

ပညာရေးနှင့် ပြည်တွင်းသတင်း

၄၈ ပေအကျယ် ကတ္တရာလမ်းများ တိုးချဲ့ဆောင်ရွက်ရန်ဆွေးနွေး

နေပြည်တော် ဇွန် ၂၆

ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်သည် ဇွန် ၂၅ ရက် မွန်းလွဲပိုင်းတွင် ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ရန်ကုန်-ပဲခူး-မိတ္ထီလာ-မန္တလေးလမ်းနှင့် ရန်ကုန်-ပြည်-မကွေးလမ်းတို့တွင် B.O.T စနစ်ဖြင့် ဆောင်ရွက်လျက်ရှိသော ကုမ္ပဏီများနှင့် ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး၊ ဒုတိယဦးဆောင်ညွှန်ကြားရေးမှူးများ၊ အင်ဂျင်နီယာချုပ်များ၊ အထွေထွေမန်နေဂျာများ၊ မက်စ်မြန်မာ၊ ရွှေသံလွင်၊ ဟိုက်စတား၊ ကမ္ဘောဇ၊ အေးရှားဝေါလ်၊ ယုဇနနှင့် သော်တာဝင်းကုမ္ပဏီတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ညှိနှိုင်း အစည်းအဝေးတွင် ဒုတိယဝန်ကြီး ဦးစိုးတင့်က B.O.T စနစ်ဖြင့် ဆောင်ရွက်လျက်ရှိသော ကုမ္ပဏီများကို ၄၈ ပေအကျယ် ချဲ့ခြင်း ဆောင်ရွက်ရန် ညွှန်ကြားစာသုံးကြိမ် ထုတ်ပြီးဖြစ်ကြောင်း၊ လုပ်ငန်းများကို သတ်မှတ်ထားသော စီမံချက်အတိုင်း ၃၁-၃-၂၀၁၆ ရက်အပြီး ဆောင်ရွက်သွားရန်၊ ရန်ကုန်-ပြည်-မကွေးလမ်းကိုလည်း ရန်ကုန်-ပြည် အပိုင်းကို ပထမဦးစားပေးအနေဖြင့် ၄၈ ပေအကျယ် ကတ္တရာလမ်းကို ၃၁-၃-၂၀၁၆ရက်အပြီး ဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမြို့မြို့အနယ်နယ်၌ မူးယစ်ဆေးဝါးအကြောင်း အသိပညာပေး

လဲချား

လဲချားမြို့ သီရိဟံသာခန်းမတွင် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် မူးယစ်ဆေးဝါးအန္တရာယ်အသိပညာပေး ဟောပြောပွဲကို ဇွန် ၂၆ ရက် နံနက် ၈ နာရီခွဲက ကျင်းပသည်။ **(နန်းမေစုအောင်)**

ပဲခူး

ပဲခူးမြို့ မြို့တော်ခန်းမ၌ ဇွန် ၂၆ ရက် နံနက် ၉ နာရီက အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အခမ်းအနားကျင်းပရာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးညဏ်ဝင်း၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းအဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဆရာကျောင်းသား ကျောင်းသူများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ NGO အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ စုစုပေါင်း ၂၅၀ ခန့်တက်ရောက်ကြသည်။ **(၁၈၃)**

ပွင့်ဖြူ

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အခမ်းအနားကို ဇွန် ၂၆ ရက် နံနက် ၈ နာရီက အခြေခံပညာ အထက်တန်းကျောင်း ကျောင်းခန်းမဆောင်၌ ကျင်းပသည်။ **အောင်သူရ(ပွင့်ဖြူ)**

ဟိုပန်

၂၀၁၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို "ဝ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်ခရိုင် ဟိုပန်မြို့ အထက (စောမဟာ) ခန်းမ၌ ဇွန် ၂၆ ရက် နံနက် ၉ နာရီက ကျင်းပသည်။ **(မြို့နယ် ပြန်/ဆက်)**

အဘိုးအဘွားများအား အာဟာရများလှူဒါန်း

ပျဉ်းမနား ဇွန် ၂၆

နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏခရိုင် ပျဉ်းမနားမြို့နယ်ရှိ ဘိုးဘွားရိပ်သာ၌ ဇွန် ၂၄ ရက် မွန်းလွဲ ၂ နာရီက ပျဉ်းမနားဘိုးဘွားရိပ်သာရှိ အဘိုးအဘွားများအား ကျန်းမာရေး စောင့်ရှောက်မှုပေးပြီး အာဟာရများ ကျွေးမွေးခြင်း ပြုလုပ်လှူဒါန်းကြသည်။

"ဘဝနေဝင်ချိန်ကို အင်အားချည့်နဲ့စွာ စောင့်ဆိုင်းနေရသော ပျဉ်းမနားဘိုးဘွားရိပ်သာရှိ အစောင့်အရှောက်ခံ အဘိုးအဘွားများအား နေပြည်တော် ကျန်းမာရေးဦးစီးဌာနမှ ဆရာဝန်များနှင့် သူနာပြုများ၊ ပျဉ်းမနားခုတင် ၂၀၀ ဆေးရုံအုပ်ကြီးနှင့် ဆရာဝန်များနှင့်သူနာပြုများက အဘိုးအဘွားများကို ကျန်းမာရေး စစ်ဆေးပေးရာ **(အောက်ပုံ)** နေပြည်တော်ခရိုင်နှင့် မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့ဝင်များက လိုအပ်သည်များ ကူညီ ဆောင်ရွက်ခြင်း၊ ဆေးဝါးများ ထောက်ပံ့လှူဒါန်းခြင်းနှင့် နေ့လယ်စာ အာဟာရများ ကျွေးမွေးလှူဒါန်းခဲ့ကြသည်။

အခမ်းအနားသို့ နေပြည်တော် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြတ်မြတ်မိုး၊ အတွင်းရေးမှူး ဒေါ်ဝင်းရွှေနှင့်အဖွဲ့များ၊ နေပြည်တော် ကျန်းမာရေးဦးစီးမှူး ဒေါက်တာဒေါ်လှလှကြည်နှင့်ဝန်ထမ်းများ၊ ဒက္ခိဏခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သီတာကြိုင်၊ ပျဉ်းမနားခုတင် ၂၀၀ ဆေးရုံအုပ်ကြီး ဒေါက်တာကျော်မြင့်နှင့်ဝန်ထမ်းများ၊ ပျဉ်းမနားမြို့နယ် အမျိုးသမီးရေးရာဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များတက်ရောက်ခဲ့ကြောင်း သိရသည်။ **မျိုးဇေယျာ(ပျဉ်းမနား)**

ပျောက်ဆုံးကြောင်း

မောင်သီဟကိုကိုဇင် Passport M-886337 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ပေးပို့ပါရန်။

ဖုန်း-၀၉-၂၅၀၇၆၀၂၃၇

ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးကျော်ဆန်းထွေး ၁၂/မဘန(နိုင်)၀၁၃၃၄၀၏ ပတ်စ်ပို့နံပါတ် (မမှတ်မိ)သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အမြန်ဆက်သွယ် အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၀၀၄၀၀၄၀၂

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု
အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီသည် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် နယ်စပ်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေဖြင့် အောက်ဖော်ပြပါလမ်းတံတားတည်ဆောက်ရေးလုပ်ငန်းများအား ဘဏ္ဍာရေးနှစ်အတွင်း ပြီးစီးအောင်ဆောင်ရွက်နိုင်ရန် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူလိုပါသည်-

(က) ကချင်ပြည်နယ်ဒေသဆိုင်ရာလုပ်ငန်းကော်မတီနယ်မြေအတွင်း ကျောက်ချောလမ်း (၁၈/၄)မိုင်၊ ဆိုင်ကယ်သွားလမ်း (၆၄)မိုင်၊ ကြိုးတံတား (၁၁)စင်း၊ ကွန်ကရစ်တံတား (၁)စင်း။

(ခ) ရှမ်းပြည်နယ်ဒေသဆိုင်ရာလုပ်ငန်းကော်မတီနယ်မြေအတွင်း မြေသားလမ်း (၃၉/၂)မိုင်။

(ဂ) ကယားပြည်နယ်ဒေသဆိုင်ရာလုပ်ငန်းကော်မတီနယ်မြေအတွင်း ကွန်ကရစ်တံတား (၇)စင်း။

(ဃ) ကရင်ပြည်နယ်ဒေသဆိုင်ရာလုပ်ငန်းကော်မတီနယ်မြေအတွင်း မြေသားလမ်း (၁၀) မိုင်၊ ကွန်ကရစ်တံတား (၁)စင်း။

(င) ရခိုင်ပြည်နယ်ဒေသဆိုင်ရာ လုပ်ငန်းကော်မတီနယ်မြေအတွင်း ကတ္တရာလမ်း၊ (၆/၃)မိုင်၊ ကျောက်ချောလမ်း (၁၂)မိုင်၊ ကွန်ကရစ်တံတား (၁)စင်း။

(စ) ချင်းပြည်နယ်ဒေသဆိုင်ရာလုပ်ငန်းကော်မတီနယ်မြေအတွင်း မြေသားလမ်း (၇၂)မိုင်၊ ကျောက်ချောလမ်း၊ (၆၇/၅)မိုင်၊ ကြိုးတံတား(၅)စင်း။

(ဆ) စစ်ကိုင်းတိုင်းဒေသကြီးဒေသဆိုင်ရာလုပ်ငန်းကော်မတီနယ်မြေအတွင်း ကျောက်ချောလမ်း (၄၁/၇)မိုင်။

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၇-၇-၂၀၁၄ရက်

၃။ **တင်ဒါပုံစံအရောင်းပိတ်မည့်ရက်** - ၂၁-၇-၂၀၁၄ရက် ၁၆း၃၀ နာရီ

၄။ **တင်ဒါတင်သွင်းရမည့်နောက်ဆုံးရက်**- ၇-၈-၂၀၁၄ရက် ၁၆း၃၀ နာရီ

၅။ တင်ဒါဖွင့်လှစ်မည့်ရက်တွင် သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး ဒေသဆိုင်ရာလုပ်ငန်းကော်မတီမှ တာဝန်ပေးအပ်သော အဖွဲ့ဝင် (၁)ဦးပါဝင်သည့် တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့ဖြင့် စိစစ်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၆။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၇-၇-၂၀၁၄ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူ နိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိလိုပါက ဖုန်း-၀၆၇-၄၀၉၁၈၆သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့
နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု
အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ
နယ်စပ်ရေးရာဝန်ကြီးဌာန၊ ရုံးအမှတ် (၄၂)၊ နေပြည်တော်

နယ်စပ်ရေးရာဝန်ကြီးဌာန
နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် အောက်ဖော်ပြပါအတိုင်း အဖွင့်သိုလှောင်ရုံများ ဘဏ္ဍာရေးနှစ်အတွင်း တည်ဆောက်ရန် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူလိုပါသည်-

(က) **တည်ဆောက်မည့်နေရာ ။** ရန်ကုန်သိုလှောင်ရုံအတွင်း အဖွင့်သိုလှောင်ရုံ (၂)လုံး၊ မိတ္ထီလာသိုလှောင်ရုံအတွင်း အဖွင့်သိုလှောင်ရုံ(၂)လုံး၊ စုစုပေါင်း (၄)လုံး

(ခ) **အတိုင်းအတာ ။** ၁၅၆ပေ×ပေ၅၀×၁၄ပေ- Steel Structure ယာဉ်/ယန္တရားအဖွင့်သိုလှောင်ရုံ

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၁-၇-၂၀၁၄ရက်

၃။ **တင်ဒါပုံစံအရောင်းပိတ်မည့်ရက်** - ၁၀-၇-၂၀၁၄ရက် ၁၆း၃၀နာရီ

၄။ **တင်ဒါတင်သွင်းဖွင့်လှစ်မည့်ရက်** - ၁-၈-၂၀၁၄ရက် ၁၂း၀၀နာရီ

၅။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၁-၇-၂၀၁၄ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိလိုပါက ဖုန်း-၀၆၇-၄၀၉၁၈၆ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့
နယ်စပ်ရေးရာဝန်ကြီးဌာန
နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ
ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
ရုံးအမှတ် ၄၂၊ နေပြည်တော်

လေလံခေါ်ယူခြင်း

၁။ ဘားအံမြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးတွင် ဖမ်းဆီးရမိ၍ ပြည်သူ့ဘဏ္ဍာ အဖြစ်သိမ်းဆည်းထားသော အထွေထွေလူသုံးကုန်ပစ္စည်းများအား အောက်ပါ အစီအစဉ်အတိုင်း လေလံတင်ရောင်းချမည်ဖြစ်ပါသည်-

(က) **လေလံတင်ရောင်းချမည့်ရက်** - ၃၀-၆-၂၀၁၄ရက် (တနင်္လာနေ့)

(ခ) **လေလံတင်ရောင်းချမည့်အချိန်** - ၀၉း၃၀နာရီ

(ဂ) **လေလံတင်ရောင်းချမည့်နေရာ** - မြို့နယ်အကောက်ခွန်ဦးစီးဌာနမှူးရုံး ဘားအံမြို့

၂။ သို့ဖြစ်ပါ၍ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် လေလံတင်လျှောက်လွှာပုံစံများ အားရုံးချိန်အတွင်း ဘားအံမြို့နယ်အကောက်ခွန်ဦးစီးဌာနမှူးရုံးတွင် ၂၆-၆-၂၀၁၄ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

၃။ အသေးစိတ်သိလိုသောအချက်အလက်များအား လေလံတင်ရောင်းချရေးကော်မတီ ဖုန်း-၀၅၈-၂၁၈၀၈ သို့ ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

လေလံတင်ရောင်းချရေးကော်မတီ

သားအဖြစ်မှစွန့်လွှတ်ခြင်း

တောင်ကြီးမြို့၊ ညောင်ဖြူစခန်းရပ်ကွက်၊ နယ်မြေ(၂)၊ ကန်တော်လမ်း၊ အမှတ်ည/ ၁၀၂၀နေ ဦးခွန်ပန်းတင်(ခ) ဦးမောင်အေး ၁၃/တခလ(နိုင်)၀၁၉၀၃၆နှင့် ဒေါ်နန်းလှတင့်(ခ) ဒေါ်မဒစ် ၁၃/တကန(နိုင်)၀၁၁၀၀၆တို့၏သား ခွန်ခမ်းကောင် ၁၃/တကန(နိုင်)၂၄၇၄၂၁သည် မိဘတို့၏ဆုံးမသွန်သင်မှုကို မနာခံသည့်အပြင် မိမိသဘောအလျောက် အိမ်ပေါ်မှဆင်းသွားပါသဖြင့် ယနေ့မှစ၍ ခွန်ခမ်းကောင်အား အမွေစားအမွေခံသားအဖြစ်မှ စွန့်လွှတ်လိုက်သည်။ နောက်နောင်တွင် ခွန်ခမ်းကောင်နှင့် ပတ်သက်သည့် ကိစ္စမှန်သမျှ လုံးဝတာဝန်ယူမည်မဟုတ်ပါကြောင်း အသိပေး ကြေညာလိုက်သည်။

ဦးခွန်ပန်းတင်(ခ)ဦးမောင်အေး
ဒေါ်နန်းလှတင့်(ခ)ဒေါ်မဒစ်

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း GSM/ WCDMA မိုဘိုင်းတယ်လီဖုန်းများ International Outbound Roaming Service အသုံးပြုနိုင်ရေးဆောင်ရွက်နေမှုအား ပြည်သူသို့ အသိပေးကြေညာချက်

၁။ မြန်မာနိုင်ငံ၏ GSM/WCDMA မိုဘိုင်းတယ်လီဖုန်းသုံးစွဲသူများသည် မိမိကိုင်ဆောင်ထားသော GSM/ WCDMA မိုဘိုင်းတယ်လီဖုန်းဖြင့် အခြားနိုင်ငံများသို့ ရောက်ရှိချိန်တွင်လည်းကောင်း၊ အခြားနိုင်ငံများ၏ GSM/ WCDMA မိုဘိုင်းတယ်လီဖုန်းကိုင်ဆောင်သူများသည် မြန်မာနိုင်ငံသို့ ရောက်ရှိချိန်တွင်လည်းကောင်း၊ ဆက်သွယ်အသုံးပြုနိုင်မည့် International Romaing စနစ်ကို ဝန်ဆောင်မှုပေးနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိပါသည်။

၂။ ထိုသို့ဆောင်ရွက်လျက်ရှိရာ ယခုအခါ အာဆီယံနိုင်ငံများအပါအဝင် နိုင်ငံပေါင်း ၄၆ နိုင်ငံမှ Operator ၇၇ ဦး၏ မိုဘိုင်းဖုန်းသုံးစွဲသူများမှ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ မိုဘိုင်း Network တွင် Inbound Roaming လာရောက် သုံးစွဲနိုင်ပြီဖြစ်သည်။

၃။ အလားတူ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ မိုဘိုင်းတယ်လီဖုန်းသုံးစွဲသူများ အခြားနိုင်ငံသို့ ရောက်ရှိချိန်တွင် မိမိ၏ မိုဘိုင်းဖုန်းဖြင့် အသုံးပြုနိုင်ရေးအတွက် စက်မှုပိုင်းဆိုင်ရာများ စမ်းသပ်ဆောင်ရွက်ပြီးစီးသော နိုင်ငံပေါင်း ၃၁ နိုင်ငံမှ Operator ၃၁ ဦး၏ မိုဘိုင်း Network တွင် (၂-၇-၂၀၁၄) ရက်နေ့မှစတင်၍ International Outbound Roaming ဝန်ဆောင်မှုပေးမည်ဖြစ်ပါသည်။ အသေးစိတ်အချက်အလက်များကို www.micit.gov.mm တွင်လည်းကောင်း၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ Call Center ဖုန်းအမှတ် ၁၈၇၆ တွင် လည်းကောင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

၄။ International Roaming စနစ်သုံးစွဲလိုသော Postpaid မိုဘိုင်းဖုန်းသုံးစွဲသူများသည် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း (နေပြည်တော်၊ ရန်ကုန်၊ မန္တလေး)ရှိ ငွေလက်ခံကောင်တာများ၊ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်မန်နေဂျာရုံး၊ ငွေစာရင်းဌာနများတွင် သတ်မှတ်ထားသော ကြိုတင်ငွေပေးသွင်းရန် လိုအပ်ပါမည်။ ကြိုတင်ငွေပေးသွင်းရန် အသေးစိတ်အချက်အလက်များကို မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ငွေစာရင်းဌာန၏ ဖုန်းအမှတ် ၀၁-၂၄၆၂၄၈ တွင်စုံစမ်းမေးမြန်းနိုင်ပါသည်။

၅။ International Roaming စနစ်သုံးစွဲလိုသော Prepaid မိုဘိုင်းဖုန်းသုံးစွဲသူများသည် မိမိသုံးစွဲလိုသည့် အခြေအနေအရ ကျသင့်မည့် Bill amount ကိုခန့်မှန်းကာ ကြိုတင်၍ငွေဖြည့်ထားရန် လိုအပ်ပါမည်။ International Roaming စနစ် ဖွင့်လှစ်နိုင်ရေး မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ရုံးချုပ်အခြေစိုက် မိုဘိုင်းဆက်သွယ်ရေးစခန်း ရန်ကုန်မြို့သို့ ဆက်သွယ်ဆောင် ရွက်ရပါမည်။ အသေးစိတ်အချက်အလက်များကို မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ရုံးချုပ်အခြေစိုက် မိုဘိုင်းဆက်သွယ်ရေးစခန်း၏ ဖုန်းအမှတ် ၀၁-၈၆၀၄၉၇၇ တွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂၆-၆-၂၀၁၄

ရွှေဈေးနှုန်း(အောင်သမာဓိ)

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၇၃၅၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၃၃၉၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၇၄၅၀၀

စက်သုံးဆီဈေးနှုန်း (Max/ Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	ကျပ် ၈၀၇
ဒီဇယ်	တစ်လီတာ	ကျပ် ၉၅၀
အောက်တိန်း ၉၂	တစ်လီတာ	ကျပ် ၉၃၀
အောက်တိန်း ၉၅	တစ်လီတာ	ကျပ် ၁၁၄၀
ပရီမီယံဒီဇယ်	တစ်လီတာ	ကျပ် ၉၉၀

သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)

၁။	ငါးကြင်း	တစ်ပိဿာ	၃၈၀၀-၆၀၀၀
၂။	ငါးမြစ်ချင်း	တစ်ပိဿာ	၂၅၀၀-၄၀၀၀
၃။	ငါးရံ့	တစ်ပိဿာ	၆၅၀၀-၇၅၀၀
၄။	ငါးဖယ်	တစ်ပိဿာ	၇၀၀၀-၁၁၀၀၀
၅။	ပုစွန် (ကျော့)	တစ်ပိဿာ	၆၀၀၀-၈၅၀၀
၆။	ပုစွန်တုပ်	တစ်ပိဿာ	၉၀၀၀-၂၇၀၀၀
၇။	ငါးသားလောက်	တစ်ပိဿာ	၇၅၀၀-၁၃၅၀၀
၈။	ကြက်	တစ်ပိဿာ	၅၅၀၀-၁၂၀၀၀
၉။	ဝက်	တစ်ပိဿာ	၅၀၀၀-၈၀၀၀
၁၀။	အမဲ	တစ်ပိဿာ	၆၀၀၀-၉၀၀၀
၁၁။	ဆိတ်	တစ်ပိဿာ	၉၀၀၀-၁၅၀၀၀
၁၂။	ဘဲ	တစ်ပိဿာ	၆၀၀၀-၈၅၀၀

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	၉၇၀-၉၈၀
ဥရောပ	တစ်ယူရို	၁၃၃၂-၁၃၄၀
စင်ကာပူ	တစ်ဒေါ်လာ	၇၇၅-၇၆၃
ထိုင်း	တစ်ဘတ်	၃၀.၅-၃၁
အိန္ဒိယ	တစ်ရူပီး	၁၅.၂-၁၅.၇၉
တရုတ်	တစ်ယွမ်	၁၅၃-၁၅၅
မလေးရှား	တစ်ရင်းဂစ်	၂၉၈-၃၀၁

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

မိုးဆန်(ဧည့်သည်အသစ်)	တစ်အိတ်	၁၇၂၀၀
ပေါ်ကွဲ (အသစ်)	တစ်အိတ်	၂၁၀၀၀
ပေါ်ဆန်း (အသစ်)	တစ်အိတ်	၂၅၅၀၀-၂၉၅၀၀
မြေပဲဆီ	တစ်ပိဿာ	၃၂၀၀
စားအုန်းဆီ	တစ်ပိဿာ	၁၅၂၀
ဆိပ်ဖြူကြက်သွန်ဖြူ	တစ်ပိဿာ	၃၄၀-၅၆၀
ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၁၀၅၀-၁၆၀၀
ကြက်သွန်ဖြူ(ကြူကုတ်)	တစ်ပိဿာ	၁၁၅၀-၁၂၅၀
အာလူး(ရှမ်း)	တစ်ပိဿာ	၄၂၀-၆၁၀
ငရုတ်ရှည် (ညောင်ရမ်း)	တစ်ပိဿာ	၂၃၀၀
ငရုတ်ပွ (စိမ်းစား)	တစ်ပိဿာ	၄၅၀၀
သကြား	တစ်ပိဿာ	၉၃၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှအပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။ ခင်ဆိုင်-ဓာတ်ပုံ… **ခင်ဆိုင်-စေ့ငုတင်ပြသည်။**

ပင်စင်စားများအတွက် တန်ဖိုးနည်းဖုန်းထုတ်ပေး

ထန်တလန် ဇွန် ၂၆

ထန်တလန်မြို့နယ်ရှိ ပင်စင်စားများအတွက် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဝန်ကြီးဌာနမှ တန်ဖိုးနည်းမိုဘိုင်းဖုန်း အလုံး ၁၀၀ ထုတ်ပေးလျက်ရှိရာ ပင်စင်စားဦးရေ ၂၀၀အား ဇွန် ၁၉ ရက်က ထန်တလန်မြို့ မြန်မာ့ဆက်သွယ်ရေးရုံး၌ မဲနှိုက်လျက်ရှိကြောင်း သိရသည်။

ထုတ်ပေးလျက်ရှိ

ယခု ထုတ်ပေးလျက်ရှိသော တယ်လီဖုန်းသည် WCDMA အမျိုးအစားဖြစ်ပြီး ချင်းပြည်နယ်အတွင်းရှိ တွန်းဇန်၊ မတူပီ၊ ကန်ပက်လက်နှင့် ထန်တလန်မြို့နယ်များကို အလုံး ၁၀၀ စီ ထုတ်ပေးခြင်းဖြစ်ကြောင်း ထန်တလန်မြို့နယ်တွင် ပင်စင်စား ၇၀၀ ကျော်ရှိကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

အာရှမသန်စွမ်းအားကစားပြိုင်ပွဲအတွက် အလှူငွေပေးအပ်

နေပြည်တော် ဇွန် ၂၆

၂၀၁၄ ခုနှစ် အောက်တိုဘာ ၁၈ ရက်မှ ၂၄ ရက်အထိ တောင်ကိုရီးယားသမ္မတနိုင်ငံ အင်ချွန်းမြို့၌ ကျင်းပမည့် အာရှမသန်စွမ်းအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မသန်စွမ်းအားကစားသမားများအတွက် အောင်နိုင်သူ သမဝါယမလီမိတက်မှ အလှူငွေကျပ်သိန်း ၄၀ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို နေပြည်တော် ဇမ္ဗူသီရိ ဟိုတယ်၌ ဇွန် ၂၄ ရက် နံနက် ၁၁ နာရီခွဲက ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားသို့ မြန်မာနိုင်ငံ မသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်ချုပ်နေလင်းနှင့် အမှုဆောင်များ၊ အောင်နိုင်သူ သမဝါယမလီမိတက်မှ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးသန်းတင်(ငြိမ်း)မှ အလှူငွေကျပ်သိန်း ၄၀ အား ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံ မသန်စွမ်းသူများ အားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဗိုလ်ချုပ်နေလင်းက လက်ခံယူပြီး ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

အာရှမသန်စွမ်း အားကစားပြိုင်ပွဲမှာ (၁၁)ကြိမ်မြောက် ကျင်းပခြင်းဖြစ်ပြီး ၂၀၁၄ ခုနှစ် အောက်တိုဘာ ၁၈ ရက်မှ ၂၄ ရက်အထိ ကိုရီးယားသမ္မတနိုင်ငံ အင်ချွန်းမြို့တွင်ကျင်းပကာ အဖွဲ့ဝင်နိုင်ငံ ၄၂ နိုင်ငံမှ မသန်စွမ်းအားကစားသမား ၃၀၀၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး မြန်မာနိုင်ငံမှ ရေကူး၊ ပြေးခုန်ပစ်၊ ထိုင်လျက်ဘော်လီဘော၊ မြားပစ်အားကစားနည်းလေးမျိုးတွင် မသန်စွမ်းအားကစားသမား ၂၆ ဦး စေလွှတ်ယှဉ်ပြိုင်ရန်အတွက် ဒဂုံမြို့သစ်(မြောက်ပိုင်း) မသန်စွမ်း အားကစားလေ့ကျင့်ရေးခန်းတွင် စခန်းသွင်းလေ့ကျင့်လျက်ရှိကြောင်း သိရသည်။ **မင်းမင်းလတ်(မန်းတက္ကသိုလ်)**

ဖိတ်ကြားခြင်း

သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီအနေဖြင့် သီလဝါ အထူးစီးပွားရေးဇုန် စီမံကိန်းဒုတိယအဆင့် ဇရိယာဟက်တာ (၂၀၀၀) အကောင်အထည်ဖော်ရန် အတွက် မဟာဗျူဟာမြောက် ပတ်ဝန်းကျင် ထန်းစစ်ခြင်း (Strategic Environmental Assessment - SEA) နှင့် ပတ်သက်၍သက်ဆိုင်သူများနှင့်တွေ့ဆုံပွဲ (Stakeholder Meeting) ကို ၂၀၁၄ ခုနှစ်၊ ဇွန်လ(၃၀) ရက်နေ့ (တနင်္လာနေ့)၊ နံနက် (၁၀း၀၀နာရီမှ ၁၁း၀၀ နာရီအထိ) မြို့ပြနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ မြေယာရုံးခွဲ (၂)၊ သန်လျင်မြို့နယ် (သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှု ကော်မတီ ယာယီရုံး) ၌ကျင်းပသွားမည် ဖြစ်ပါသဖြင့် ဖိတ်ပါဝင်စားသူများ တက်ရောက်နိုင်ပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။ တက်ရောက် လိုသူများသည် Email: thilawaygn@gmail.com သို့ (၂၈-၆-၂၀၁၄) ရက်နေ့ နောက်ဆုံးထား၍ ပေးပို့ ဆက်သွယ်ပေးနိုင်ပါရန် အကြောင်းကြားအပ်ပါသည်။

သီလဝါ အထူးစီးပွားရေးဇုန် စီမံခန့်ခွဲရေးကော်မတီ

အမြွှာညီအစ်ကိုအတွက် မွေးနေ့ဆုတောင်းလွှာ

ဖေဖေ ဗိုလ်မှူးကြီးသန်းအောင်(ငြိမ်း) ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ကျန်းမာရေးဝန်ကြီးဌာန၊ မေမေ ဒေါ်အေးချစ်ကျော် ကျောင်းဆရာမ(ငြိမ်း) (အထက)ဟားခါးတို့၏သားအမြွှာ ကိုထက်ဝေအောင် (ကျွမ်းကျင် -၁ MRTV နေပြည်တော်)နှင့် ဗိုလ်ကြီးထူးဝေအောင် (လ/ထ ကထိက ဓာတုဗေဒဌာန တပ်မတော်စစ်တက္ကသိုလ်)တို့၏ ၂၇-၆-၂၀၁၄ ရက်တွင် ကျရောက်သော (၂၇)နှစ်ပြည့်မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင် သာသနာတော်အကျိုး၊ နိုင်ငံတော်အကျိုး၊ ပရဟိတအများအကျိုးတို့ကို စွမ်းစွမ်းတမံဆောင်ရွက်နိုင်သော သားကောင်းရတနာများဖြစ်ကြပါစေဟု ဆုမွန်ကောင်းတောင်းအပ်ပါသည်။

အချစ်ဆုံးအစ်ကိုများ

- ⇨ **ဗိုလ်မှူးလွှမ်းအောင် (တပ်မတော်ရေ)၊ ဒေါ်မြတ်ငြိမ်းချမ်း၊ သမီး အေးမြသံသာချို (Grade II-Lonemani)**
- ⇨ **ဦးသက်ဇော်ဆန်း (ဦးစီးအရာရှိ) ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန တန့်ဆည်မြို့၊ ဒေါ်သိမ့်သန္တာအောင်(အထပြ တန့်ဆည်)**
- ⇨ **ဦးအောင်ကျော်မျိုး (လ/ထ လူဝင်မှုကြီးကြပ်ရေးမှူး လူဝင်မှုနှင့် နိုင်ငံသားပြုဌာနခွဲ) ဒေါ်မေလှဲ့ဝါထွန်း (မန်နေဂျာ CGM Co.,Ltd.)၊ သား မောင်ရဲသီဟသွေး (Nusary II-MLA)**

ကန့်ကွက်နိုင်ပါကြောင်း

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်း-ကြီးပွားရေးမြောက်၊ (မြယမုံအိမ်ရာ)၊ မြေကွက် ၃၇၊ ဧရိယာ ၀ဒသမ၁၃၀ဧက၊ နှစ် ၆၀ မြေငှားစာချုပ်အမည်ပေါက်မှာ ဦးစိုးအောင်ဖြစ်ပါသည်။ အဆိုပါ မြေ+ဆ/ဦးအား အရောင်းအဝယ်စာချုပ်(၃၄၁၃/၂၀၁၄)တင်ပြ၍ ဦးကျော်ဇေယျာမျိုး ၈/မကန(နိုင်)၁၂၃၉၅၆၊ ဒေါ်သူဇာမြင့်ထွန်း ၁၂/သလန(နိုင်)၀၇၈၈၀၅ အမည်သို့ ပြောင်းလဲခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက အထောက်အထား(မူရင်း)အပြည့်အစုံ တင်ပြ၍ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြေတိုင်းဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

မီး သတိပြု

ကျောက်တံခါးမြို့တွင် တရားမဝင်သစ်များ ဖမ်းဆီးရမိ

ကျောက်တံခါး ဇွန် ၂၆

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ပဲနွယ်ကုန်း-ကျောက်ကြီးသွားကားလမ်းဘေးရှိ အုန်းနှဲပင်ကျေးရွာမှ ဇွန် ၂၅ ရက် နံနက်ပိုင်းတွင် ယာဉ်အမှတ် ၆C/... ယူဒီနီဆန်းဒီဇယ် CONDOR အပြာရောင် ခြောက်ဘီးယာဉ်ဖြင့် ကညင်ခွဲသား ခြောက်တန်ခန့်တင်ဆောင်၍ ရန်ကုန်ဘက်သို့ ဦးတည်ပြီးထွက်ခွာလာကြောင်း သိရှိရသဖြင့် ၎င်းယာဉ်ကို ဖမ်းဆီးရမိနိုင်ရေးအတွက် ကျောက်တံခါးမြို့ သစ်တောဦးစီးမှူးရုံးရှေ့ ရန်ကုန်-မန္တလေး ကားလမ်းဟောင်းတွင် စောင့်ဆိုင်းနေစဉ် ၎င်းယာဉ်ရောက်ရှိလာပြီး ရပ်တန့်ခိုင်းရာ မရပ်ပေးဘဲ ညောင်လေးပင်မြို့ဘက်သို့ မောင်းနှင်သွားကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ တရားမဝင်သစ်များ တင်ဆောင်မောင်းနှင်လာသော ယာဉ်အမှတ် ၆C/.... ယာဉ်နောက်သို့ ကျောက်တံခါးမြို့နယ် သစ်တောဦးစီးအရာရှိ ဦးကျော်ကျော်ဦးနှင့်အဖွဲ့တို့က ၎င်းယာဉ်ကို လိုက်လံရှာဖွေရာ မွန်းလွဲ ၁ နာရီခန့်တွင် ညောင်လေးပင်မြို့နယ် ပိန်းဇလုပ်ကျေးရွာ မြောက်ပိုင်းရပ်ကွက် ဘုန်းတော်ကြီးတိုက်ကျောင်းရှေ့ လမ်းသွယ်တွင် ရပ်တန့်ထားသည်ကို တွေ့ရှိ၍ ၎င်းယာဉ်ကို ကျောက်တံခါးမြို့နယ် သစ်တောရုံးသို့ ပြန်လည်မောင်းနှင်ခဲ့ပြီး ယာဉ်ပေါ်မှ တရားမဝင် ကညင်သစ်ခွဲသားဆိုဒ်စုံ ၆၂ ချောင်း ခြောက်တန်ခန့်ကို သစ်တောဥပဒေနှင့်အညီ သိမ်းဆည်းခဲ့ပြီး ယာဉ်မောင်းနှင့် ယာဉ်ပိုင်ရှင်၊ သစ်ပိုင်ရှင်များအား စစ်ဆေးဖော်ထုတ်၍ ကျောက်တံခါးမြို့နယ် တရားရုံးတွင် ဥပဒေနှင့်အညီ တရားစွဲတင်ပို့သွားမည်ဖြစ်ကြောင်း သိရသည်။

ခင်ကို(ကျောက်တံခါး)

Mobile Team အဖွဲ့ တားဆီးစစ်ဆေးမှုများ ဆောင်ရွက်

ရန်ကုန် ဇွန် ၂၆

Mobile Team အဖွဲ့သည် တားဆီးစစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိရာ မြဝတီ-ရန်ကုန် လမ်းကြောင်းပေါ်ရှိ ဝေါမြို့နယ် ညောင်ခါးရှည်စစ်ဆေးရေးနေရာ၌ ဇွန် ၂၀ ရက် နံနက် ၇ နာရီက မြဝတီမှ ရန်ကုန်သို့ ထွက်ခွာလာသည့် ကုန်တင် ၁၂ ဘီး ယာဉ်ကို စစ်ဆေးခဲ့ရာ ပုလင်းခွံ အဟောင်းအိတ် ၃၂၀ ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၅၃၅၀၀၀ ကိုလည်းကောင်း၊ ဇွန် ၁၉ ရက် ည ၁၁ နာရီတွင် မြဝတီမှ ရန်ကုန်သို့ မောင်းနှင်လာသော ၁၂ ဘီးယာဉ်ကို စစ်ဆေးခဲ့ရာ Screen Printing Ink ခုနစ်ဖာနှင့် တင်နာ (၁×၂၅kg) ငါးပုံး(ခန့်မှန်းတန်ဖိုး ၄၀၀၀၀၀)ကိုလည်းကောင်း၊ ဇွန် ၂၂ ရက် ညနေပိုင်းတွင် မြဝတီမှ ရန်ကုန်သို့ ထွက်ခွာလာသည့် ခြောက်ဘီးယာဉ်ကို စစ်ဆေးခဲ့ရာ သွင်းကုန်ကြော်ငြာလွှာနှင့် ကွဲလွဲလျက်ရှိသော Lady Sandle (Hight Heel) ၁၉၁ ရန် (ခန့်မှန်းတန်ဖိုး ၃၈၂၀၀၀)ကိုလည်းကောင်း၊ ဇွန် ၂၃ ရက်က ကျိုက်ထိုမှ ရန်ကုန်သို့ ထွက်ခွာလာသည့် မှန်လုံယာဉ်သုံးစီးကို စစ်ဆေးခဲ့ရာ Beer Chang ၃၅ ဖာ (ခန့်မှန်းတန်ဖိုး ၃၅၀၀၀၀)ကိုလည်းကောင်း စစ်ဆေးတွေ့ရှိခဲ့ပြီး အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(သတင်းစဉ်)**

ရော်ဘာစိုက်ခင်းအတွင်း ဘိန်းစာပင်များဖမ်းဆီးရမိ

လှိုင်းဘွဲ့ ဇွန် ၂၆

ဘားအံခရိုင် လှိုင်းဘွဲ့မြို့နယ် သပုထိုကျေးရွာအုပ်စု ကျုံကော်ကျေးရွာ ကျုံကော်တောင်ခြေအနီးတွင် ပိုင်ရှင်ဖော်လင်း(ခ)အလင်း စိုက်ပျိုးထားသော ရော်ဘာစိုက်ခင်း အတွင်း ဘိန်းစာပင်များ စိုက်ပျိုးထားရှိသည်ကို သတင်းရရှိသဖြင့် ဇွန် ၂၅ ရက် ညနေ ၃ နာရီခွဲတွင် မြို့နယ်ရဲမှူးခင်မောင်အေး ဦးစီးသော ရဲတပ်ဖွဲ့ဝင် ၁၀ ဦး၊ ထီလုံရဲစခန်းမှူးနှင့် ရဲတပ်ဖွဲ့ဝင်ခြောက်ဦး၊ နယ်မြေခံတပ်မှ ဗိုလ်ကြီးချမ်းငြိမ်းဦးစီးသော တပ်ဖွဲ့ဝင် ၂၀၊ ဘီဂျီအက်ဖ် ၁၀၁၅ မှ ဗိုလ်ကြီးစိုးနိုင်ဦးစီးသော တပ်ဖွဲ့ဝင် ၁၀ ဦး၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး၊ မြို့နယ်တရားရုံးမှနှစ်ဦး၊ သပုထိုကျေးရွာ၊ ထီလုံကျေးရွာနှင့် နောင်ကမြိုင်ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ပြည်သူ့စစ်နှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးရာ ရော်ဘာစိုက်ခင်းဧက ၂၀ အတွင်းတွင် ဘိန်းစာပင် ၂၀၉ ပင်၊ အလေးချိန် ၂၉၁၄၂ ကီလိုဂရမ်၊ ပိဿာချိန် ၁၈ ဒသမ ၅ ပိဿာအား ဖမ်းဆီးရရှိသဖြင့် သိမ်းဆည်းဖျက်ဆီးခဲ့ပြီး စိုက်ပျိုးသူ၏ဇနီး မိငယ်(ခ)အငယ်အား အမှုဖွင့်အရေးယူထားလျက်ရှိကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

အကျဉ်းထောင်၊ ရဲစခန်း၊ တရားရုံးများအားစစ်ဆေး

ရန်ကုန် ဇွန် ၂၆

ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဦးသန်းထွန်းသည် ဇွန် ၂၀ရက် နံနက် ၉နာရီက ပုသိမ်အကျဉ်းထောင်သို့ သွားရောက်၍ အကျဉ်းသား အကျဉ်းသူများ၏ နေထိုင်စားသောက်မှု၊ ကျန်းမာရေးစောင့်ရှောက်မှု၊ ဥပဒေပါအခွင့်အရေးများရရှိမှုနှင့်စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထို့ပြင် ဇွန် ၂၀ ရက် နံနက် ၁၀ နာရီတွင် တိုင်းဒေသကြီးလွှတ်တော်တရားသူကြီးချုပ် ဦးသန်းထွန်းသည် ပုသိမ်မြို့ အမှတ်(၁)ရဲစခန်း၊ အမှတ်(၂)ရဲစခန်းတို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်သည် ပုသိမ်ခရိုင် တရားရုံးတွင် ခရိုင်နှင့် ခရိုင်အတွင်းရှိ တရားရုံးများမှ တရားသူကြီးများနှင့်တွေ့ဆုံ၍ အမှုများမြန်ဆန်ထိရောက်စွာ ပြီးပြတ်ရေး၊ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့် အညီ စီရင်ဆုံးဖြတ်ရေး၊ လာဘ်ပေးလာဘ်ယူကင်းရှင်းရေးတို့ကိုမှာကြားခဲ့ပြီး ပုသိမ်ခရိုင်တရားရုံးနှင့် ပုသိမ်မြို့နယ်တရားရုံးတို့ကို စစ်ဆေးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

ယာဉ်နှစ်စီး မျက်နှာချင်းဆိုင်တိုက်မိ

ရန်ကုန် ဇွန် ၂၆

တိုက်ကြီးမြို့နယ် ရန်ကုန်-ပြည်လမ်း ဥတိုကျေးရွာ မိုင်တိုင်အမှတ်(၅၄/၇) အနီးတွင် ဇွန် ၂၄ ရက် ညနေ ၅ နာရီခွဲက ယာဉ်နှစ်စီးမျက်နှာချင်းဆိုင် တိုက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်ဘက်မှ ပြည်ဘက်သို့ ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ်နေ ယာဉ်မောင်း ဦးခင်မောင်အေး(၄၅ နှစ်)မောင်းနှင်လာသော ၈ဈ/---စူပါကာစတန်ယာဉ်နှင့်ပြည်ဘက်မှ ရန်ကုန်ဘက်သို့ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်နေ ယာဉ်မောင်း ဦးကြည်လွင်(၄၆ နှစ်)မောင်းနှင်လာသော 8K/---လိုက်ထရပ်ယာဉ်တို့သည် အဆိုပါနေရာ၌ မျက်နှာချင်းဆိုင်တိုက်မိခဲ့ခြင်းဖြစ်သည်။ အဆိုပါ ယာဉ်တိုက်မှုကြောင့် ယာဉ်နှစ်စီးပျက်စီးပြီး ၈ဈ/---ယာဉ်မောင်း ဦးခင်မောင်အေးနှင့် ယာဉ်ပေါ်ပါ အမျိုးသားတစ်ဦးနှင့် 8K/---ယာဉ်မောင်း ဦးကြည်လွင်နှင့်ယာဉ်ပေါ်ပါ အမျိုးသမီးနှစ်ဦးတို့တွင် ဒဏ်ရာများရရှိခဲ့၍ တိုက်ကြီးဆေးရုံတွင် အတွင်းလူနာ(မစိုးရိမ်ရ)များအဖြစ် ကုသလျက်ရှိပြီး 8K/--- ယာဉ်၏ ခေါင်းခန်းမှလိုက်ပါလာသော အမျိုးသမီးတစ်ဦးမှာဒဏ်ရာများရရှိခဲ့သဖြင့် တိုက်ကြီးဆေးရုံမှတစ်ဆင့် ရန်ကုန်ဆေးရုံကြီးသို့တင်ပို့ခဲ့ရာ အတွင်းလူနာ(မစိုးရိမ်ရ)အဖြစ် ကုသမှုခံယူလျက်ရှိသည်။

ယင်းကဲ့သို့ ယာဉ်တိုက်မှုဖြစ်ပွားခဲ့သည့်အတွက် ယာဉ်မောင်းများဖြစ်သော ဦးခင်မောင်အေးနှင့်ဦးကြည်လွင်တို့နှစ်ဦးကို တိုက်ကြီးမြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **စိုးဝင်း(SP)**

ကြော်ငြာ

telenor
မြန်မာ့ရဲ့ တေးသွားငွေကြယ်ပွင့်
သင့်တေးသွားကို ပို့လိုက်ပါ။
ဂီတအနုပညာရှင် (၃) ယောက်က
စောင့်ကြိုနေပါတယ်။
မြန်မာတေးသွားငွေကြယ်ပွင့်
ရှာဖွေမှုကြီး စတင်ပါပြီ....
သင့်ဘဝတစ်ခုလုံး ပြောင်းလဲသွားစေနိုင်တဲ့ လက်တကမ်းမှအခွင့်အရေး
Good to know: www.facebook.com/telenormyanmar

ဌာနဆိုင်ရာ

သပိတ်ကျင်းဆိပ်ကမ်းအနေဖြင့် ရေယာဉ်များ ဆိုက်ကပ်ပေးနိုင်ရေး စီစဉ်ပေးမည်

သပိတ်ကျင်းမြို့သည် ဆိပ်ကမ်းမြို့ဖြစ်သော်လည်း ဧရာဝတီရေကြောင်းပို့ဆောင်ရေးမှ သင်္ဘောများ အစုန်/အဆန် ဆိုက်ကပ်မှုမရှိခြင်း၊ ဗန်းမော်-မန္တလေးကားလမ်းပေါက်သွားခြင်းတို့ကြောင့် သပိတ်ကျင်းမြို့၌ စီးပွားရေးခက်ခဲမှုဖြစ်ပြီး စားဝတ်နေရေးကျပ်တည်းမှုကြောင့် သင်္ဘောများဆိပ်ကမ်း၌ ဆိုက်ကပ်ပေးပါရန်နှင့် မြစ်အနောက်ဘက်နှင့် ဇက်သင်္ဘောစီစဉ်ပေးပါရန် တင်ပြခြင်းနှင့်ပတ်သက်၍ မန္တလေး-ကသာ(ထူးမြန်) ခရီးလမ်းကို ခရီးသည်နှင့် ကုန်ရရှိမှုပေါ်မူတည်၍ တစ်ပတ်နှစ်ခေါက်(အင်္ဂါ-သောကြာ) ပြေးဆွဲပေးလျက်ရှိကြောင်း၊ မန္တလေး-ဗန်းမော် (ရက်မှန်) ခရီးလမ်းကို ကုန်ရရှိမှု အခြေအနေအရ တစ်လနှစ်ခေါက်(သောကြာနေ့)ပြေးဆွဲပေးလျက်ရှိကြောင်း၊ အထက်ပါခရီးလမ်းနှစ်ခုတွင် သပိတ်ကျင်းဆိပ်ကမ်းအနေဖြင့် ခရီးသည်/ကုန်အတက်၊ အဆင်းရှိပါက မိမိရေယာဉ်များ ဆိုက်ကပ်ပေးနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသွားပါမည်ဖြစ်ပြီးမြစ်အနောက်ဘက်နှင့်ဇက်သင်္ဘောစီစဉ်ပေးပါရန်နှင့် ပတ်သက်၍ ဧရာဝတီဌာနခွဲအနေဖြင့် ယခုအချိန်တွင် မြစ်ဖြတ် ကူးတို့လိုင်းများကို ဌာနအစီအစဉ်ဖြင့် ပြေးဆွဲပေးနိုင်ခြင်းမရှိကြောင်းနှင့် ဇက်ရေယာဉ်များကို လပြတ်ငှားရမ်းအသုံးပြုလိုပါက ငှားရမ်းခွင့်ပြုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပို့ဆောင်ရေးဝန်ကြီးဌာနက ဖြေကြားခဲ့ကြောင်း သိရသည်။

ယာဉ်နှင့် ဆိုင်ကယ်များ အာမခံပေးသွင်းပြေစာပါရှိမှသာ မှတ်ပုံတင်ဆောင်ရွက်ပေး

မြို့နယ်စည်ပင်သာယာရေးကော်မတီသည် မြို့ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် သုံးစွဲနိုင်ရန် စည်ပင်သာယာရေးအဖွဲ့ဝင်ငွေများကို နှစ်အလိုက်တိုးတက်ရရှိရေး ဆောင်ရွက်ကြရပါသည်။ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝင်ငွေရရှိရေး ဆောင်ရွက်ရာတွင် ဘီးခွန်ကောက်ခံခြင်းသည် အဖွဲ့ဝင်ငွေရရှိရေး၏ လုပ်ငန်းတစ်ရပ်ဖြစ်ပါသည်။ လက်ရှိဘီးခွန်ကောက်ခံသည့်စနစ်သည် အများအားဖြင့် လမ်းမပေါ်ရှိ သင့်လျော်သည့်နေရာ၌ စည်ပင်သာယာဝန်ထမ်းများကို တာဝန်ချထားပြီး လမ်းမပေါ်သွားလာနေသည့် မော်တော်ယာဉ်များကို ခေတ္တရပ်တန့်စေ၍ နှစ်အတွင်း ဘီးခွန်ဆောင်ပြီး မပြီးစစ်ဆေးကာ ဘီးခွန်မဆောင်ရသေးပါက ဘီးခွန်ပေးသွင်းစေခြင်း၊ ပြေစာထုတ်ပေးခြင်းဖြင့် ကောက်ခံသည့်စနစ်ဖြစ်ပါသည်။ ယင်းကဲ့သို့ဆောင်ရွက်ခြင်းသည် ယာဉ်အားလုံးကို ဘီးခွန်ကောက်ခံနိုင်မှုမရှိခြင်း၊ ယာဉ်အသွားအလာများကို အနှောင့်အယှက်ဖြစ်စေခြင်း စသည့် အားနည်းချက်များတွေ့ရှိရပါသည်။ တင်ပြလိုသည့်အချက်မှာ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ယာဉ်လိုင်စင်သက်တမ်း တိုးပေးခြင်း၊ တစ်ခါတစ်ရံတွင် လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များကို မှတ်ပုံတင်ပေးခြင်း အစရှိသဖြင့် ဆောင်ရွက်လျက်ရှိရာ ယာဉ်လိုင်စင်သက်တမ်းတိုးပေးခြင်း ဆောင်ရွက်ရာတွင် ပရီမီယံကြေးပေးသွင်းစေသကဲ့သို့ ဘီးခွန်ဆောင်ပြီးကြောင်း အထောက်အထားတင်ပြစေပြီးမှသာ ယာဉ်လိုင်စင်သက်တမ်းတိုးပေးခြင်းကို ဆောင်ရွက်နိုင်ပါရန် တင်ပြအပ်ပါသည်။ ထိုကဲ့သို့ ဆောင်ရွက်ခြင်းအားဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရန်ပုံငွေ တိုးတက်ရရှိရေးအတွက် အထောက်အကူရရှိစေပြီး ဌာနတစ်ခုနှင့်တစ်ခု ပူးပေါင်းဆောင်ရွက်ခြင်းလည်း ဖြစ်ပါကြောင်း တင်ပြခြင်းနှင့်ပတ်သက်၍

(က) ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များ မှတ်ပုံတင်လုပ်ငန်းများဆောင်ရွက်ရာတွင် ၁၉၆၄ ခုနှစ် မော်တော်ယာဉ် ဥပဒေအရ သူတစ်ပါးထိခိုက်မှုအာမခံကြေးပေးဆောင်ပြီး အာမခံပေးသွင်းပြေစာပါရှိမှသာ မှတ်ပုံတင်လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါသည်။ သို့ဖြစ်ပါ၍ ၁၉၆၄ ခုနှစ် မော်တော်ယာဉ်ဥပဒေနှင့် ၁၉၈၉ ခုနှစ် မော်တော်ယာဉ် နည်းဥပဒေများတွင် ဘီးခွန်ငွေပြေစာ အထောက်အထားကို စိစစ်ရန် ပြဋ္ဌာန်းထားခြင်းမရှိပါ။

(ခ) သို့ဖြစ်ပါ၍ ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်နိုင်ရေးအတွက် စည်ပင်သာယာရေးကော်မတီ၏ ဘီးခွန်ပေးဆောင်သည့်ပြေစာအထောက်အထားပါရှိမှသာ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်သက်တမ်းတိုးပေးရန်ကိစ္စကို ဆောင်ရွက်ပေးနိုင်ခြင်းမရှိပါကြောင်း ဖြေကြားအပ်ပါသည်။

(ဂ) အကယ်၍မိုးကုတ်မြို့နယ် စည်ပင်သာယာရေးကော်မတီ၏ဘီးခွန်ရရှိရေးဆောင်ရွက်လိုပါက တိုင်းဒေသကြီးအစိုးရမှ ပြည်ထောင်စုဝန်ကြီးထံ ညှိနှိုင်းအကြောင်းကြားစာ ပေးပို့ဆောင်ရွက်သင့်ပါကြောင်း ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ ဖြေကြားထားသည်။

လုပ်ငန်းစီမံကိန်းများ၊ စီးပွားရေးဆိုင်ရာလုပ်ငန်းများရှိသည့်အခါ ဥပဒေနှင့်အညီ ဆောင်ရွက်မည်

ပြင်ဦးလွင်မြို့ မြန်မာ့မီးရထားမြေပေါ်တွင်ကျူးကျော်နေထိုင်လျက်ရှိသော ပြည်သူများအား ဖယ်ရှားရန် နို့တစ်စာများပေးဝေခဲ့မှုနှင့်ပတ်သက်၍ မြန်မာ့မီးရထားမှ ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များကိုသိလိုကြောင်း မေးမြန်းခြင်းအပေါ် လက်ရှိမြန်မာ့မီးရထားမြေပေါ်တွင် ကျူးကျော်မှုများကို စာရင်းကောက်ယူပြီး ဖြစ်ကြောင်း၊ ထပ်မံကျူးကျော်မှုများကို လက်ခံမည် မဟုတ်ကြောင်း၊ ထပ်မံအသစ်ကျူးကျော်လာလျှင်သော်လည်းကောင်း၊ အခိုင်အမာအဆောက်အအုံများအဖြစ် ပြောင်းလဲဆောက်လုပ်လာလျှင်သော်လည်းကောင်း ဥပဒေနှင့်အညီ ချက်ချင်းဖယ်ရှား ရှင်းလင်းသွားမည်ဖြစ်ကြောင်း၊ လက်ရှိ ကျူးကျော်မှုများကို ဖယ်ရှားရှင်းလင်းရန် အစီအစဉ်မရှိသေးပါကြောင်း မြန်မာ့မီးရထားအနေဖြင့် လုပ်ငန်းစီမံကိန်းများ၊ စီးပွားရေးဆိုင်ရာလုပ်ငန်းများဆောင်ရွက်ရန်ရှိသည့်အချိန်တွင် ဥပဒေနှင့်အညီ ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ကျူးကျော်မှုများ လတ်တလောဖယ်ရှားရန် အစီအစဉ် မရှိသေးကြောင်း၊ မြန်မာ့မီးရထား၏ လုပ်ငန်းစီမံကိန်းများ ဆောင်ရွက်မှုအခြေအနေအရသာ ဆောင်ရွက်သွားမည် ဖြစ်ကြောင်းနှင့် ကျူးကျော်အသစ်များကို ဥပဒေအရ ချက်ချင်းဖယ်ရှားသွားမည်ဖြစ်ပါကြောင်း ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ ဖြေကြားခဲ့ကြောင်း သိရသည်။

(ဆက်လက်ဖော်ပြပါမည်)

ပြင်ဦးလွင်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ စည်းရုံးရေးကော်မတီ နှစ်ပတ်လည်မျက်နှာစုံညီအစည်းအဝေးကို ဇွန် ၂၃ ရက်က ပြင်ဦးလွင်မြို့ မြို့တော်ခန်းမ၌ ကျင်းပရာ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်မှူးစောထွန်း(ငြိမ်း)က အမှာစကားပြောကြားပြီး ဒုတိယဥက္ကဋ္ဌ ဗိုလ်ကြီးခင်မောင်တင့်(ငြိမ်း)က နှစ်ပတ်လည်အစီရင်ခံစာကို ဖတ်ကြားပြီး မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ရန်ပုံငွေမှ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်နှင့် အရန်အဖွဲ့ဝင်များ၏ သားသမီး ၃၈၉ ဦး အတွက် ပညာသင်ထောက်ပံ့ကြေးပေးအပ်စဉ်။ (မြို့နယ်စစ်မှုထမ်းဟောင်း)

မူးယစ်ဆေးဝါးတိုက်ဖျက်ရေး အကြိုဟောပြော

ရန်ကုန် ဇွန် ၂၆

ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အမှတ်(၂)အခြေခံပညာအလယ်တန်းကျောင်းတို့ ပူးပေါင်း၍ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အကြိုဟောပြောပွဲနှင့် ဓာတ်ပုံပြပွဲ၊ စာအုပ်ပြပွဲကို ဇွန် ၂၄ ရက်က အဆိုပါကျောင်း၌ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးမှူး ဒေါ်စမ်းစမ်းအေးက ပြပွဲကျင်းပရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ကျောင်းအုပ်ဆရာမကြီး ဒေါက်တာဥမ္မာထွေးက မူးယစ်ဆေးဝါး သိကောင်းစရာများအကြောင်းကို ဟောပြောခဲ့သည်။ **(၁၆၃)**

မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့၏ သစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၂၁ ရက်က ဒဂုံမြို့နယ် လွှတ်တော်ရုံးဝင်း၌ကျင်းပရာ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ခင်သက်ဌေးက သစ်ပင်များစိုက်ပျိုးပြီး အဖွဲ့ဝင်များနှင့် ခရိုင်/မြို့နယ်အဖွဲ့ဝင်များကစိုက်ပျိုးမှုများကို ကြည့်ရှုအားပေးစဉ်။ မီးမီး(လှိုင်)

ဖခင် အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ အထက(၂၆)၊ တက္ကသိုလ်ဝင်တန်း(F)မှ မောင်ဟိန်းသူရဇော်၏ ဖခင်အမည်မှန်မှာ ဦးဇော်ရွှေ ၉/မခန(နိုင်)၀၇၄၃၂၅ ဖြစ်ပါကြောင်း။
ဦးဇော်ရွှေ

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၃ယ/၁၅၁၁၄၊ Yamaha FZ 150 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်မူမူသန်း ၅/မရန(နိုင်)၀၁၅၄၂၈က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (မုံရွာမြို့)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃ဃ/၆၆၄၆၊ BMW S/L ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းဟန် ၁၂/ကမရ(နိုင်)၀၄၄၄၈၇က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့

ပြင်ဆင်ဖတ်ရှုပါရန်

၁၅-၆-၂၀၁၄ရက်ထုတ် ဤသတင်းစာ စာမျက်နှာ(၁၅)ပါ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း ကြော်ငြာမှ မသီသီထွန်း(ခ)မသင်းသင်းဦး၏ မှတ်ပုံတင်အမှတ်မှာ ၅/မမန(နိုင်)၀၆၂၂၃၈ ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ အင်းတော်မြို့နယ်၊ အထက မော်လူးတက္ကသိုလ်ဝင်တန်း(D)မှ မောင်ကျော်မင်းနိုင်၊ သတ္တမတန်း(A)မှ မရတနာထွန်း၊ ဆဋ္ဌမတန်း(A)မှ မောင်မြတ်မင်းနိုင်တို့၏ ဖခင်အမည်မှန်မှာ ဦးဖိုးအေး ၉/မလန(နိုင်)၁၀၂၂၅၅ ဖြစ်ပါသည်။
ဦးဖိုးအေး

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၂ယ/၆၃၂၉၆၊ TOHON ၊ ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူ ဦးသုန္ဒရ ၅/မမတ(သ)၀၀၀၂၃၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန၊ ခရိုင်ရုံး(စစ်ကိုင်း)

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅ခ/၃၈၃၁၊ Nissan Diesel၊ ထရပ်ယာဉ်လက်ဝယ်ရှိသူ ဦးခင်မောင်သန်း(ခ)ဦးလင်းထွန်း ၁/ဗမန(နိုင်)၀၆၆၁၄၁က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန၊ ခရိုင်ရုံး(စစ်ကိုင်း)

သားအဖြစ်မှစွန့်လွှတ်ခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ပေါင်းလောင်းရပ်ကွက်နေ မောင်အောင်ရဲကျော်ထင် ၉/ပမန(နိုင်)၂၃၅၁၄၈သည် မိဘဆုံးမမှုကို မနာခံပါ၍ သားအဖြစ်မှစွန့်လွှတ်လိုက်ပါသည်။ ၄င်းနှင့်ပတ်သက်သောကိစ္စများကို တာဝန်မယူပါ။ **(စုံစမ်းခြင်းသည်းခံပါ။)**
ဦးကျော်ထင်အောင်-ဒေါ်အေးအေးသန့်

ပြင်ဆင်ဖတ်ရှုပါရန်

၁၉-၆-၂၀၁၄ရက်ပါ မညိုညို အေး၏ မွေးသက္ကရာဇ်အမှန်မှာ ၂၉-၃-၁၉၉၄ ဟု ပြင်ဆင်ဖတ်ရှုပါရန်။

အမည်ပြောင်း

ဦးထွန်းသိန်းလွင် ၁၁/ရဗန(နိုင်)၀၆၁၁၄၇၏သား အထက(၄) စစ်တွေ တက္ကသိုလ်ဝင်တန်း(A)မှ မောင်အောင်မြတ်မင်းအား မောင်အောင်သီဟဟု ပြောင်းလဲခေါ်ပါရန်။
မောင်အောင်သီဟ

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈ဂ/၈၈၇၅၊ AMS. NEW STYLE Jeep (4×2)L ယာဉ်လက်ဝယ်ရှိသူ ဦးတင်ရီ ၉/မရတ(နိုင်)၀၇၁၁၁၆က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅က/၁၃၇၃ Toyota Corolla S/W(4x2) ယာဉ်လက်ဝယ်ရှိသူ ဦးအောင်လှ ၉/မရမ(နိုင်)၀၇၂၇၅၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။
ကညန၊ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃စ/၅၈၃၂ Toyota Landcruiser S/W ယာဉ်လက်ဝယ်ရှိသူ ဦးဆိုင်းတူးမိုင် ၁၃/ကခန(နိုင်)၀၈၈၉၈၅က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။
ကညန၊ ခရိုင်ရုံး(တောင်ပိုင်း)၊ မန္တလေးမြို့

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၅ခ/၆၈၀၉၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။
ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ယ/၆၉၀၃၈၊ ဟွန်ဒါဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူ ဒေါ်ငြိမ်းငြိမ်းအေး ၅/ဟမလ(နိုင်)၀၅၅၄၄၉က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(မုံရွာမြို့)

ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ကျော်သူအောင် CDC 62556၏ GOCစာအုပ်နှင့် GOCလက်မှတ် C.OC, PSCRB, MFA, AFF AMC, SSO, BTM, Radar & ARPA, BST, EDH, ECDIS, SID အစရှိသည့် လက်မှတ်များ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၁၈၀၇၀၁

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

စာပေရေချမ်းစင်စာအုပ်များ မိုးနဲတွင် အသစ်လဲလှယ်ဆောင်ရွက်

မိုးနဲ ဇွန် ၂၆

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မိုးနဲမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြည်သူ့ဝန်ဆောင်မှုတစ်ရပ်ဖြစ်သည့် ပြည်သူများအား အသိပညာ၊ ဗဟုသုတရရှိစေရန်၊ စာအုပ်စာပေများကို လက်လှမ်းမီ အလွယ်တကူဖတ်ရှုနိုင်စေရန်အတွက် လူစည်ကားရာ ငါးနေရာတွင် စာပေရေချမ်းစင်များထားရှိပြီး စာအုပ်သစ်များကို လစဉ်သွားရောက်လဲလှယ်လျက်ရှိရာ ဇွန် ၂၄ ရက်က မိုးနဲမြို့နယ် ရွှေဝိုးတောင်းကားဂိတ်၊ ချယ်ရီမြေကားဂိတ်၊ မြို့မဈေး၊ မြို့နယ်ကျန်းမာရေးဌာန၊ ထာဝရလက်ဖက်ရည်ဆိုင်တို့တွင် စာပေရေချမ်းစင်စာအုပ်များကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများက သွားရောက်အသစ်လဲလှယ်ပေးခဲ့ကြောင်း သိရသည်။

မျိုးညွန့်ရွှေ(မိုးနဲ)

တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့ ကျေးရွာများ၌ ကွင်းဆင်းကုသ

နေပြည်တော် ဇွန် ၂၆

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်သည် မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်စိုးထွဋ်နှင့်အတူ ဇွန် ၂၃ရက် မွန်းလွဲပိုင်းက ရေနံချောင်းမြို့ သုံးဆယ့်ခြောက်ကျေးရွာ၌ တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့က ဒေသခံပြည်သူများအား ရွေ့လျားခွဲစိတ်ကုသယာဉ်နှင့် ဓာတ်မှန်ရိုက်ယာဉ်များဖြင့် အထွေထွေခွဲစိတ်ကုသခြင်း၊ မျက်စိခွဲစိတ်ကုသခြင်း၊ ဓာတ်မှန်ရိုက်ကူးခြင်း၊ ရောဂါရှာဖွေခြင်း၊ မျက်စိ၊ နား၊ နှာခေါင်းလည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ ကလေးရောဂါ၊ အရိုးနှင့် ထိခိုက်ဒဏ်ရာရောဂါများ ကုသပေးနေမှုများကို ကြည့်ရှုအားပေးကြသည်။

တပ်မတော်နယ်လှည့် အထူးကုဆေးအဖွဲ့သည် ရေနံချောင်းမြို့နယ်အတွင်းရှိ သုံးဆယ့်ခြောက်၊ ကမ္မနှင့်ကံကြီးကျေးရွာတို့နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းများကို ဇွန် ၂၂ရက် မှ ၂၆ ရက်အထိ ကျန်းမာရေးဝန်ကြီးဌာနမှ ကျန်းမာရေးဝန်ထမ်းများနှင့် ပူးပေါင်းကာ ဆေးဝါးကုသပေးမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ကျောင်းကျန်းမာရေးလုပ်ငန်းများ တန့်ယန်းမြို့ အထက(၂)၌စစ်ဆေး

တန့်ယန်း ဇွန် ၂၆

ရှမ်းပြည်နယ်(မြောက်ပိုင်း)တန့်ယန်းမြို့အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာအောင်ဇော်ဦးနှင့် ဆရာဝန်၊ ဆရာမများကကျောင်းတွင် ပညာသင်ကြားနေသော ကျောင်းသား ကျောင်းသူများကို ကျန်းမာရေးစစ်ဆေးခြင်းနှင့် ကူးစက်ရောဂါများရှိ မရှိ စစ်ဆေးခြင်းကို ဇွန် ၂၀ ရက် မွန်းလွဲပိုင်းက ဆောင်ရွက်ကြရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ဝင်းရီနှင့်ဆရာ ဆရာမများက လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ဖောင်ဇင်းတောရဆရာတော် ဘဒ္ဒန္တကောသိယ၏ ကြွင်းကျန်ရစ်သော ဓာတ်တော်များကို ဖူးမြော်သူများ နေ့စဉ်စည်ကားလျက်ရှိ

စဥ့်ကိုင် ဇွန် ၂၆

စဥ့်ကိုင်မြို့နယ် မြောင်ဆုံးကြီးကျေးရွာအုပ်စု ဖောင်ဇင်းကျေးရွာ ဖောင်ဇင်းတောရကျောင်း ဆရာတော် ဘဒ္ဒန္တကောသိယ ဆရာတော်ကြီးပျံလွန်တော်မူစဉ် မီးသင်္ဂြိုဟ်ရာမှ ကြွင်းကျန်ရစ်သော ဓာတ်တော်မွေတော်များကို အဆိုပါကျောင်းတွင် ထိန်းသိမ်းစောင့်ရှောက်ထားရာ ရဟန္တာဟုယုံကြည်ကြပြီး ရပ်ဝေးရပ်နီးမှ လာရောက်ဖူးမြော်သူများဖြင့် နေ့စဉ်စည်ကားလျက်ရှိကြောင်း သိရသည်။

ဖောင်ဇင်းတောရ ဆရာတော် ဘဒ္ဒန္တကောသိယသည် ၂၀၁၄ ခုနှစ် မေ ၂၆ ရက် ည ၁၂ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူခဲ့ပြီး ဆရာတော်ကြီး၏မှာကြားချက်အရ တပည့်ဒါယကာ၊ ဒါယိကာမများသည် မည်သည့်အခမ်းအနားအဆောင်အယောင်မျှ မပြုလုပ်ဘဲ မေ ၂၇ ရက် ညနေ ၃ နာရီက စဥ့်ကိုင်မြို့ မြို့မသုသာန်သို့ ပို့ဆောင်ပြီး မီးသင်္ဂြိုဟ်ရန် စက်အတွင်းသို့ပင့်ဆောင်စဉ် ဆရာတော်၏ကိုယ်ခန္ဓာသည် ပူနွေးခြင်း၊ ခြေလက်များ ကွေးနိုင်ဆန့်နိုင်ခြင်းတို့ကြောင့် မြို့နယ်သံဃနာယကဆရာတော်များအား လျှောက်ထားပြီး မြို့နယ်ဆေးရုံမှ တာဝန်ကျဆရာဝန်က စစ်ဆေးရာ ဆရာတော်ဘဒ္ဒန္တကောသိယသည် ဘဝနတ်ထံပျံလွန်ခြင်းဖြစ်ကြောင်း မှတ်ချက်ချရာ မြို့နယ်သံဃနာယက ဆရာတော်များ၏ ခွင့်ပြုချက်ဖြင့် ဆရာတော်၏ ရုပ်ကလာပ်ကို ပြန်လည်ပင့်ဆောင်ခဲ့ပြီး မေ ၂၈ ရက် နံနက် ၈ နာရီတွင် ကျောင်းဝင်းအတွင်း၌ပင် မီးသင်္ဂြိုဟ်ရာ ဓာတ်တော်မွေတော်များ ကြွင်းကျန်ရစ်ခဲ့ကြောင်း ဆရာတော်ကြီး၏ ဓာတ်တော် မွေတော်များ ထိန်းသိမ်းစောင့်ရှောက်ရေးကော်မတီ နာယက ဦးအောင်ကွန့်နှင့် ဥက္ကဋ္ဌဦးတင်ဦး၏ ပြောကြားချက်အရ သိရသည်။

ဆရာတော်ဘဒ္ဒန္တကောသိယအား စဥ့်ကိုင်မြို့နယ် ကုန်နီကျေးရွာနေ ဦးထာ-ဒေါ်ပိုက်တို့က ၁၂၉၁ ခုနှစ်တွင် ဖွားမြင်တော်မူပြီး ၁၀ နှစ်အရွယ်တွင် ရှင်သာမဏေဝတ်ခဲ့ကာ ဗုဒ္ဓသာသနာ ထွန်းကားပြန့်ပွားရေးလုပ်ငန်းဆောင်ရွက်ကာ တရားအားထုတ်ကျင့်ကြံရင်း ဘဝနတ်ထံပျံလွန်တော်ချိန်တွင် သက်တော် ၈၅ နှစ်၊ ဝါတော် ၆၅ ဝါ ရှိကြောင်း သိရသည်။ **ထွန်းထွန်းနိုင်(ကျောက်ဆည်)**

စွန့်လွှတ်သည့်မြေများ တောင်သူများထံပေးအပ်

လှိုင်ကော် ဇွန် ၂၆

ကယားပြည်နယ် လွိုင်ကော်ခရိုင် လွိုင်ကော်မြို့နယ်အတွင်း စွန့်လွှတ်မြေများ ပြန်လည်လွှဲပြောင်းပေးအပ်သည့်အခမ်းအနားကို ဇွန် ၂၄ ရက် နံနက် ၁၀ နာရီက လွိုင်ကော်မြို့နယ် လောပိတစံပြကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ ပြုလုပ်သည်။

ရှေးဦးစွာ ကယားပြည်နယ် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီအဖွဲ့ဝင် စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးပိုးရယ်ရန်အောင်က အမှာစကားပြောကြားသည်။ ဆက်လက်၍ မြို့နယ်မြေအသုံးချစီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ဆွေက စွန့်လွှတ်မြေများ ပြန်လည်လွှဲပြောင်းပေးအပ်မှုနှင့် ပတ်သက်၍ လုပ်ငန်းများဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်ပြီး လယ်ယာမြေဥပဒေ၊ မြေလွတ်မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေနှင့် ပတ်သက်၍ ပြည်နယ်မြေစာရင်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းဝင်းက ရှင်းလင်းတင်ပြသည်။

ထို့နောက် စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးပိုးရယ်ရန်အောင်နှင့် လူမှုရေးဝန်ကြီး ဦးကိုရယ်တို့က ယာယီလုပ်ကိုင်ခွင့်လက်မှတ်ပုံစံများကို တောင်သူများထံသို့ ပေးအပ်ကြောင်း သိရသည်။

ကယားပြည်နယ်အတွင်း လွိုင်ကော်၊ ဒီးမော့ဆို၊ ဖရူဆိုမြို့နယ်များမှာ စွန့်လွှတ်မြေများကို မူလပိုင်ရှင်များထံ ပြန်လည်ပေးအပ်သည့် ဧရိယာ ၂၅၂၃ ဒသမ ၈၀ ဧကရှိပြီး လယ်မြေ ၁၉၅ ဒသမ ၅၆ ဧက၊ ယာမြေ ၂၀၇၂ ဒသမ ၆၈ ဧက၊ မြေလွတ်မြေရိုင်း ၂၂၀ဒသမ ၁၃ ဧကနှင့် ကျန်အခြားမြေ ၃၅ ဒသမ ၄၃ ဧကရှိကြောင်း၊ တပ်မတော်က ပြန်လည်စွန့်လွှတ်ပေးသည့် လွိုင်ကော်မြို့နယ်အတွင်း ၂၀၇၄ ဧက အနက်ဧက ၁၀၆၅ ဒသမ ၆၀ ကို တောင်သူ ၂၉၂ ဦးအား ယာယီလုပ်ကိုင်ခွင့်လက်မှတ် (ပုံစံ-၃)များကို လောပိတကျေးရွာအုပ်စုနှင့် မထောခူကျေးရွာအုပ်စုရှိ တောင်သူများထံသို့ ပေးအပ်သွားမည်ဖြစ်ကြောင်း၊ ထို့အပြင် ပေးအပ်ရန်ကျန်ရှိသည့် စွန့်လွှတ်မြေများကိုလည်း တောင်သူများထံ အမြန်ဆုံးပေးအပ်နိုင်ရေးအတွက် မြေအသုံးချမှု စီမံခန့်ခွဲရေးကော်မတီအဆင့်ဆင့်က စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(ပြည်နယ်ပြန်/ဆက်)

ဝယ်လိုသည်

ဒဂုံမြို့သစ်ရှိ မြေကွက်များကို လူကြီးမင်းတို့စိတ်ကြိုက် အိမ်အရောက် ဈေးကောင်းပေး၍ ဝယ်ယူသည်။

ဝယ်ရန်-၈၁၊ ၈၂၊ ၈၃၊ ၈၅၊ ၉၀၊ ၉၁၊ ၁၄၆၊ ၁၅၁၊ ၁၅၃၊ ရပ်ကွက်များ၊

ဖုန်း-၀၉-၄၉၉၀၂၄၁၄

ခြံနှစ်ရှည်ငှားမည်

- ထောက်ကြန့်အလွန် (တိုးဂိတ်အနီး) ပြည်လမ်းဂုတ်ကွက်၊
- မျက်နှာစာ ပေ ၁၀၀×အရှေ့နောက် ပေ ၁၃၀
- စက်ရုံ၊ အလုပ်ရုံ နှစ်ရှည်ငှားမည်။
- လုပ်ငန်းပေါ်မူတည်၍ ဈေးနှုန်းညှိနှိုင်းမည်။

ဖုန်း-၀၉-၄၂၀၁၉၉၂၀၆၊ ၀၉-၄၉၁၀၀၁၂၀

JOB VACANCIES

1. OFFICE STAFF F 2 Posts
2. DRAFT MAN F 2 Posts
3. Q.S F 2 Posts (Mechanical/ Electrical)
4. PROJECT ENGINEER M/F 2 Posts (Mechanical/ Electrical)

FRESH WELCOME.

CONTACT: aquahubint@ gmail. com

ဝယ်လိုသည်

ရွှေပြည်သာမြို့နယ်ရှိ မြေကွက်များ ဝယ်လိုသည်။

ဖုန်း-၀၉-၄၃၁၇၁၇၃၄

အိမ်ကားမောင်းရန် ယာဉ်မောင်း ၁ ဦး

ရေသန့်ကားမောင်းရန် ယာဉ်မောင်း ၁ ဦး

အမြန်အလိုရှိသည်

ဆက်သွယ်ရန်-အမှတ် ၄၇၊ ပထမထပ်၊ မန္တလေးလမ်း၊ ကန်တော်ကလေးရပ်ကွက်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၆၂၅၀၆

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံအရှေ့မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃၅၊ မြေကွက်အမှတ် ၇၀၈၊ မြေကွက်တည်နေရာအမှတ် ၇၀၈၊ ၁၃၅ ရပ်ကွက်၊ ဒဂုံအရှေ့မြို့နယ်၊ (ဦးသန်းလွင်) အမည်ပေါက် မြေချပါမစ်မြေအား အမည်ပေါက် ဦးသန်းလွင် ၁၂/တမန(နိုင်)၀၀၇၇၂၉ မှ ပါမစ်ပျောက်ဆုံးကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်၊ ဝန်ခံကတိပုံစံများတင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ် ၆၀ ဂရန် မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ဃ)၊ မြေကွက်အမှတ် ၁၆၀၊ မြေကွက်တည်နေရာအမှတ် ၁၆၀၊ (ဃ) ရပ်ကွက်၊ ဝေပုလ္လ ၄လမ်း၊ မြောက်ဥက္ကလာပမြို့နယ်၊ ဒေါ်ကျင်ကွန့် ၁၂/ဥကမ(နိုင်) ၀၃၁၅၅၉ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဖခင် ဦးအောင်သိန်း၊ မိခင် ဒေါ်ကျင်ကွန့် ကွယ်လွန်သဖြင့် ဒေါ်သန်းသန်းလှ ၁၂/ဥကမ(နိုင်)၀၃၀၆၁၀ က တစ်ဦးတည်းသောသမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာနှင့် သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၄၊ မြေကွက်အမှတ် ၆၂၊ မြေကွက်တည်နေရာအမှတ် ၆၂၊ (၁၄) ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ဦးစိန်အောင် အမည်ပေါက် ပါမစ်အား ဦးစိန်အောင် ၁၂/တမန(နိုင်)၀၈၅၇၂၇ က ပါမစ်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်များတင်ပြ၍ ပါမစ်ပျောက်ဖြင့် ဂရန်သစ်လျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၁/သမိုင်း)၊ မြေကွက်အမှတ်(၃/၅)၏ အစိတ်အပိုင်းတစ်ဝက်တိတိ၊ မြေကွက်တည်နေရာအမှတ်(၃/၅)၊ တော်ဝင်လမ်း၊ (၄)ရပ်ကွက်၊မရမ်းကုန်းမြို့နယ်၊ ဒေါ်နီနီတင် အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်နီနီတင်မှ ၂-၄-၂၀၁၄ရက်တွင် ကွယ်လွန်သဖြင့် ဦးဝင်းတင် ၁၂/မရက(နိုင်)၀၃၆၇၆၈ က တစ်ဦးတည်းသောခင်ပွန်းတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အပိုင်ပေးစာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃/မာန်ပြေ၊မြေကွက်အမှတ် ၂၉၆/ခ၊ မြေကွက်တည်နေရာအမှတ် ၂၉၆/ခ၊မာန်ပြေ ၇ လမ်းအနောက်၊ (၃)ရပ်ကွက်၊ သာကေတမြို့နယ် ဒေါ်ညိုအမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်ညို(မိခင်)နှင့် ဦးစိန်မောင်(ဖခင်)တို့ ကွယ်လွန်သဖြင့် တစ်ဦးတည်းသောသမီးဖြစ်သူ ဒေါ်အေးသိန်း ၁၂/သကတ(နိုင်)၀၅၄၇၇၉မှ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/တောင်၊ မြေကွက်အမှတ် ၆၃၈ က၊ မြေကွက်တည်နေရာအမှတ် ၆၃၈ က၊ အောင်သစ္စာ ၂ လမ်း၊ ၄ တောင်ရပ်ကွက်၊ သာကေတ ဦးထွန်းလှိုင် အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက်ဦးထွန်းလှိုင်(ခင်ပွန်း)ကွယ်လွန်သဖြင့် တစ်ဦးတည်းသော ဇနီးဖြစ်သူ ဒေါ်သန်းစိန် ၁၂/သကတ(နိုင်)၀၇၈၄၇၇မှ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

နွေဦးမြို့တော်ကူမင်းနှင့် ယဉ်ကျေးမှုအမွေအနှစ်၊ သဘာဝအလှတရားတို့ကို ထိန်းသိမ်းထားသည့် ယူနန်

သတင်းဆောင်းပါး၊ဓာတ်ပုံ-ခင်ရတနာ

လဆန်းပိုင်းက တရုတ်နိုင်ငံကူမင်းမြို့တွင် ကျင်းပသည့်နိုင်ငံတကာကုန်စည်ပြပွဲသို့သတင်းရယူရန်ရောက်ရှိခဲ့စဉ် ယူနန်ပြည်နယ်အစိုးရ၏ အစီအစဉ်ဖြင့် မီဒီယာများ၏ ယူနန်ပြည်နယ်လေ့လာရေးခရီးလိုက်ပါခွင့် ရရှိခဲ့ပါသည်။ နိုင်ငံတကာမှ မီဒီယာသမား ၈၅ ဦးအား ယူနန်ပြည်နယ်အတွင်းရှိ ထင်ရှားသော သမိုင်းဝင်အဆောက်အအုံများနှင့် အပန်းဖြေ၊ ဗဟုသုတရရှိဖွယ်နေရာများကို လေးရက်ကြာ လိုက်လံပြသပေးခဲ့သည်။

ယူနန်ပြည်နယ်သည် မြန်မာနိုင်ငံနှင့် အနီးကပ်ဆုံးတည်ရှိသည့် ပြည်နယ်ကြီးတစ်ခုဖြစ်ပြီး တရုတ်တို့၏ စီးပွားရေးအနောက်မျှော်ဝါဒအတွက် အဓိကတံခါးပေါက်တစ်ခုလည်းဖြစ်သည်။ မြန်မာနိုင်ငံနှင့် ကုန်စည်ကူးသန်းရောင်းဝယ်ရာ ဂိတ်စခန်းတစ်ခုဖြစ်သည့်အပြင် ရေမြေသဘာဝ ဆက်စပ်တည်ရှိပုံအရ ယူနန်ပြည်နယ်၏ နွေဦးမြို့တော်ကူမင်းမြို့သည် ရှမ်းပြည်နယ်ရှိ တောင်ပေါ်မြို့ကလေးကဲ့သို့ပင် အလွန်သာယာလှပပါသည်။ **ထိုထက်ပိုထူးခြားသည်မှာ တရုတ်တို့၏ သစ်တောများပြန်လည်ရှင်သန်မှုလုပ်ငန်းစဉ်ဖြစ်ပြီး ရှမ်းပြည်နယ် သစ်တောများမှာမူ တောင်ကတုံးများအဖြစ်ပင် မြင်တွေ့နေရပြီဖြစ်သည်။**

တစ်မြို့လုံးတွင် မြင့်မားသော တိုက်တာအဆောက်အအုံများကို သစ်ပင်၊ ပန်းမန်အမျိုးမျိုးဖြင့် တန်ဆာဆင်ထားပြီး စိမ်းလန်းသော ခေတ်မီမြို့အဖြစ် အသွင်ကူးပြောင်းထားသည်ကိုတွေ့ရသည်။ ထို့အပြင် ယူနန်ပြည်နယ်အတွင်းရှိ အခြားသော ခရိုင်များသို့ သွားရောက်ခဲ့ရာ လမ်းတစ်လျှောက်တွင်လည်း စိမ်းလန်းသော စိုက်ခင်းများကို တွေ့ရပြီး တောင်တန်းများအားလုံး၌လည်း ပြန်လည်စိုက်ပျိုးထားပုံရသည့် နှစ်ရှည်ပင်များကို တစ်သီတစ်တန်းမြင်တွေ့ရသည်မှာ မြန်မာ့တောင်တန်းများနှင့် ကွာခြားချက်တစ်ခုပင်ဖြစ်သည်။

"သစ်ပင်က လူသားတွေရဲ့ ဘဝကို ပြောင်းပေးနိုင်တယ်။ မစိမ်းလန်းရင် ရာသီဥတု ဆိုးရွားလာမယ်။ ကောက်ပဲသီးနှံတွေမအောင်မြင်ရင် လူသားတွေအတွက်ထိခိုက်လာမယ်။ ကျွန်တော်တို့ကတော့ စိမ်းလန်းမှုကို ဦးစားပေးပါတယ်။ မြို့ပြမှာရော ကျေးလက်မှာရော သစ်ပင်တွေ၊ သစ်တောတွေ ပြန်လည်ရှင်သန်ဖို့အတွက်၊ ထာဝရတည်မြဲဖို့အတွက် ကြိုးစားတယ်။ သစ်တောတွေကို အကာအကွယ်ပေးနေရင်း လူအပါအဝင်၊ အပင်၊ တိရစ္ဆာန်တွေရဲ့ ဇီဝကမ္မဖြစ်စဉ်တွေကိုပါ ထိန်းသိမ်းရာရောက်တယ်"ဟု ယူနန်ပြည်နယ် ကူမင်းမြို့၏ ပြန်ကြားရေးတာဝန်ရှိသူ မစ္စတာထျန်ဟူချင်းက ပြောကြားသည်။

သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းခြင်းနှင့်အတူ တရုတ်လူမျိုးတို့သည် ရှေးဟောင်း သမိုင်းအထောက်အထားများနှင့် စာပေယဉ်ကျေးမှုကို တန်ဖိုးထား ထိန်းသိမ်းတတ်သည်မှာလည်း အလေ့အထကောင်းတစ်မျိုးပင်ဖြစ်ကြောင်း လေ့လာသိရှိရသည်။ တရုတ်နိုင်ငံတစ်ခုလုံးတွင် တိုင်းရင်းသားလူမျိုး ၅၈ မျိုးခန့်ရှိပြီး ယူနန်ပြည်နယ်တစ်ခုလုံးတွင် ၂၆ မျိုးခန့်နေထိုင်ကြသည်။ **တရုတ်နိုင်ငံသည် တိုင်းရင်းသားလူမျိုးများအရေးကို ဦးစားပေးကဏ္ဍအဖြစ် ထည့်သွင်းစဉ်းစားကာ တရုတ်မိသားစုတစ်စုလျှင် ကလေးတစ်ဦးသာ ယူခွင့်ပေးသော်လည်း တိုင်းရင်းသားများကိုမူ သုံးဦးအထိ ခွင့်ပြုထားသည်။**

ယူနန်ပြည်နယ်၊ ဝေ့ကျန်ခရိုင်၊ ချွိကျင်းမြို့သည် တရုတ်နိုင်ငံ၏ ကုန်သွယ်မှုစတင်ရာ ဒေသတစ်ခုအဖြစ်တင်စားခေါ်ဝေါ်ကြသည်။ ကျန်းချီးလမ်းတစ်လျှောက် ရှေးမူမပျက် အဆောက်အအုံများကို ထိန်းသိမ်းထားပြီး လူနေထိုင်မှုပုံစံများသည်ပါ ရှေးခေတ် တရုတ်လူမျိုးများ၏ အငွေ့အသက်ကို ခံစားရရှိနိုင်သည်။

"ရှေးတုန်းကလူနေထိုင်မှုတွေကိုလေ့လာရင်း ကျွန်တော်တို့အတွက် အတွေးအခေါ်တွေအများကြီးဖြစ်ထွန်းစေတယ်။ သူတို့တွေ ဘယ်လိုနေထိုင် စားသောက်ကြတယ်ဆိုတာသိလာလေ။ ကျွန်တော်တို့ ဘာတွေပြင်ဆင်ဆောင်ရွက်ရမလဲ ဆိုတာသိလာလေပါ။ အဲဒါကြောင့် အခု အဖြူရောင်မြူနှင်းလို့ ခေါ်ဝေါ်ကြတဲ့ ပိုင်ဝုကျေးရွာလေးမှာ တိုင်းရင်းသားမျိုးနွယ်စုတွေက ရှေးဟောင်းအိမ်လေးတွေနဲ့ ရှေးကျကျနေထိုင်ကြတယ်။ သူတို့အလိုရှိတာကတော့ တိုးတက်မှုထက် ရှေးဟောင်းအမွေအနှစ်ကို ကာကွယ်ထိန်းသိမ်းမှုပါပဲ"ဟု လိုက်ပါရှင်းပြသူ တရုတ်အမျိုးသားတစ်ဦးက ပြောသည်။

ကျေးရွာအတွင်း ယနေ့ခေတ်အသွင်သဏ္ဌာန်အမျိုးသမီးအနည်းအကျဉ်းကိုသာမြင်တွေ့ခဲ့ရပြီး အများစုမှာ မိမိတို့ တိုင်းရင်းသားရိုးရာဝတ်စားဆင်ယင်မှုများနှင့် အသားကျနေထိုင်နေကြသည်ကို တွေ့ရသည့်အခါ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် အများဆုံးနေထိုင်ကြသည့် တိုင်းရင်းသားမျိုးနွယ်စုများကိုပင် ပြေးမြင်မိပါသည်။

ယန်လိဖီ၏ လက်ရာ ရှေးဟောင်းယီလူမျိုးတို့၏ ဗုံအကမှာ ယူနန်ပြည်နယ်၏ ဆွဲဆောင်မှုအကောင်းဆုံးသော ရှေးဟောင်းအနုသုခုမ လက်ရာတစ်ခုဖြစ်ပြီး နားဆင်ကြည့်ရှုသူအပေါင်းကို ခံစားမှုများစွာပေးစွမ်းနိုင်သည်ကို မြင်တွေ့ရသည်။ ကပြတီးမှုတ်လျက်ရှိသည့် ယနေ့ယီမျိုးဆက်သစ်တို့၏ နုနယ်ပျို့မျစ်မှုနှင့် ရှေးဟောင်းဂီတကိုပေါင်းစပ်ထားသဖြင့် နိုင်ငံတကာမှ အနုသုခုမကိုလေ့လာလိုသူများအတွက် အရှေ့တိုင်း၏ အနုပညာပြယုဂ်တစ်ခုပင်ဖြစ်ကြောင်း တရုတ်နိုင်ငံအခြေစိုက် မဂ်လာမဂ္ဂဇင်းမှ စာတည်း မလွင်လွင်ခိုင်က ပြောပြသည်။

"ပိုပြီးသေသပ်လှပတဲ့ပစ္စည်းတွေကို နည်းပညာအကူအညီနဲ့ ထုတ်လုပ်နိုင်တာ ကျွန်တော်နားလည်ပါတယ်။ ဒါပေမယ့် လက်နှစ်ဖက်ရဲ့လုပ်အားနဲ့ ရရှိလာမယ့် လှပတဲ့အနုပညာတွေကို တန်ဖိုးထားတဲ့သူတွေရှိနေသရွေ့ ကျွန်တော်တို့ထမင်းစားနိုင်ပါတယ်။ ပန်းပုနဲ့ ပန်းပဲလိုပန်းဆယ်မျိုး ပညာရပ်တွေက တရုတ်နိုင်ငံသမိုင်းနဲ့ ဆက်စပ်နေတဲ့ ပညာရပ်တွေပေါ့။ ငွေကြေးအဖြစ်စပြီး အသုံးပြုတဲ့ ကြေးပြားကို လူလက်နဲ့လုပ်တာပါ။ သမိုင်းကြောင်းကို အကောင်းဆုံးပုံဖော်ပေးနိုင်တာ ပန်းဆယ်မျိုးအနုလက်ရာတွေဖြစ်ပါတယ်" ဟု ဝေ့ကျန်ခရိုင် တကျွိအနုပညာပြခန်းတာဝန်ခံ မစ္စတာလျူက အနုပညာလက်ရာများ ဖန်တီးနေပုံကို ရှင်းပြသည်။

ယူနန်နယ်သားတို့သည် တိုးတက်ခေတ်မီလာသော လူနေထိုင်မှုနှင့် သဘာဝအလှတရားများကို တစ်ပြိုင်နက်ဖော်ထုတ်ရန် ကြိုးပမ်းလျက်ရှိသည်ကို တွေ့ရသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန(အထက်မြန်မာပြည်)
မကွေးတက္ကသိုလ်-မကွေးမြို့
ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

မကွေးတက္ကသိုလ်နှင့် ရေနံချောင်းဒီဂရီကောလိပ်တို့မှ ၂၀၁၂-၂၀၁၃ ပညာသင်နှစ်၊ ၂၀၁၃ခုနှစ်၊ စက်တင်ဘာလတွင်ကျင်းပခဲ့သော ဝိဇ္ဇာ/သိပ္ပံ(ဘွဲ့)၊ ဥပဒေပညာ(ဘွဲ့)၊ ဝိဇ္ဇာ/သိပ္ပံ(ဂုဏ်ထူး)ဘွဲ့၊ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်၊ ၂၀၁၄ခုနှစ် မေလတွင်ပြီးစီးခဲ့သော မဟာဝိဇ္ဇာ/သိပ္ပံ(ဘွဲ့)၊ မဟာဥပဒေ(ဘွဲ့)၊ မဟာသုတေသန(ဘွဲ့)စာမေးပွဲများကို အောင်မြင်ခဲ့ကြသူများသည် မကွေးတက္ကသိုလ်၏ (၁၇)ကြိမ်မြောက် ဘွဲ့နှင်းသဘင်တက်ရောက်ဘွဲ့ယူရန်နှင့် အဝေးရောက်ဘွဲ့ယူရန် လျှောက်လွှာများတင်သွင်း၍ လျှောက်ထားနိုင်ပါသည်။

ဘွဲ့နှင်းသဘင်ကြေး

တက်ရောက်ဘွဲ့ကြေး - ၁၅၀၀ိ/(ကျပ်တစ်ထောင့်ငါးရာတိတိ)
အဝေးရောက်ဘွဲ့ကြေး - ၁၀၀၀ိ/-(ကျပ်တစ်ထောင်တိတိ)
လျှောက်လွှာတင်သွင်းရမည့်ရက် - ၁-၇-၂၀၁၄ရက်မှ ၃၀-၇-၂၀၁၄ရက်အထိ

မှတ်ချက်

၁။ သတ်မှတ်လျှောက်လွှာပုံစံဖြင့် စာမေးပွဲနှင့် ဘွဲ့နှင်းဌာနတွင် တင်သွင်းလျှောက်ထားရမည်။

၂။ လွန်ခဲ့သည့် (၃)လအတွင်းရိုက်ကူးထားသော (၂" ×၁ ၁/၂")ဓာတ်ပုံ (၃)ပုံပူးတွဲ၍ လျှောက်ထားရမည်ဖြစ်ပြီး မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်းဝတ်စုံ (အမျိုးသား) နှစ်သက်ရာဝတ်စုံကို အပြည့်အစုံ စနစ်တကျဝတ်ဆင်၍ သပ်ရပ်စွာရိုက်ကူးထားသော ဓာတ်ပုံများဖြင့်သာ လျှောက်ထားရပါမည်။

၃။ သတ်မှတ်ဘွဲ့ကြေးများကို မကွေးတက္ကသိုလ် ငွေကိုင်ဌာနတွင် ပေးသွင်းရပါမည်။

၄။ ရပ်ဝေးမှပေးပို့သူများသည် စာတိုက်ငွေပို့လွှာ (Postal Money Order) ဖြင့်သာ ပေးပို့ရမည်ဖြစ်ပြီး ငွေပို့လွှာ၏အောက်ခြေတွင် **ဘွဲ့နှင်းသဘင်ကြေးပေးပို့ခြင်း** ဟု ဖော်ပြရမည့်အပြင် လျှောက်လွှာရှင်၏အမည်၊ အောင်မြင်သည့်ခုနှစ်၊ စာမေးပွဲခုံအမှတ်၊ အထူးပြုဘာသာရပ်စသည်များကို တိကျစွာဖော်ပြ၍ **ပါမောက္ခချုပ် မကွေးတက္ကသိုလ်**သို့ လိပ်မူ၍ လျှောက်ထားရပါမည်။ ပြည့်စုံစွာဖော်ပြထားခြင်းမရှိသည့် ငွေပို့လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၅။ ဥပဒေပညာအထူးပြုနှင့် ဘူမိဗေဒအထူးပြုဘာသာရပ်များဖြင့် ဘွဲ့စာမေးပွဲများကို အောင်မြင်ခဲ့ကြသူများသည် ဘွဲ့လျှောက်လွှာတင်သွင်းသည့်အချိန်တွင် နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းနှင့် မိတ္တူ နှစ်မျိုးလုံးပါရှိရမည်ဖြစ်ပြီး ကျန်အထူးပြုဘာသာရပ်များမှ ဘွဲ့စာမေးပွဲများကို အောင်မြင်ခဲ့ကြသူများသည် နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ ပါရှိမှသာလျှင် ဘွဲ့လျှောက်လွှာများကို လက်ခံပေးမည်ဖြစ်ပါသည်။

၆။ တက်ရောက်ဘွဲ့လျှောက်ထားပြီး၊ ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်ရန် ပျက်ကွက်သူများ၏ ဘွဲ့လက်မှတ်များကို ဘွဲ့အပ်နှင်းသည့်ရက်မှ နောက်(၆)လပြည့်သည့်အချိန်မှသာ ထုတ်ပေးမည်ဖြစ်ပါသည်။

၇။ အသေးစိတ်အချက်အလက်များကို မကွေးတက္ကသိုလ် စာမေးပွဲနှင့် ဘွဲ့နှင်းဌာန ဖုန်း-၀၆၃-၂၃၁၉၃ တွင် စုံစမ်းနိုင်ပါသည်။

(အောင်ရွှေ)
ဌာနမှူး၊ သင်တန်းရေးရာဌာန
မကွေးတက္ကသိုလ်



မိဘအမည်မှန်

မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ် အထက(ရွာလွတ်)၊ တက္ကသိုလ်ဝင်တန်း(A)မှ မိမိုးစန္ဒီ၏ မိဘအမည်မှန်မှာ ဦးပန်းကြိုင် ၁၀/ခဆန(နိုင်)၀၆၆၂၉၂ နှင့် ဒေါ်ညိမ်းအောင် ၁၀/ခဆန(နိုင်)၀၆၆၃၄၄ ဖြစ်ပါကြောင်း။ **ဦးပန်းကြိုင်-ဒေါ်ညိမ်းအောင်**

ဖခင်အမည်မှန်

အထက၊ ဝဲကလိမှ တတိယတန်းကျောင်းသူ မရွှေပပထွေး၏ ဖခင်အမည်မှန်မှာ ဦးစိုးညွန့်အောင် ဖြစ်ပါကြောင်း။

တစ်ဦးတည်းဖြစ်ကြောင်း

ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမြို့နယ်၊ ဗျက်ကြီးကျေးရွာအုပ်စု ဘုရားကြီးကုန်းရွာ မအိအိဖြိုး ၇/ဒဥန(နိုင်)၁၃၈၆၉၁ ၏ ဖခင်မှာ ဦးသောင်းကြည်(ခ)ဦးထွန်းမြင့် ၇/ဒဥန(နိုင်)၀၉၁၁၈၉ မှာ တစ်ဦးတည်းဖြစ်ကြောင်း။

ဆောက်လုပ်ရေးဝန်ကြီးဌာန
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တည်ဆောက်ရေးလုပ်ငန်းများတွင် အသုံးပြုရန်လိုအပ်သည့် Asphalt Concrete Paver နှစ်စီးကို အမေရိကန်ဒေါ်လာဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူ၍ ဝယ်ယူလိုပါသည်-

Sr.No	Description	Qty	Country of Origin	Remarks
1	Asphalt Concrete Paver	2 Units	China	US$

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၆-၆-၂၀၁၄ ရက်
၃။ **တင်ဒါပိတ်မည့်ရက်** - ၈-၇-၂၀၁၄ ရက်
၄။ **တင်ဒါပိတ်မည့်အချိန်** - ၁၆း၀၀ နာရီ
၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တည်ဆောက်ရေးပစ္စည်းများစိစစ်ရွေးချယ်ဝယ်ယူရေးအဖွဲ့
စက်မှုဦးစီး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ရုံးအမှတ် ၁၁ ဝင်း၊ နေပြည်တော်
ဖုန်း-၀၆၇-၄၀၇၁၇၆၊ ၀၉-၂၀၂၂၃၆၇၊ ၀၉-၈၆၃၆၁၈၅

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၉ယ/၉၈၆၃၅ Honda Dream 125/ ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူ ဦးတင်ကိုကို ၁၀/ပမန(နိုင်)၀၅၀၂၆၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန၊ ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့

ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၈ခ/၅၈၂၈ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

အထက်မြန်မာပြည်သတင်းများ

ရေစကြိုမြို့တွင်းရှိ လောကချမ်းသာအောင်ဆုထူးပန် စေတီတော်မြတ်ကြီးတည်ထားမှု ၃၅ ရာခိုင်နှုန်းခန့်ပြီးစီး

ရေစကြို ဇွန် ၂၆

ပခုက္ကူခရိုင် ရေစကြိုမြို့ အမှတ်(၂)ရပ်ကွက် စည်ပင်သာယာရပ်ရှိ မဇ္ဈိမာရုံပါရမီကျောင်းတိုက်အတွင်း၌ လောကချမ်းသာ အောင်ဆုထူးပန်နှစ်ကျိပ်ရှစ်ဆူစေတီတော်မြတ်ကြီးကို တည်ထားကိုးကွယ်လျက်ရှိပြီး အနယ်နယ်အရပ်ရပ်မှ အလှူရှင်များ ပါဝင်လှူဒါန်းနိုင်ကြောင်း သိရသည်။

၁၀၈ကွက်ဗုဒ္ဓစက်နှင့်အညီ ဉာဏ်တော်အမြင့် ၁၀၈ ပေ တည်ထားကိုးကွယ်မည်ဖြစ်ပြီး ဘုရားဖိနပ်တော် ပတ်လည် ၅၅ပေ ရှိမည်ဖြစ်ကြောင်း သိရသည်။ စေတီတော်ကြီးကို တည်ဆောက်ရာတွင် မြန်မာနိုင်ငံအတွင်းရှိ အခြားစေတီတော်များနှင့်မတူ တစ်မူထူးခြားစေရန် ခုနစ်မျက်နှာဘုရားကို စေတီတော်နှစ်ကျိပ်ရှစ်ဆူ၊ ဘုရားဆင်းတုတော်နှစ်ကျိပ်ရှစ်ဆူတို့ကို ပစ္စယံသုံးဆင့်ဖြင့် တည်ထားမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် မြန်မာနိုင်ငံအတွင်းရှိ စေတီတော်အများစုသည် သပိတ်မှောက်စေတီတော်များဖြစ်၍ ယခုတည်ထားလျက်ရှိသော လောကချမ်းသာ အောင်ဆုထူးပန်နှစ်ကျိပ်ရှစ်ဆူ စေတီတော်ကြီး၏ စေတီလုံးတော်ကို သပိတ်လှန်ပုံသဏ္ဌာန်သပိတ်အဖုံးနှင့်တကွ တည်ထားမည်ဖြစ်ပြီး ထိုသပိတ်လုံးတော်ထဲတွင် ရတနာပစ္စည်းများအပြည့်ထည့်၍ တည်ထားကိုးကွယ်မည်ဖြစ်ကြောင်း သိရသည်။

သပိတ်တော်၏ အချင်း ၁၆ ပေ ကျယ်ဝန်းမည်ဖြစ်ပြီး သပိတ်တော်ပြီးစီး၍ ရတနာဆွမ်းလောင်းချိန်ရောက်ပါက ရေစကြိုမြို့အတွင်း လှည့်လည် အလှူခံမည်ဖြစ်ကြောင်း သိရသည်။ ရတနာဆိုသည်မှာ နှစ်သက်စရာကောင်းသောဟု အဓိပ္ပာယ်ရသဖြင့် မိမိတို့နှစ်သက်မြတ်နိုးသည့် အရာဝတ္ထုပစ္စည်းများ လှူဒါန်းနိုင်သည်ဟု သိရသည်။

စေတီတော်ကြီးအား လောကချမ်းသာ အောင်ဆုထူးပန်နှစ်ကျိပ်ရှစ်ဆူဟု ဘွဲ့တော်ပေးရခြင်းမှာ လောကချမ်းသာဆိုသည်မှာ လူနတ်ပြဟ္မာသတ္တဝါတို့ ကြီးပွားချမ်းသာတိုးတက်များပြားစေခြင်းအကျိုးငှာ လောကချမ်းသာဘုရား ပေါ်ပေါက်လာသည်ဟု အဓိပ္ပာယ်ရခြင်းဖြင့်လည်းကောင်း၊ အောင်ဆုထူးပန်ဆိုသည်မှာ စေတီတော်ကြီးအား လာရောက်၍ ဆုပန်ကြသူအပေါင်း အောင်မြင်ပြည့်စုံသော ဆုထူးဆုမြတ်များနှင့်ပြည့်ကြစေရန်ရည်ရွယ်ခြင်းဖြင့်လည်းကောင်း၊ နှစ်ကျိပ်ရှစ်ဆူဆိုသည်မှာ ပွင့်တော်မူပြီးသော နှစ်ကျိပ်ရှစ်ဆူသော ဗုဒ္ဓမြတ်စွာဘုရားများအားရည်ရွယ်၍ တည်ထားကိုးကွယ်သော စေတီတော်နှစ်ကျိပ်ရှစ်ဆူ၊ ဘုရားဆင်းတုတော်နှစ်ကျိပ်ရှစ်ဆူတို့ကို တစ်နေရာတည်းတွင် ဖူးမြော်ကြည်ညိုကြရခြင်းဖြင့် စေတီတော်ကြီးအား လာရောက်ဖူးမြော်ကြသူအပေါင်း ဒါနကုသိုလ်များ တစ်နေရာတည်းတွင် မြောက်မြားစွာ ရရှိကြစေခြင်း အကျိုးငှာ ရည်ရွယ်၍ စေတီတော်ကြီး၏ ဘွဲ့အမည်အားပေးခဲ့သည်ဟု မဇ္ဈိမာရုံပါရမီကျောင်းထိုင် ဆရာတော်က မိန့်ကြားသည်။ အဆိုပါစေတီတော်ကြီးကို ၁၃၇၅ခုနှစ် တော်သလင်းလပြည့်နေ့က ပန္နက်တင်မင်္ဂလာပွဲပြုလုပ်၍ စတင်တည်ထားခဲ့ရာ ယခုအချိန်တွင် ဂန္ဓကုဋိတိုက်တော်အား တည်ဆောက်လျက်ရှိပြီး စေတီတော်၏ ၃၀ ရာခိုင်နှုန်းခန့်ပြီးစီးပြီ ဖြစ်သည်ဟု သိရသည်။

လောကချမ်းသာ အောင်ဆုထူးပန်နှစ်ကျိပ်ရှစ်ဆူစေတီတော်မြတ်ကြီးကိုတည်ထားရာတွင် ဘုရားဒါယကာ၊ ဒါယိကာမအဖြစ် ပါဝင်လှူဒါန်းလိုသော ကုသိုလ်ရှင်၊ အလှူရှင်များအနေဖြင့် ဖုန်း-၀၆၂ -၃၀၄၇၁၊ ၀၉-၂၅၆၂၃၃၅၈၈၊ ၀၉-၆၅၇၀၄၉၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **အိမွန်ဆွေ(ရေစကြို)**

ရေစကြိုမြို့တွင် တည်ထားလျက်ရှိသော နှစ်ကျိပ်ရှစ်ဆူစေတီတော်မြတ်ကြီး တည်ဆောက်ရေးအခြေအနေအားမြင်တွေ့ရစဉ်။

ဓာတ်ပုံ-အိမွန်ဆွေ

> စေတီတော်အများစုမှာ သပိတ်မှောက်စေတီတော်များ ဖြစ်၍ ယခုစေတီမှာ သပိတ်လှန်ပုံသဏ္ဌာန် . . .

သတင်းတိုများ

မိုးရာသီအမီ နိုင်ငံ့ဘဏ္ဍာကျွဲနွားများအား ဗန်းမောက်၌ လေလံတင်ရောင်းချပေး

မြို့နယ်စီမံခန့်ခွဲမှုကော်မတီအဖွဲ့သည် မိုးရာသီလယ်လုပ်ချိန်အမီ အမှန်တကယ် လယ်ယာလုပ်ကိုင်ကြသော တောင်သူများကို နိုင်ငံတော်ဘဏ္ဍာသိမ်းကျွဲ၊ နွားများအား လေလံတင်ရောင်းချပွဲကို ဇွန် ၂၁ ရက် က စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ဗန်းမောက်မြို့နယ်၊ မြို့မကျောက်တိုင်ကွင်းရှေ့တွင် ပြုလုပ်ပေးသည်။ ကျွဲထီး ငါးကောင်၊ နွားထီး ၂၂ ကောင်၊ နွားမ ငါးကောင်၊ စုစုပေါင်း ၃၂ကောင်တို့ကို လေလံတင်ရောင်းချခဲ့ရာ စုစုပေါင်း ငွေကျပ် ၈၈ သိန်းကျော်ဖိုး ရောင်းချပေးခဲ့ကြောင်း သိရသည်။ လေလံတင်ပွဲကို မြို့နယ်တရားသူကြီး ဦးဉာဏ်မိုးအောင်နှင့် မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးနိုင်ဝင်းတို့အပါအဝင် အထောက်အကူပြုကော်မတီဝင်များက ကြီးကြပ်ရောင်းချပေးခဲ့ခြင်းဖြစ်သည်။

ကျော်ထူး

ဝက်လက်မြို့နယ်တွင် ယမန်နှစ်ချေးငွေကျေပွန်သည့် ကျေးရွာများအား စိုက်ပျိုးစရိတ်ထုတ်ချေး

စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ဝက်လက်မြို့နယ် မူးကြီးကျေးရွာရှိ အစုအဖွဲ့ ၂၅ဖွဲ့တို့မှ တောင်သူ ၂၄၇ ဦးအား ချေးငွေ ၁၃၆၉ သိန်းကို ဇွန် ၁၃ ရက်က စတင်ထုတ်ချေးပေးခဲ့သည်။ ယခင်နှစ်ချေးငွေများကို ကျေပွန်စွာပေးဆပ်သော မူးကြီးကျေးရွာသို့ ဦးစွာထုတ်ချေးပေးခြင်းဖြစ်ပြီး ကျန်သည့်ကျေးရွာအုပ်စုများကိုလည်း ဆက်လက်ထုတ်ချေးပေးသွားမည်ဖြစ်သည်။ ဝက်လက်မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၇၂ အုပ်စုကို ယခုနှစ်အတွက် မိုးသီးနှံစိုက်ပျိုးစရိတ်ချေးငွေပေါင်း ကျပ် ၁၀၃၀၀ သန်းကို ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

နန်းမြင့်(ဝက်လက်)

အလယ်တန်းကျောင်းဆောင်သစ်အား သိန်းတစ်ထောင်ကျော် အကုန်အကျခံဆောက်လုပ်

ပညာရေးဝန်ကြီးဌာန အမှတ် (၂) အခြေခံပညာဦးစီးဌာနသည် ကျောင်းဆောင်သစ်များဆောက်လုပ်နိုင်ရေးအတွက် ခွင့်ပြုရန်ပုံငွေများချထားပေးလျက်ရှိရာ မတ္တရာမြို့ အမှတ် (၂) ရပ်ကွက်အလက(မြို့သစ်) ကျောင်းဆောင်သစ်ဆောက်လုပ်ရန် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ခွင့်ပြုငွေကျပ် ၁၀၀၈ သိန်း ချထားပေးခဲ့ကြောင်းသိရသည်။ စာသင်ခန်းကျယ် ရှစ်ခန်းပါရှိသည့် အဆိုပါ နှစ်ထပ်ကျောင်းဆောင်သစ်ကို တည်ဆောက်ခြင်းလုပ်ငန်းသည် ယခုအခါ ၉၀ ရာခိုင်နှုန်းခန့်ပြီးစီးနေပြီဖြစ်ပြီး အချောသတ်ခြင်းများ စတင်ဆောင်ရွက်လျက်ရှိကြောင်း တာဝန်ယူတည်ဆောက်လျက်ရှိသည့် မန်းမြင့်မိုရ်ဟိန်းကုမ္ပဏီမှ သိရသည်။ ယခုပညာသင်နှစ်မှစတင်ကာ အဆိုပါကျောင်းကို အထက(ခွဲ)အဆင့်သို့ တိုးမြှင့်ပေးလိုက်ပြီး ဇွန် ၂၃ ရက်က ကျောင်းသားသစ်များစတင် တိုးမြှင့်လက်ခံပေးလျက်ရှိကြောင်း သိရသည်။

(၄၃၂)

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဦးစီးဌာန၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး ပင်မဆောင်အား ပြုပြင်မွမ်းမံပြင်ဆင်ရန်ရှိပါသည်။ ထိုသို့ ပြုပြင်မွမ်းမံရာတွင် လုပ်ငန်းအရည်အသွေးကြီးကြပ်စစ်ဆေးသည့်လုပ်ငန်းဆောင်ရွက်ရန်ရှိပါသဖြင့် အဆိုပါလုပ်ငန်းဆောင်ရွက်လိုသည့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **တင်ဒါနှင့်ပတ်သက်၍** - ၃၀-၆-၂၀၁၄ရက်
ရှင်းလင်းပြောကြားမည့်ရက် (တနင်္လာနေ့) ၁၀:၀၀ နာရီ
TrainingCenter ရန်ကုန်ပြည်သူ့ဆေးရုံကြီး
တင်ဒါပုံစံရောင်းချမည့်ရက် - ၁-၇-၂၀၁၄ ရက် (အင်္ဂါနေ့)
တင်ဒါပိတ်မည့်ရက် - ၃၁-၇-၂၀၁၄ရက်(ကြာသပတေးနေ့)
တင်ဒါပိတ်မည့်အချိန် - ၁၆း၀၀ နာရီ

၃။ တင်ဒါနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ဆေးရုံအုပ်ကြီးရုံး၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်၍ စုံစမ်းမေးမြန်းနိုင်ပါသည်။

ရန်ကုန်ပြည်သူ့ဆေးရုံကြီး

မုဒုံမြို့နယ်အသင်း(ရန်ကုန်) (၁၆)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ် လှူဒါန်းပွဲ ဖိတ်ကြားလွှာ

မုဒုံမြို့နယ်အသင်း (ရန်ကုန်)၏ (၁၆)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ရာ အသင်းဝင်များ၊ မိသားစုဝင်များ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြည်ညိုလှူဒါန်းနိုင်ရန် ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်ရက် - ၁၃၇၆ခုနှစ် ဝါဆိုလဆန်း ၁၀ရက်
၂၀၁၄ခုနှစ် ဇူလိုင် (၆)ရက် (တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန် - နံနက် ၉နာရီ
ကျင်းပမည့်နေရာ - ဝိဇ္ဇောတာရုံစာသင်တိုက် မြစပယ်လမ်း၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

အမှုဆောင်အဖွဲ့
မုဒုံမြို့နယ်အသင်း(ရန်ကုန်)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ အောက်ဖော်ပြပါလုပ်ငန်းများအား ဆောင်ရွက်ရန်အတွက် လိုအပ်သောပစ္စည်းများကို မြန်မာကျပ်ငွေ(Kyat)ဖြင့် ဝယ်ယူလိုပါသည်-

(က) မန္တလေးတိုင်းဒေသကြီး၊ တောင်သာမြို့နယ်၊ ဇဂျန်း-ကန်မြဲနယ်မြေ၊ နတ်စောင့်တွင် 33/11 KV.2 MVA ဓာတ်အားခွဲရုံတစ်ရုံအသစ် တည်ဆောက်ခြင်းအတွက် Sub-Station Material 1 Lot ဝယ်ယူရန်

(ခ) ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်မြို့၊ မအူပင်-တွံတေးကားလမ်းဘေး 33/11KV. 2MVA ဓာတ်အားခွဲရုံ တစ်ရုံအသစ်တည်ဆောက်ခြင်းအတွက် Sub-Station Material 1 Lot ဝယ်ယူရန်

(ဂ) တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဓာတ်အားလိုင်းများတည်ဆောက်ခြင်း၊ ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများအတွက် လိုအပ်သောသံတိုင် (၈၈၁)တိုင်နှင့် ကွန်ကရစ်တိုင် (၂၂၃၆)တိုင် ဝယ်ယူရန်

တင်ဒါစတင်ရောင်းချမည့်ရက် - ၂၇-၆-၂၀၁၄ ရက်
တင်ဒါပိတ်မည့်ရက် - ၁၈-၇-၂၀၁၄ ရက်
တင်ဒါပိတ်မည့်အချိန် - ၁၂း၀၀နာရီ

တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန တင်ဒါကြီးကြပ်ရေးအဖွဲ့
လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ် ၅၃၊ နေပြည်တော်၊
ဖုန်း-၀၆၇-၄၃၁၂၈၄၊ ၀၆၇-၄၃၁၂၈၅၊ ဖက်စ် ဖုန်း-၀၆၇-၄၃၁၁၈၅

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅ခ/၁၀၇၄ မစ်ဆူဘီရှိ FK 325C Dump Truck ယာဉ်လက်ဝယ်ရှိသူ ယုဇနကုမ္ပဏီလီမိတက်က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး)၊ ရန်ကုန်မြို့

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဦးစီးဌာန၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး ပင်မဆောင်အား ပြုပြင်မွမ်းမံပြင်ဆင်ရန် ရှိပါသဖြင့် အဆိုပါလုပ်ငန်းဆောင်ရွက်လိုသည့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ တင်ဒါနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားမည့်ရက် - ၃၀-၆-၂၀၁၄ရက် (တနင်္လာနေ့) ၁၀း၀၀နာရီ Training Center ၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး
တင်ဒါပုံစံရောင်းချမည့်ရက် - ၁-၇-၂၀၁၄ရက် (အင်္ဂါနေ့)
တင်ဒါပိတ်မည့်ရက် - ၃၁-၇-၂၀၁၄ရက် (ကြာသပတေးနေ့)
တင်ဒါပိတ်မည့်အချိန် - ၁၆း၀၀နာရီ

၃။ တင်ဒါနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ဆေးရုံအုပ်ကြီးရုံး၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်၍ စုံစမ်းမေးမြန်းနိုင်ပါသည်။

ရန်ကုန်ပြည်သူ့ဆေးရုံကြီး

အလက(၁)လှိုင် (၇လမ်းကျောင်း) ကျောင်းသားဟောင်းများ အသင်းဖွဲ့စည်းရန် အစည်းအဝေးဖိတ်ကြားခြင်း

အလက(၁)လှိုင် (၇လမ်းကျောင်း)တွင် ၁၉၆၅ ပညာသင်နှစ်မှ ၂၀၁၃ခုနှစ် ပညာသင်နှစ်အတွင်း ပညာသင်ကြားခဲ့ကြသည့် ကျောင်းသားကျောင်းသူဟောင်းများ ပါဝင်သည့် ကျောင်းသားကျောင်းသူဟောင်းများအသင်း ဖွဲ့စည်းမည်ဖြစ်ပါ၍ ကျောင်းသားကျောင်းသူဟောင်းများအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်-

နေ့ရက် -၂၀-၇-၂၀၁၄ရက် (တနင်္ဂနွေနေ့)
အချိန် - မွန်းလွဲ ၁ နာရီ
နေရာ - နာရာတာဂျန်ခန်းမဆောင် အလက(၁)လှိုင်
ဆက်သွယ်ရန်။ (၁) ဒေါ်လှလှဦး ဖုန်း-၀၁-၅၁၂၆၉၁၊
(၂) ဒေါ်ခင်မေသက် ဖုန်း-၀၉-၄၂၀၂၆၆၆၈၅

အကျိုးတော်ဆောင်အဖွဲ့

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ကလေးငယ်နှစ်သောင်းကျော်အား နွားနို့လစဉ်တိုက်ကျွေးမည်

မန္တလေး ဇွန် ၂၆

အနာဂတ်၏ သားကောင်းရတနာများဖြစ်သော အခြေခံပညာကျောင်းများမှ မူလတန်းကျောင်းသား၊ ကျောင်းသူများအားကိုယ်ခန္ဓာနှင့်ဉာဏ်ရည်ဉာဏ်သွေး ဖွံ့ဖြိုးတိုးတက်ပြီး ကျန်းမာကြံ့ခိုင်စေရန် နို့တိုက်ကျွေးခြင်းကို ယမန်နှစ်ကဆောင်ရွက်ခဲ့ပြီး ယခု၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင်လည်း မန္တလေးတိုင်းဒေသကြီးအတွင်း ရှိမြို့နယ် ၂၈ မြို့နယ်မှ အခြေခံပညာကျောင်းပေါင်း ၉၀ တွင်ပညာသင်ကြားလျက်ရှိသော မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူဦးရေ နှစ်သောင်းကျော်ကို နွားနို့တိုက်ကျွေးသွားမည်ဖြစ်ကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ အစီအစဉ်ဖြင့် မန္တလေးမြို့နယ်များရှိ အခြေခံပညာကျောင်း ခြောက်ကျောင်းမှ ကျောင်းသား၊ ကျောင်းသူ ၁၅၀၀ နှင့် စဉ့်ကိုင်မြို့နယ်ရှိ အခြေခံပညာကျောင်း ခြောက်ကျောင်းမှကျောင်းသား၊ ကျောင်းသူ ၁၅၀၀ စုစုပေါင်း ၃၀၀၀ တို့အား တစ်ပတ်လျှင် တစ်ကြိမ်နှုန်းဖြင့်လည်းကောင်း၊ မွေးမြူရေးလုပ်ငန်းအဖွဲ့မှလည်း ပြင်ဦးလွင်၊ ပုသိမ်ကြီးနှင့် မြစ်သားမြို့နယ်တို့ရှိ အခြေခံပညာကျောင်း ၁၁ ကျောင်းမှ ကျောင်းသား၊ ကျောင်းသူ ၂၅၆၆ ဦးတို့အား တစ်ပတ်လျှင် တစ်ကြိမ်နှုန်းဖြင့်လည်းကောင်း လစဉ်နို့တိုက်ကျွေးသွားမည်ဖြစ်သည်။

ထို့အပြင် ပုဂ္ဂလိက ကုမ္ပဏီများကလည်း တိုင်းဒေသကြီးအတွင်းရှိ မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ၁၇၅၀၀ ဦးကို နေ့စဉ် နွားနို့တိုက်ကျွေးရန် စီစဉ်လျက်ရှိကြောင်းသိရသည်။

"အခြေခံပညာမူလတန်းကျောင်းသားတွေကို နွားနို့တိုက်ကျွေးရတာက နွားနို့မှာ အသားဓာတ်၊ အဆီဓာတ်၊ သကြားဓာတ်၊ ဗီတာမင်များနှင့် သတ္တုဓာတ်စတဲ့ အာဟာရဓာတ်များစွာ ပါဝင်တဲ့အတွက် ကလေးတွေ ကြီးထွားလာမှုနဲ့ ဉာဏ်ရည်ဖွံ့ဖြိုးမှုတို့ကို အထောက်အကူပြုစေတာကြောင့်ဖြစ်ပါတယ်။ အနာဂတ်မျိုးဆက်သစ်တွေအတွက် ကျန်းမာဖွံ့ဖြိုးဉာဏ်ရည်တိုးစေမည်ဟူသော ရည်ရွယ်ချက်ဖြင့် ကျောင်းနေရွယ်ကလေးများကို နို့တိုက်ကျွေးတဲ့ အစီအစဉ်အားယခုထက်ပိုမိုပြီး ကျယ်ကျယ်ပြန့်ပြန့် စဉ်ဆက်မပြတ်ဆောင်ရွက်ဖို့လိုပါတယ်။ဆောင်ရွက်ရာမှာလည်း ဌာနဆိုင်ရာတွေ၊ အလှူရှင်တွေရဲ့အကူအညီအများကြီး လိုအပ်ပါတယ်။ ဒါကြောင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြပါ"ဟု မန္တလေးတိုင်းဒေသကြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဦးစီးမှူးက ပြောကြားသည်။

မန္တလေးတိုင်းဒေသကြီးတွင် အခြေခံပညာ ကျောင်းများမှ မူလတန်းအဆင့်ကလေးငယ်များအား နို့တိုက်ကျွေးခြင်းကို ၂၀၁၂ ခုနှစ်က စတင်ဆောင်ရွက်ခဲ့ပြီး ယင်းသို့ဆောင်ရွက်ရာတွင် မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် (မန္တလေးတိုင်းဒေသကြီး)၊ ပညာရေးဌာနနှင့် ကျန်းမာရေးဌာနတို့ပူးပေါင်း၍ မန္တလေး၊ အမရပူရ၊ ပုသိမ်ကြီး၊ပြင်ဦးလွင်၊ ကျောက်ဆည်၊ စဉ့်ကိုင်၊ တံတားဦးနှင့် မိတ္ထီလာစသည့် မြို့နယ်များရှိ မူလတန်းကျောင်း ၁၂ကျောင်းမှ ကျောင်းသား ဦးရေ ၁၇၈၄ ဦးအား တစ်ပတ်လျှင်တစ်ကြိမ်သာ နို့တိုက်ကျွေးခဲ့ပြီး ယမန်နှစ်နှင့်ယခုနှစ်မှသာ နေ့စဉ်နို့တိုက်ကျွေးခြင်းဖြစ်ကြောင်း သိရသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

နွားထိုးကြီးမြို့နယ်အတွင်း မြစိမ်းရောင်ကျေးရွာစီမံကိန်းအတွက် တစ်ရွာလျှင် ငွေကျပ်သိန်း ၃၀၀ စီ ပေးအပ်

နွားထိုးကြီး ဇွန် ၂၆

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ နွားထိုးကြီးမြို့နယ်အတွင်းရှိ ဆုံကုန်း၊ ဒိုင်းလည်၊ ရွှေကြာအင်း၊ စည်သာ၊ သန်းပင်လှ စသည့်ကျေးရွာ ၁၁ ရွာအား မွေးမြူရေး ၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် အရင်းမပျောက် မတည် ရန်ပုံငွေကျပ်သိန်း ၃၀၀ ကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ဇွန် ၂၁ ရက် နံနက် ၁၀ နာရီက ပေးအပ်ခဲ့သည် ။

ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်းများ အမှန်တကယ် အကောင်အထည်ဖော်ဆောင်မှုရှိစေရေး လိုအပ်လျက်ရှိပြီး ရရှိလာသည့် ရန်ပုံငွေများအား အကျိုးရှိစွာ အကောင်အထည်ဖော်နိုင်မှသာ အောင်မြင်မည်ဖြစ်ကြောင်း သိရသည်။

ယင်းအခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကြည်ဖေ ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်နိုင်၊ မြို့နယ်အထောက်အကူပြုအဖွဲ့ ဥက္ကဋ္ဌ ဦးစိန်ဝင်း၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီး အရာရှိဒေါ်အေးအေးသိန်း၊ တာဝန်ခံအင်ဂျင်နီယာ ဦးအောင်စည်ဟိန်း၊ မြစိမ်းရောင်ကျေးရွာ ၁၁ ရွာမှ အထောက်အကူပြုအဖွဲ့ဝင်များနှင့် မြစိမ်းရောင်ကျေးရွာကြီးကြပ်မှုကော်မတီအဖွဲ့များ တက်ရောက်ခဲ့ကြောင်း သိရသည်။

သန်းဇော်အောင်(နွားထိုးကြီး)

ရမည်းသင်း၌ စနစ်ကျသည့်စက်မှုလယ်ယာမြေဧက ၁၆၀ ကျော် ဖော်ထုတ်ပေး

ရမည်းသင်း ဇွန် ၂၆

မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင်၊ ပျော်ဘွယ်မြို့နယ်၊ ချောင်းမကြီးအုပ်စု၊ ချောင်းမကြီးမျိုးသန့်ခြံအတွင်း စက်မှုလယ်ယာ စနစ်ကျလယ်ယာမြေဖော်ထုတ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး လက်ရှိတွင် လယ်မြေဧက ၁၆၀ကျော် ဖော်ထုတ်ပေးလျက်ရှိကြောင်း သိရသည်။

စနစ်ကျလယ်ယာမြေဖော်ထုတ်ရေးလုပ်ငန်းများကို ရမည်းသင်းခရိုင် စက်မှုလယ်ယာဦးစီးဌာနမှ ကြီးကြပ်၍ ပျော်ဘွယ်မြို့နယ် စက်မှုလယ်ယာဦးစီးဌာနက ဆောင်ရွက်လျက်ရှိရာ ထယ်ထိုး၊ ထွန်မွှေသည့် ထွန်စက်တစ်စီး၊ မြေထိုးမြေညှိရန် ထွန်စက်တစ်စီးတို့ဖြင့် ကန်ဆင်းဖျက်ခြင်း၊ ထယ်ထိုးခြင်း၊ မြေညှိခြင်းများကို ဆောင်ရွက်လျက်ရှိရာ ချောင်းမကြီးမျိုးသန့်ခြံအတွင်း ၂၈ ဧကခန့် ဖော်ထုတ်ပေးမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် ရမည်းသင်းစည်ပင်မျိုးသန့်ခြံအတွင်းတွင်လည်း ၁၃၉ ဧကကို ဖော်ထုတ်ပြီးစီးခဲ့ပြီ ဖြစ်ကာ ယခင်နှစ်က ၄၇ ဧက ဖော်ထုတ်ပေးခဲ့ခြင်းနှင့် နှိုင်းယှဉ်ပါက ဧကတစ်ရာကျော်ကို စနစ်ကျနသည့် စက်မှုလယ်မြေများအဖြစ် ပြောင်းလဲပေးနိုင်ခြင်းဖြစ်သည်။

ထိုကဲ့သို့ဆောင်ရွက်ပေးခြင်းဖြင့် ထွန်ယက်စိုက်ပျိုးရိတ်သိမ်းရေး လုပ်ငန်းစဉ်များအားလုံးတွင် အချိန်နှင့်တစ်ပြေးညီ အခက်အခဲနည်းပါးစေနိုင်ပြီး သီးနှံများ ပိုမိုထွက်ရှိလာတော့မည်ဖြစ်ကြောင်း မြို့နယ်တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

လှိုင်သန်းတင့်(ရမည်းသင်း)

နိုင်ငံတစ်ဝန်း သစ်တောစွမ်းဖြင့်
စိမ်းလန်းစေရမည်

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းရုံးလက်အောက်ရှိ အောက်ဖော်ပြပါဌာနများတွင် အဆောက်အအုံအသစ်များ ဆောက်လုပ်ရန်အတွက် ဆောင်ရွက်လိုပါက အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ အဆိုပါအိတ်ဖွင့်တင်ဒါ ပေးသွင်းလိုသည့် လုပ်ငန်းရှင်များသည် တင်ဒါအဆိုပြုလွှာနှင့် တင်ဒါစည်းကမ်းချက်များကို ၂၅-၆-၂၀၁၄ရက်မှစ၍ ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းရုံး တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး ၂၄-၇-၂၀၁၄ရက် ၁၆း၃၀ နာရီနောက်ဆုံးထား၍ ရန်ကုန် တိုင်းဒေသကြီး လူမှုဝန်ထမ်းရုံးသို့ ပြန်လည်တင်သွင်းရမည်ဖြစ်ပြီး ၂၄-၇-၂၀၁၄ရက်တွင် တင်ဒါဖွင့်လှစ်မည်ဖြစ်ပါသည်။

၃။ လုပ်ငန်းရှင်များသည် တင်ဒါအဆိုပြုလွှာနှင့်အတူ ကုမ္ပဏီမှတ်ပုံတင်မိတ္တူနှင့် ကုမ္ပဏီ Profile တို့ကို တင်ပြရမည်ဖြစ်ပါသည်။

၄။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ပါတယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ဖုန်း-၅၅၃၉၅၇၊ ၅၅၂၉၂၇၊ ၅၅၂၈၂၃

(က) မသန်စွမ်းသက်ကြီးသင်တန်းကျောင်း
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အများသိစေရန်ကြေညာခြင်း

ရှမ်းပြည်နယ်၊ ကျောက်မဲခရိုင်၊ ကျောက်မဲမြို့နယ်၊ ပင်တိန်ကျေးရွာအုပ်စု၊ ပင်တိန်ကျေးရွာ၊ နောင်ပိန်မြောက်ကွင်း အကွက်(၅)၊ ဦးပိုင်အမှတ်(၁၅၅/၃၃၀)၊ ဧရိယာ ၀ ဒသမ ၁၈၀ဧက ဒေါက်တာချစ်ရွှေ အမည်ပေါက်ဂရန်မြေပေါ်တွင် ဒေါက်တာချစ်ရွှေ၏ ခွင့်ပြုချက်ဖြင့် ကိုးနှစ်ခန့်အခမဲ့နေထိုင်ခဲ့သူ ဒေါက်တာချစ်ရွှေ၏တပည့် ဒေါ်သန်းစီ ၁၀/မလမ(နိုင်)၁၀၈၇၅၇သည် ၎င်းဆောက်လုပ်ထားသော အုတ်တံတိုင်းနှင့်နံကပ်ဂိုဒေါင်တို့အတွက် အဆိုပြုကမ်းလှမ်းသော ငွေကျပ်များကို ဒေါက်တာချစ်ရွှေက လွှဲပြောင်းပေးအပ်ခဲ့ပြီးဖြစ်ကြောင်း၊ ၂၀-၆-၂၀၁၄ရက်တွင် နှစ်ဦးသဘောတူ ကတိစာချုပ်ပြုလုပ်ပြီးစီးကြောင်း၊ ယနေ့အချိန်တွင် အထက်ပါမြေဂရန်နှင့် မြေပေါ်ရှိ အဆောက်အအုံ ဝင်းခြံအကာအရံ ပိုင်ဆိုင်အကျိုးခံစားခွင့်များသည် ဒေါက်တာချစ်ရွှေတစ်ဦးတည်း လက်ဝယ်လက်ရှိ ဥပဒေနှင့်အညီ တရားဝင်ပိုင်ဆိုင်ကြောင်း၊ ဒေါ်သန်းစီနှင့်သော်လည်းကောင်း၊ ဒေါ်သန်းစီ၏ခွင့်ပြုချက်ဖြင့်နေထိုင်သူ နောင်ပိန်ရွာနေ ဦးအောင်နိုင်နှင့်သော်လည်းကောင်း လုံးဝမပတ်သက်တော့ကြောင်း ကြေညာအပ်ပါသည်။

ဒေါက်တာချစ်ရွှေ၏အထွေထွေကိုယ်စားလှယ်လွှဲစာရရှိသူဒေါက်တာသက်ဝင်း

ကြော်ငြာစာ

(အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၈၃)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး
၂၀၁၄ ခုနှစ်၊ တရားမအသေးအဖွဲ့မှုအမှတ်-၂၃၄
(ကွယ်လွန်သူ ဒေါ်သန်းအေး၏ကျန်ရှိရစ်သောပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု)

ဒေါ်အေးအေးမွန် — **လျှောက်ထားသူ**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁)ရပ်ကွက်၊ အနော်ရထာလမ်း၊ အမှတ်(၂၂)၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဒေါ်သန်းအေး၏ကျန်ရစ်သော ပစ္စည်းဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁)ရပ်ကွက်၊ အနော်ရထာလမ်း၊ အမှတ်(၂၂)ဟုခေါ်တွင်သော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပေါ်၌ အမွေထိန်းလက်မှတ်စာထုတ်ပေးပါမည့်အကြောင်းနှင့် ဒေါ်အေးအေးမွန်က အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားချက်ရှိသဖြင့် ဤအမှုကို ၂၀၁၄ ခုနှစ်၊ ဇူလိုင် ၁၄ရက်(၁၃၇၆ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၃ရက်)နံနက် ၁၀နာရီတွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဒေါ်သန်းအေး၏ ကျန်ရှိရစ်သော ပစ္စည်းများတွင် အကျိုးစီးပွားတစ်ခုခု သက်ဝင်သည့်အဆိုရှိသူ ခပ်သိမ်းတို့အား၊ အဆိုပါအမှုတွင် ၎င်းတို့(လာရောက်လျှောက်ထားဆိုင်ဆိုရန် သင့်လျော်မည်ဟုအထင်ရှိလျှင်)ဆိုခဲ့သော ၂၀၁၄ ခုနှစ်၊ ဇူလိုင် ၁၄ ရက်(၁၃၇၆ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၃ရက်)နံနက် ၁၀နာရီတွင် မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့က နေရာတကျအမိန့်ပေးထားသူ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်မထုတ်ပေးမီ မှုခင်းမှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃နှင့်အညီ ယခုမိန့်ကြားဆင့်ဆိုလိုက်သည်။ ၎င်းကဲ့သို့ လာရောက်ခြင်းတစ်ခုခုမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က ဆိုခဲ့သော ဒေါ်အေးအေးမွန်၏လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်ကြောင်း။

၂၀၁၄ခုနှစ်၊ ဇူလိုင် ၂၄ ရက် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(မျိုးတင့်)
ဒုတိယခရိုင်တရားသူကြီး(၅)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

ပဲခူးတိုင်းဒေသကြီး၊ ဇီးကုန်းမြို့နယ်၊ (၅)ရပ်ကွက်၊ ဘုရားလမ်း၊ အမှတ်(၃၅)နေ ဒေါ်ချို ၇/ဇကန(နိုင်)၀၄၂၀၅၆၏တရားလွှတ်တော်ရှေ့နေ(စဉ်-၅၉၄၁) ဦးဘသောင်း၊ အထက်တန်းရှေ့နေ(စဉ်-၃၈၉၇၈)ဒေါ်ခင်မေဦးတို့၏ ၁၁-၆-၂၀၁၄ရက်ထုတ် မြန်မာ့အလင်းသတင်းစာမှ ဒေါ်ချိုမွေး၊ ဒေါ်သိန်းသိန်း၊ ဒေါ်ညိုနှင့်အများသိရှိနိုင်ရန် အသိပေးကြေညာခြင်းအပေါ်ပြန်လည်ရှင်းလင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ စမ်းကြီးဝရပ်ကွက်၊ ဇေယျာသီရိလမ်းသွယ်-၄၊ အမှတ် ၂ နေ ဒေါ်သိန်းသိန်းမြင့် ၁၂/မရက(နိုင်)၀၄၅၄၈၂ (ကွယ်လွန်သူဦးကျော်အေး၏ဇနီး)နှင့် ရန်ကုန်တိုင်းဒေသကြီး၊ စမ်းကြီးဝရပ်ကွက်၊ ဘူတာလမ်း၊ အင်ကြင်းမြိုင်လမ်း၊ အမှတ် ၅ နေ ဒေါ်ချိုမွေး(ခ)ဒေါ်ဂူလ်ဂျမ်ဘီဘီ KPW-၀၄၄၅၃၃ (ကွယ်လွန်သူဦးတင်ထွန်း၏ဇနီး)တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ပေါက်ကုန်းကျေးရွာအုပ်စု၊ ကွင်းအမှတ် ၈၇၊ ဦးပိုင်အမှတ် ၄၀၇-ခ(A)၊ မြေဧရိယာ လေးဧကသည် ဦးတင်ထွန်းဝယ်ယူပိုင်ဆိုင်အမည်ပေါက်ဖြစ်ပြီး ကွင်းအမှတ် ၈၁၊ ဦးပိုင်အမှတ် ၄၀၇-ခ(A)၊ မြေဧရိယာ(ရှစ်)ဧကသည် ဦးကျော်အေးဝယ်ယူပိုင်ဆိုင်အမည်ပေါက်ဖြစ်ကြောင်းနှင့် ဦးချစ်တင်(ခ)ဦးစီးဒစ်ဝယ်ယူပိုင်ဆိုင်ခဲ့သော မြေကွက်များ လုံးဝမဟုတ်ပါကြောင်း၊ ကွယ်လွန်သူ ဦးတင်ထွန်းပိုင်ဆိုင်အမည်ပေါက်သောမြေအား ဇနီးဖြစ်သူ ဒေါ်ချိုမွေး(ခ)ဒေါ်ဂူလ်ဂျမ်ဘီဘီကလည်းကောင်း၊ ဦးကျော်အေး ပိုင်ဆိုင်အမည်ပေါက်သောမြေအား ဇနီး ဒေါ်သိန်းသိန်းမြင့်ကလည်းကောင်း လွတ်လပ်စွာ စီမံခန့်ခွဲခွင့်ရှိပါကြောင်း ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

ဒေါ်သိန်းသိန်းမြင့်၊ ဒေါ်ချိုမွေး(ခ)မဂူလ်ဂျမ်ဘီဘီတို့၏လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ခင်လှဲ့ဝေ LL.B — **ဦးဝင်းလှိုင်** LL.B
အထက်တန်းရှေ့နေ(စဉ်-၃၈၉၈၀) — **တရားလွှတ်တော်ရှေ့နေ(စဉ်-၅၂၄၈)**
အမှတ် ၄၆၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

[illegible]

[illegible]

မြန်မာ့အလင်း

၂၀၁၄ခုနှစ်၊ ဇွန် ၂၇ ရက်၊ သောကြာနေ့။

ပြည်တွင်းရေးရာ

အောက်ကျောင်းသမုဒ္ဒဂီရိ မြစေတီအတွင်း ၉၉ တံခါးပေါက်ရှိကျောင်းနှင့် နှစ် ၁၀၀ ကျော် ရှေးဟောင်းပစ္စည်းများ

စာ - ၃



လူမှုစီးပွား

အုန်းပင်ချောင်းကူးတံတား မကြာမီပြီးစီးတော့မည်

စာ - ၄

လူမှုစီးပွား

ရပ်ရွာအခြေပြု ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်းများ

စာ - ၆

အသင်းကြီးများရဲ့ လိုအပ်ချက်နဲ့ စောင့်ကြည့်ရမယ့် ကမ္ဘာ့ဖလား

ကလိုဆေး

၂၀၁၄ ကမ္ဘာ့ဖလားက အုပ်စုပွဲတွေပြီးပြီ၊ အဲဒီမှာ အသင်းကြီးအချို့ အုပ်စုကပြုတ်တယ်၊ အသင်းကြီးအချို့က မှန်းတဲ့အတိုင်းအုပ်စုကို ကျော်နိုင်တယ်။ တက်လာတဲ့အထဲမှာက ဘရာဇီး၊ ဟော်လန်၊ ဥရုဂွေး၊ ပြင်သစ်၊ အာဂျင်တီးနား၊ ဂျာမနီတို့ပါတယ်။ ဒီတော့ ထွက်ရတဲ့အသင်းတွေအပေါ် ဘာကြောင့်၊ ဘယ်လိုကအစ ဝေဖန်ပိုင်းခြားမှုအမျိုးမျိုး ထွက်လာပေမယ့် တက်လာကြတဲ့ အသင်းကြီးတွေအကြောင်းကြတော့ ပျောက်နေတယ်။ ပြောတဲ့သူနည်းတယ်။ အထူးသဖြင့် တတ်လာတဲ့အသင်းကြီးတွေဟာ သူတို့အဆင့်နဲ့လိုက်လျောညီထွေရှိတဲ့ ရပ်တည်မှုကို ဖြစ်အောင် လုပ်ပြလာနိုင်တာနဲ့အမျှ အများစုက သူတို့အပေါ် အကောင်းမြင်ကြတယ်။ ဒီတော့ အဲဒီလိုအသင်းကြီးတွေရဲ့ အကြောင်းကို အပြောအဆိုနည်းတယ်။ ဝေဖန်ထောက်ပြမှုသိပ်မရှိဘူး။ အကောင်းမြင်ဝါဒနဲ့ ဆက်စောင့်ကြည့်ကြတယ်။

ဒါပေမယ့် လက်တွေ့ကျကျပြောရရင် ထွက်သွားရတဲ့အသင်းတွေအပေါ် ဝေဖန်ထောက်ပြမှုဟာ အနာဂတ်သဘောဆောင်တယ်။ သူတို့အတွက် ဒီတစ်ကြိမ်ဆိုတဲ့ အရာက မရှိတော့ဘူး။ နောက်တစ်ခါဆိုတာပဲကျန်တယ်။ အရှင်းဆုံးပြောရရင် နောက်တစ်ခါ ဒီလိုမဖြစ်ရေး အဲဒါက အေးအေးဆေးဆေး အဖြေရှာသင့်တဲ့အရာ။ ဒါပေမယ့် တက်သွားတဲ့ အသင်းကြီးတွေကြတော့ အဲဒီလိုမဟုတ်ဘူး။ သူတို့အတွက် ဒီတစ်ကြိမ်ဆိုတာ မပြီးသေးဘူး။ ဒီတော့ ပစ္စုပ္ပန်သဘောဆောင်တယ်။ နောက်တစ်ကြိမ်မဟုတ်ဘူး။ နောက်ထပ်တစ်ဆင့်ပြီးတစ်ဆင့် တက်နိုင်ဖို့။ အရှင်းဆုံးပြောရရင် အသင်းကြီးတွေရဲ့ရင်မှာ အမြဲစိမ့်ဝင်နေတတ်တဲ့ ချန်ပီယံဖြစ်လိုတဲ့စိတ်။ အဲဒါကို ဖမ်းဆုပ်နိုင်မှု ရှိမရှိနဲ့ သူတို့ရဲ့ လိုအပ်ချက်။ အဲဒါကပြောဖို့ ပိုလိုတယ်။ ပြောလည်းပြောသင့်တယ်။

အထူးသဖြင့် ဒီတစ်ကြိမ် ကမ္ဘာ့ဖလားမှာ အသင်းကြီးအချို့ နောက်တစ်ဆင့်ကို ရောက်လာကြတယ်ဆိုတာ မှန်ပေမယ့် အဲဒီလို တက်လာတဲ့ အသင်းကြီးတွေထဲမှာတောင် ရောက်သင့်ရောက်ထိုက်တဲ့အဆင့်ကို ရောက်အောင် လုပ်နိုင်မှုပဲရှိတယ်။ အလုံးစုံမပြည့်စုံဘူး။ အများစုက လိုအပ်ချက်နဲ့ မလွတ်တဲ့အသင်းတွေ။ ပြောရရင် အဲဒီအထဲမှာ

စာမျက်နှာ ၂

“ကလိုဆေးက ဂါနာနဲ့ ပွဲမှာ အရန်ခုံကထပြီး ဂိုးသွင်းခဲ့တာမှန်ပေမယ့် သူ့အသက်။ သူ့ကြံ့ခိုင်မှုအရ ”

Brasil 2014

ကမ္ဘာ့ဖလား အထူးကဏ္ဍ

စောင့်ကြည့်ချင်စရာဖြစ်နေသည့် ဂရိအသင်း၏ အနာဂတ်ခြေလှမ်း

စာ-၂

မြန်မာ့အလင်း
၂၇-၆-၂၀၁၄ (သောကြာနေ့)

စောင့်ကြည့်ချင်စရာဖြစ်နေသည့် ဂရိအသင်း၏အနာဂတ်ခြေလှမ်း

၂၀၁၄ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲကို မမျှော်လင့်တဲ့အရာတွေ မျက်မြင်ကြုံတွေ့ရတဲ့ပြိုင်ပွဲလို့ ခေါင်းစဉ်တပ်ရင် ငြင်းမယ့်သူ ရှားလိမ့်မယ်။

ချန်ပီယံစပိန်အသင်း အုပ်စု အဆင့်ကတင် မမျှော်လင့်ဘဲပြန်သွားရသလို မရဏအုပ်စုတွင်း ကျရောက်ခဲ့လို့ အုပ်စုအဆင့်ကတင် ထွက်ရမယ်လို့ ယူဆထားခဲ့တဲ့ ကော်စတာရီကာ အုပ်စုပထမနေရာနဲ့ ၁၆ သင်း ရှုံးထွက်အဆင့်ကို တက်သွားခဲ့တယ်။ ဒီအချက်တွေက ကြိုတင်တွက်ဆမထားခဲ့ဘဲ မယုံကြည်နိုင်လောက်အောင် ဖြစ်ပေါ်လာတဲ့ အချက်တွေပဲဖြစ်တယ်။ တစ်နည်းပြောရရင်တော့ ဘောလုံးလောကမှာ ဘယ်အရာကိုမှ အပိုင်ကြိုပြောထားလို့မရဘူးဆိုတဲ့ နိယာမမှန်ကန်ကြောင်း သက်သေပြချက်တွေလို့လည်း ပြောလို့ရတယ်။

ဘောလုံးလောကမှာ မထင်မှတ်တာတွေ ဖြစ်ပျက်ခဲ့၊ လုပ်ပြနိုင်ခဲ့တဲ့ အသင်းတွေကို ပြန်ကြည့်မယ်ဆိုရင် ချန်ထားလို့မရတာက ဂရိအသင်း။

ယူရို ၂၀၀၄ ပြိုင်ပွဲရဲ့ အုပ်စုအဆင့်မှာ စပိန်၊ ပေါ်တူဂီ၊ ရုရှားတို့နဲ့ တစ်အုပ်စုတည်းကျခဲ့လို့ အုပ်စုကတင် လှည့်ပြန်ရဖို့ များတယ်လို့ ထင်ကြေးပေးခံခဲ့ရတဲ့အသင်း။ ဒါပေမယ့် စပိန်၊ ရုရှားတို့ကို ကျော်ဖြတ်ပြီး အုပ်စုဒုတိယနေရာနဲ့ နောက်တစ်ဆင့် တက်နိုင်ခဲ့သလို ရှုံးထွက်အဆင့် ပွဲစဉ်တွေမှာလည်း ပြင်သစ်၊ ချက်၊ ပေါ်တူဂီတို့ကို အနိုင်ယူပြီး ချန်ပီယံဆုဖလားကြီး ရယူရင်း သမိုင်းဝင်အောင်ပွဲကို ရေးထိုးပြနိုင်ခဲ့တယ်။ ခံစစ်ကို အားပြုတဲ့ဂရိရဲ့ ကစားဟန်ဟာ အဲဒီခေတ် အဲဒီအချိန်က ဘောလုံးလောကတစ်ခုလုံး သတိပြုလေ့လာခဲ့ရတဲ့ ကစားဟန်ဖြစ်ခဲ့တယ်။

အချိန်ကာလ ရွေ့လျောမှုနဲ့အတူ ဂရိရဲ့ သမိုင်းဝင်အောင်မြင်မှုရယူခဲ့ပုံကို မေ့မေ့လျော့လျော့ဖြစ်လာကြတယ်။ ဂရိဟာ ကစားပုံမာကျောတဲ့အသင်းတစ်သင်းဖြစ်တယ်လို့ သတ်မှတ်ကြပေမယ့် ဂရိအသင်းကို အထင်တကြီးမရှိခဲ့ကြဘူး။

ဂရိကက်စ်၊ ဆာမာရက်စ်၊ ကာရာဂူးနက်စ်၊ ကက်ဆိုရာနစ်တို့လို ဂရိအသင်းရဲ့ အမာခံကစားသမားတွေ အသက်အရွယ်အရ အကောင်းဆုံးအချိန်ကျော်လွန်လာချိန်မှာ ဂရိအသင်းကို ဦးဆောင်သူမဲ့တဲ့ အသင်းတစ်သင်းအဖြစ် မှတ်ယူခဲ့ကြတယ်။

၂၀၁၄ ခုနှစ် ကမ္ဘာ့ဖလားအုပ်စုအဖွင့်ပွဲမှာ ဂီကက်စ်၊ ဆာမာရက်စ်၊ ကက်ဆိုရာနစ်တို့လို ကစားသမားတွေ ပွဲထွက်စာရင်းမှာ ပါဝင်ခဲ့ပေမယ့် ဂရိဟာ ကိုလံဘီယာအသင်းကို သုံးဂိုးပြတ်နဲ့အရေးနိမ့်ခဲ့ရတဲ့အခါ ဂရိအသင်းရဲ့ စွမ်းဆောင်နိုင်ရည်အပေါ် သံသယစိတ်ပိုဝင်လာခဲ့တယ်။ အုပ်စုဒုတိယပွဲမှာ ဂျပန်အသင်းကို ခြေစွမ်းပိုင်းအရလည်း အသာစီးမရခဲ့သလို ရလဒ်အရလည်း သရေသာရအောင် ကစားနိုင်ခဲ့ချိန်မှာ ဂရိအတွက် ၂၀၁၄ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲ ပြီးဆုံးသွားပြီဆိုတဲ့ အတွေးမျိုးတွေတောင် ဖြစ်ပေါ်လာခဲ့တယ်။

အုပ်စုနောက်ဆုံးပွဲမှာ ဆုံခဲ့တာက ဒရော့ဘာ၊ ကာလူး၊ ဂါဗင်ညို၊ ယာယာတိုရေး၊ ကိုလိုတိုရေးတို့လို နာမည်ကြီး ကစားသမားတွေ ပါဝင်နေတဲ့ အိုင်ဗရီကို့စ်အသင်း။ ဂရိအနေနဲ့ အဲဒီပွဲမှာ နိုင်ပွဲရမှ နောက်တစ်ဆင့်တက်ရေး မျှော်လင့်နိုင်မယ့်အခြေအနေ၊ အိုင်ဗရီကို့စ်က သရေရရုံနဲ့ အုပ်စုအဆင့်ကို ကျော်ဖြတ်နိုင်မယ့် အခွင့်အရေးရှိနေတယ်။ အုပ်စုနောက်ဆုံးပွဲအဖြစ် တစ်ချိန်တည်းမှာ ကစားနေတဲ့ ဂျပန်နဲ့ ကိုလံဘီယာတို့ပွဲမှာ ကိုလံဘီယာက ပွဲချိန် ၈၉ မိနစ်မှာ ဂျိမ်းစ်ရိုဒရီဂေးဇ် သွင်းယူတဲ့ စတုတ္ထဂိုးနဲ့ အနိုင်ရဖို့ သေချာနေချိန်မှာ ဂရိက အိုင်ဗရီကို့စ်ကို တစ်ဂိုးစီ သရေရလဒ်သာ ရယူထားနိုင်သေးတယ်။

ဂရိအတွက် မျှော်လင့်ချက် ကုန်ဆုံးသွားပြီလို့တောင် ပြောလို့ရတဲ့ အခြေအနေကို အိုင်ဗရီကို့စ် ဖန်တီးထားနိုင်ခဲ့တယ်။ ဒါပေမယ့် ဂရိအသင်းရဲ့ မဆုတ်မနစ်တဲ့ ဇွဲခွန်အားနဲ့ ကံကြမ္မာအလှည့်အပြောင်းတို့ကိုတော့ အိုင်ဗရီကို့စ် ထိန်းချုပ်နိုင်စွမ်းမရှိခဲ့ဘူး။

ထပ်ဆောင်းအချိန်ပိုမှာ ရရှိတဲ့ ပယ်နယ်တီကို ဂရိအသင်း ကွင်းလယ်ကစားသမား ဆာမာရက်စ်က ဂိုးအဖြစ် ပြောင်းလဲပေးပြီးချိန်မှာတော့ ဂရိရဲ့ နောက်ဆုံးအချိန်အထိ လက်မလျှော့ တမ်းကြိုးစားအားထုတ်မှု အရာထင်ခဲ့သလို ဂရိအသင်းဟာ တစ်ချိန်က အောင်မြင်မှုမျိုးဆီ တစ်ကျော့ပြန်လာဦးမှာလားဆိုတဲ့ အတွေးတွေကိုလည်း ဖြစ်ပေါ်လာစေခဲ့တယ်။

အုပ်စုဒုတိယအဖြစ်နဲ့ ၁၆ သင်းအဆင့်ကို တက်ရောက်လာနိုင်ခဲ့တဲ့ ဂရိအသင်းဟာ ကမ္ဘာ့ဖလားပြိုင်ပွဲဝင်မှုသမိုင်းမှာလည်း သမိုင်းသစ်ရေးထိုးနိုင်ခဲ့တာဖြစ်တယ်။ ၁၉၉၄ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ပထမဆုံး ပါဝင်ယှဉ်ပြိုင်ခွင့်ရရှိခဲ့တဲ့ ဂရိအသင်းဟာ ၂၀၁၀ ပြည့်နှစ် ကမ္ဘာ့ဖလားပြိုင်ပွဲမှာလည်း ဒုတိယအကြိမ် ပါဝင်ယှဉ်ပြိုင်ခွင့် ရရှိခဲ့တယ်။ ဒါပေမယ့် အဲဒီနှစ်ကြိမ်မှာ ဂရိအသင်းအနေနဲ့ အုပ်စုအဆင့်ကတင် လှည့်ပြန်ခဲ့ရတယ်။

တတိယအကြိမ်အဖြစ် ပါဝင်ယှဉ်ပြိုင်ခွင့်ရရှိခဲ့တဲ့ အခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲမှာတော့ ဂရိအသင်းအနေနဲ့ အုပ်စုအဆင့်ကတင် လှည့်ပြန်ရတဲ့ အတိတ်ဆိုးကို ချေဖျက်ပြနိုင်ခဲ့ပြီမို့ ဂရိအတွက် အခုနှစ်ကမ္ဘာ့ဖလားက သမိုင်းဝင်အောင်ပွဲလို့တောင် ပြောလို့ရတယ်။

ယူရို ၂၀၀၄ ပြိုင်ပွဲမှာ ဂရိအသင်းက အုပ်စုပွဲ သုံးပွဲမှာ တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးရလဒ်နဲ့ အုပ်စု ဒုတိယနေရာ ရရှိခဲ့တာဖြစ်သလို လေးဂိုးသွင်းယူနိုင်ပြီး လေးဂိုးပေးခဲ့ရတယ်။

အခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲမှာ လည်း ဂရိအသင်းဟာ အုပ်စုအဆင့်မှာ တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးရလဒ်နဲ့ပဲ အုပ်စုဒုတိယနေရာရရှိပြီး နောက်တစ်ဆင့် တက်ရောက်ခွင့်ရရှိလာခဲ့တာဖြစ်တယ်။ အခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ဂရိအသင်းခံစစ်က ပေးဂိုး လေးဂိုးရှိခဲ့ရပြီး နှစ်ဂိုးသာ ပြန်လည်သွင်းယူနိုင်ခဲ့တယ်။ ဂရိအသင်းသမိုင်းကြောင်းတစ်လျှောက် သမိုင်းဝင်အောင်မြင်မှုရယူနိုင်ဖို့ စတင်ခဲ့တဲ့လျှောက်လှမ်းပုံနဲ့ ဆင်တူယိုးမှားနီးပါးဖြစ်တဲ့ ရလဒ်မျိုးပိုင်ဆိုင်ခဲ့တဲ့ ဂရိအသင်းဟာ အခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲမှာလည်း အံ့အားသင့်စရာ စွမ်းဆောင်နိုင်မှုမျိုး ထပ်မံလုပ်ဆောင်ပြနိုင်ဦးမလားဆိုတာက စိတ်ဝင်စားဖို့ကောင်းနေတယ်။

ဂရိအသင်းဟာ ၁၆ သင်း ရှုံးထွက်အဆင့်မှာ ကော်စတာရီကာနဲ့ ရင်ဆိုင်ရမှာဖြစ်တယ်။ ကော်စတာရီကာက မရဏအုပ်စုမှာ ပါဝင်ခဲ့ပေမယ့် အီတလီ၊ ဥရုဂွေးတို့ကို အနိုင်၊ အင်္ဂလန်ကို သရေကစားပြီး အုပ်စုပထမနေရာကို အံ့အားသင့်စရာ ရယူနိုင်ခဲ့တဲ့အသင်း။ ပြောရရင် ကော်စတာရီကာ ကစားသမားတွေရဲ့ စိတ်ဓာတ်ပိုင်းက အမြင့်မားဆုံးအနေအထားမှာ ရှိနေတယ်။

ဒါကြောင့် တက်ကြွလန်းဆန်းတဲ့ စိတ်ဓာတ်ကို ပိုင်ဆိုင်ထားတဲ့ ကော်စတာရီကာနဲ့ မဆုတ်မနစ်ဇွဲလုံ့လပိုင်ရှင် ဂရိအသင်းတို့ရဲ့ ဆုံတွေ့မှုဟာ အသင်းငယ်တွေရဲ့ ဆုံတွေ့မှုလို့ ခေါင်းစဉ်တပ်လို့ရပေမယ့် ပြင်းထန်တဲ့ဆွဲငင်အားရှိနေတဲ့ပွဲဆိုတာကိုတော့ ငြင်းဆန်မယ့်သူ မရှိနိုင်ဘူး။

မမျှော်လင့်တာတွေ ဖြစ်ပျက်ခဲ့တဲ့ ၂၀၁၄ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ဂရိအသင်း ဘယ်အဆင့်အထိ ခြေဆန့်နိုင်မလဲ။

စိတ်ဝင်စားဖို့ ကောင်းနေပါတယ်. . . .

ထက်အောင်

ဆာမာရက်စ်

ကွာတားဖိုင်နယ်အထိ ရောက်ရှိအောင် ကြိုးစားမယ်လို့ဆိုတဲ့ ကော်စတာရီကာ ဂိုးသမားနာဗက်စ်

ကော်စတာရီကာအသင်းရဲ့ ဂိုးသမား နာဗက်စ်ကတော့ အသင်းအနေနဲ့ ကမ္ဘာ့ဖလားကွာတားဖိုင်နယ်အထိ ရောက်ရှိဖို့အတွက် အစွမ်းကုန်ကြိုးစားသွားမယ်လို့ ပြောဆိုလိုက်ပါတယ်။

ကော်စတာရီကာ အသင်းဟာ အုပ်စုပထမပွဲစဉ်မှာ ဥရုဂွေးအသင်းကို ၃-၁ နဲ့နိုင်ခဲ့သလို အီတလီအသင်းကိုလည်း ၁-၀ နဲ့နိုင်ခဲ့ကာ နောက်ဆုံးပွဲစဉ်ဖြစ်တဲ့ အင်္ဂလန်အသင်းနဲ့ပွဲစဉ်မှာတော့ ၀-၀ နဲ့ သရေကျခဲ့ပြီး အုပ်စု (D)ရဲ့အုပ်စုပထမအဖြစ် ၁၆ သင်းအဆင့်ကို တက်ရောက်နိုင်ခဲ့တာ ဖြစ်ပါတယ်။

ကော်စတာရီကာအသင်းရဲ့ ဂိုးသမားဖြစ်သူ နာဗက်စ်က "ကျွန်တော်တို့ဟာ အကောင်းဆုံးအချိန်မှာရှိနေတယ်လို့ စိတ်ကူးယဉ်နေမိပါတယ်။ ကျွန်တော်တို့ တစ်သင်းလုံးဟာ စိတ်တူသဘောတူနဲ့ အကောင်းဆုံးခရီးဆက်နေတာလည်းဖြစ်ပါတယ်။ အုပ်စုအဆင့်ကို ဖြတ်ကျော်နိုင်တာနဲ့ ပတ်သက်ပြီးလည်း အလွန် ပျော်ရွှင်နေမိပါတယ်။ ကျွန်တော်တို့အသင်းအနေနဲ့ ဘယ်လောက်အထိအောင်မြင်မှုရမလဲဆိုတာကိုတော့ အချိန်ကပဲ ပြောပြသွားမှာပါ။ ကျွန်တော်တို့ဟာ လာမယ့် ၁၆ သင်းအဆင့်ကို အကောင်းဆုံးကစားသွားဖို့ကိုသာ အာရုံစိုက်နေပါတယ်။ အဲဒီအဆင့်ကို အောင်မြင်ပြီး ကွာတားကိုလည်း ရောက်နိုင်လိမ့်မယ်လို့တော့ ယုံကြည်မိနေပါတယ်။ ကျွန်တော်တို့အသင်းဟာ လေ့ကျင့်ခန်းတွေကိုလည်း အပြင်းအထန်ပြုလုပ်ပြီး အောင်မြင်မှုတွေ ရရှိဖို့ကိုလည်း စောင့်မျှော်နေပါတယ်" လို့ ပြောဆိုခဲ့ပါတယ်။

ဂိုးသမားနာဗက်စ်ဟာ အသင်းရဲ့ အုပ်စုပွဲစဉ် သုံးပွဲလုံးမှာ အကောင်းဆုံးလက်စွမ်းပြကစားခဲ့တဲ့ ဂိုးသမား တစ်ဦး ဖြစ်ပါတယ်။

ဒါတင်မကပါဘူး။ ကော်စတာရီကာအသင်းရဲ့ နည်းပြဖြစ်သူပင်တိုကလည်း အသင်းအနေနဲ့ ၁၆ သင်းအဆင့်မှာ တိုးတက်မှုတွေရရှိဖို့အတွက် အကောင်းဆုံး လုပ်ဆောင်ရမယ်လို့ ပြောဆိုခဲ့ပါတယ်။

ကော်စတာရီကာအသင်းဟာ ၁၉၉၀ နောက်ပိုင်း ပထမဦးဆုံးအကြိမ် အုပ်စုအဆင့်ကနေဖြတ်ကျော်နိုင်ခဲ့ကာ ၁၆ သင်းအဆင့်ကို တက်နိုင်ခဲ့တဲ့ အသင်းဖြစ်ပါတယ်။

အသင်းရဲ့ လက်ရှိအနေနဲ့ ပတ်သက်ပြီးလည်း ကော်စတာရီကာ နည်းပြပင်တိုက "အီတလီအသင်းကို ကျွန်တော်တို့ အနိုင်ကစားခဲ့ပြီးကတည်းက ပရိသတ်တွေဟာ ကျွန်တော်တို့အပေါ် ယုံကြည်မှုတွေရှိနေပါတယ်။ ကျွန်တော်တို့အသင်းဟာ ဆက်လက်ကြိုးစားရဦးမှာပါ။ ဘာဖြစ်ဦးမယ်ဆိုတာကတော့ မသိနိုင်သေးပါဘူး"လို့ ပြောဆိုခဲ့ပါတယ်။

အောင်က

နာဗက်စ်

အသင်းကြီးများရဲ့ လိုအပ်ချက်နဲ့ စောင့်ကြည့်ရမယ့် ကမ္ဘာ့ဖလား မှ

အိမ်ရှင် ဘရာဇီးတောင်ပါတယ်။ အထူးသဖြင့် ဘရာဇီးဆိုတာက ဒီပြိုင်ပွဲမှာ ဗိုလ်စွဲဖို့ ရေပန်းအစားဆုံးအသင်း။ ဒါပေမယ့် အဲဒီလိုဘာရာဇီးမှာတောင် လိုအပ်ချက်ရှိတယ်ဆိုတော့။ သေချာတယ်၊ နောက်တစ်ဆင့်ရောက်လာကြတယ်ဆိုပေမယ့် သူတို့ဘယ်လောက်အထိ ခရီးပေါက်မလဲဆိုတာအတွက် အဲဒီအသင်းကြီးတွေ ဘယ်နေရာတွေမှာ အားနည်းခဲ့သလဲဆိုတာ ပြောကိုပြောသင့်တဲ့အရာတစ်ခု ဖြစ်နေတယ်။

ပြောရရင် ဘရာဇီးကို အပေါ်ယံကပိုင်းဖြတ်တဲ့အခါ အလုံးစုံပြည့်စုံတဲ့ သဘောဆောင်တယ်။ အိမ်ရှင်ဆိုတဲ့ အခွင့်အရေး၊ ပရိသတ်အား၊ သူတို့မြေ သူတို့ရေ၊ သူတို့ ရာသီဥတုတွေ အားလုံးကို ဖယ်လိုက်ရင်တောင် သူတို့ဟာ ရှေ့လယ်နောက် ပြည့်ပြည့်ဝဝရှိတဲ့ အသင်းအဖြစ်မြင်နိုင်တယ်။ ဒါပေမယ့် အသေအချာတွေးကြည့်တဲ့အခါ သူတို့မှာ လိုအပ်ချက်ခပ်မြင့်မြင့်တစ်ခုရှိတယ်။ အဲဒါက တိုက်စစ်ပဲ။ ဘာကြောင့်လဲ၊ ခရိုအေးရှားကို သုံးဂိုးသွင်းခဲ့တဲ့အသင်း။ ကင်မရွန်းကို လေးဂိုးသွင်းခဲ့တဲ့အသင်းက တိုက်စစ်ပိုင်းမှာ လိုအပ်ချက်ရှိသတဲ့လားလို့ မေးစရာရှိပေမယ့် အရှင်းဆုံးပြောရရင် သူတို့ဟာ နေမာကိုအားကိုးလွန်းတယ်။ ရထားတဲ့ ခုနစ်ဂိုးအနက် လေးဂိုးကို နေမာက သွင်းခဲ့တာ။ အဖွင့် ခရိုအေးရှားကို နိုင်တုန်းကလည်း သုံးဂိုးမှာ နေမာက နှစ်ဂိုးသွင်းတယ်။ နောက်ဆုံးမှာ ကင်မရွန်းကို နိုင်တော့လည်း လေးဂိုးမှာ နေမာက နှစ်ဂိုးထိသွင်းတယ်။ ဒီတော့ အဲဒီနေရာမှာ မေးစရာရှိပြီ။ နေမာ ဂိုးမသွင်းနိုင်တဲ့အခါ ဘယ်သူ ဂိုးသွင်းမလဲဆိုတာပဲ။ ဖရက်ဒ်လား၊ ဟတ်ခ်လား၊ ဂျိုလား၊ သေချာတာက အဲဒီသုံးယောက်စလုံးဟာ ဘယ်လိုမှ ဂိုးရဖို့ အာမခံချက်မရှိဘူး။ ဖရက်ဒ်က ကင်မရွန်းကိုနိုင်တဲ့ပွဲမှာ တစ်ဂိုးဝင်သွင်းပေးပေမယ့် တစ်ပွဲလုံးကစားသွားတဲ့ခြေအရ နောက်ပွဲတွေမှာ ဂိုးထပ်မံရမယ်လို့တောင် အာမခံချက်မရှိဘူး။ ဂျိုဆိုရင် ဝင်တောင်မကစားရသေးသလို့ ဟတ်ခ်ဆိုရင်လည်း တစ်ဂိုးမှတောင် မသွင်းနိုင်သေးဘူး။ ဒီတော့ ထပ်မေးမယ်။ နေမာဂိုးမသွင်းနိုင်တဲ့အခါ ဘရာဇီးဂိုးရပါ့မလား။ မက္ကဆီကိုနဲ့ပွဲတုန်းက နေမာဂိုးမရတော့ ဘရာဇီးဂိုးမရတာက သက်သေ။ ဒီတော့ ဒီလိုအပ်ချက်နဲ့ တစ်ရစ်ချင်းတင်းလာမယ့်ပွဲတွေရဲ့ယှဉ်ပြိုင်မှုက တစ်ဆင့်ချင်းမြင့်လာမယ့် ပြိုင်ဘက်တွေရဲ့ အဆင့်အတန်းလို ဘယ်လိုရင်ဆိုင်မလဲ တကယ်တော့ အဲဒီလို ပြဿနာမျိုးကို ဂျာမနီလည်းကြုံတယ်။ အာဂျင်တီးနားလည်းကြုံတယ်။ အထူးသဖြင့် အာဂျင်တီးနား၊ ပြောရရင် တိုက်စစ်မျိုးကောင်း အပေါဆုံးကလည်း သူတို့ပဲ။ မက်ဆီ၊ ဟီဂွါယင်၊ အဂူရို၊ လာဗက်ဇီ၊ ဒီမာရီယာ၊ ပလာစီယိုတို့နဲ့ တကယ့် မဟာအစုအဝေး။ ဒါပေမယ့် လက်တွေ့ကျတော့ သူတို့ဟာ တစ်ဂိုးရဖို့တောင် အတော်ခက်ခက်ခဲခဲလုပ်ယူနေရတယ်။ ဘော့စနီးယားကို နှစ်ဂိုး-တစ်ဂိုးနဲ့ နိုင်ရာမှာ ကိုယ်တိုင် တစ်ဂိုးပဲသွင်းနိုင်တယ်။ အီရန်ကိုကျတော့ နောက်ဆုံးမိနစ်ကျမှ တစ်လုံးတည်းသောအနိုင်ဂိုးကို သွင်းနိုင်တယ်။ ဒါဟာ ဘာ့ကြောင့်လဲ။ သူတို့တိုက်စစ်ဟာ လူစုံလေလေဂိုးရဖို့ ပိုခက်လေလေ ဖြစ်နေတော့ သူတို့ဟာ အချင်းချင်းခြေစွမ်းအရ ပေါင်းစပ်လို့ မရနိုင်ဘူးလား၊ နားလည်မှုတစ်ခု မတည်ဆောက်နိုင် သေးဘူးလား။

ဘာကြောင့်ပဲဖြစ်ဖြစ် သူတို့ဟာ အဲဒီလို တိုက်စစ် အစုအဝေးနဲ့ဆိုရင် အီရန်၊ ဘော့စနီးယားတို့ထက် ပိုပြည့်ဝတဲ့ အသင်းတွေနဲ့ အထက်အဆင့်မှာ ရင်ဆိုင်ရတဲ့အခါ ကျော်ဖြတ်နိုင်စွမ်း ရှိပါ့မလားဆိုပြီး တွေးကြတယ်၊ ရင်ခုန်ကြတယ်၊ တွက်ကြတယ်။

ပြောရရင် အဲဒီလိုအပ်ချက်မျိုး ဂျာမနီမှာလည်းရှိတယ်။ အထူးသဖြင့် သူတို့ဟာ ပေါ်တူဂီကို လေးဂိုးနဲ့နိုင်တယ်။ ဂါနာကို နှစ်ဂိုးစီ သရေကစားတယ်။ နှစ်ပွဲမှာ ခြောက်ဂိုး။ သာမန်အရ လိုအပ်ချက်မရှိတဲ့သဘော။ ဒါပေမယ့် အသေအချာတွေး။ သူတို့မှာ ဗဟိုတိုက်စစ်မှူးဆိုလို့ ကလိုဆေး တစ်ဦးတည်းပါတယ်။ ကလိုဆေးက ဂါနာနဲ့ပွဲမှာ အရန်ခုံကထပြီး ဂိုးသွင်းခဲ့တာမှန်ပေမယ့် သူ့အသက်၊ သူ့ကြံ့ခိုင်မှုအရ ပွဲပြည့်သုံးလို့ မရတော့ဘူး။ ပွဲတိုင်းဂိုးရမယ်လို့ အာမမခံနိုင်ဘူး။ ဒါဆိုမူလာရှိတယ်လို့ ပြောလို့ရပေမယ့် မူလာက ဗဟိုတိုက်စစ်မှူးစစ်စစ်မဟုတ်ဘူး။ ပေါ်တူဂီနဲ့ပွဲမှာ ဟက်ထရစ်ရပေမယ့် ပေါ်တူဂီက တစ်ဦးလျော့အသင်း။ ဂါနာလို ခပ်မာမာတုံ့ပြန်နိုင်တဲ့ အသင်းနဲ့ကျတော့ မူလာလှုပ်မရတော့ဘူး။ ဒါဆိုအဆုံးသတ်အားရှိတဲ့ ကွင်းလယ်ကစားသမားတွေ ရှိတာပဲလို့ ပြောနိုင်ပေမယ့် ကွင်းလယ်အင်အား တောင့်တင်းတဲ့ ပြိုင်ဘက်နဲ့ ရင်ဆိုင်ရပြီး ကွင်းလယ်ကစားသမားတွေ အခွင့်အရေးရမှု နည်းတဲ့အခါဆိုရင်ရော့လို့ ပြန်မေးလို့ရတယ်။

ပြီးတော့ဥရုဂွေး။ သူတို့လည်း ထိုနည်းလည်းကောင်း၊ သူတို့မှာ ဆွာရက်ဇ်ကလွဲလို့ ဂိုးသွင်းပေးမယ့်သူမရှိဘူး။ အသင်းရတဲ့ လေးဂိုးမှာ ဆွာရက်ဇ်က သုံးဂိုးသွင်းခဲ့တာ။ အီတလီကို တစ်ဂိုး-ဂိုးမရှိနဲ့ နိုင်တော့ အနိုင်ဂိုးကို ဆွာရက်ဇ်ကပဲ သွင်းတယ်။ အင်္ဂလန်ကို ၂-၁ နဲ့ နိုင်တော့လည်း နှစ်ဂိုးစလုံးကို ဆွာရက်ဇ်ကပဲ သွင်းတယ်။ တကယ်လို့ အဲဒီအခြေအနေအရ ဆွာရက်ဇ်မပါနိုင်ရင်ဥရုဂွေး နိုင်ပါ့မလား။ ကော်စတာရီကာနဲ့ပွဲမှာ ဆွာရက်ဇ်မပါတော့ ပယ်နယ်တီက နေရတဲ့ တစ်ဂိုးသာ သွင်းယူနိုင်ခဲ့တာက သက်သေ။ ထပ်ပြောရရင် ဆွာရက်ဇ်ကလည်း စိတ်မချရဘူး။ အီတလီပွဲမှာတောင် ချီလီနီကို ကိုက်တာဒိုင်မမြင်လို့။ ဒီတော့ ဆွာရက်ဇ် အထုတ်ခံရရင်၊ ပွဲပယ်ခံရရင် ဘယ်လိုရှေ့ဆက်မလဲဆိုတာ ဂျာမနီနည်းတူ ဥရုဂွေးအတွက်လည်း စိုးရိမ်စရာကောင်းတယ်။

တကယ်တော့ ဒီနှစ် နောက်တစ်ဆင့်တက်လာကြတဲ့ အသင်းကြီးတိုင်းဟာ သူ့အကြောင်းနဲ့သူ။ ကိုယ့်ဟာကွက်နဲ့ ကိုယ်တွေချည်းပဲ။ ကောင်းလွန်းပါတယ်ဆိုတဲ့ ပြင်သစ်နဲ့ ဟော်လန်ကိုပဲကြည့်။ ပြင်သစ်က ဆွစ်ဇာလန်ကိုတောင် ငါးဂိုးပြတ်ဖြင့် နိုင်ပြီးမှ နှစ်ဂိုးပြန်ပေးရမှု။ ဩစတြေးလျကို ၃-၂ နဲ့ နိုင်အောင် မနည်းကစားရတဲ့ ဟော်လန်နဲ့ ဟော်လန်ရဲ့ အခြေအနေတွေအရ သူတို့မှာလည်း အလုံးစုံ မပြီးပြည့်စုံဘူးလို့ ပြောရင်ရမလား။ ဒီတော့ အားလုံးကို ခြုံကြည့်တဲ့အခါ မေးခွန်းတစ်ခုထွက်လာတယ်။ အဲဒါက အဲဒီလိုလိုအပ်ချက်တွေ ကိုယ်စီရှိနေတဲ့ အသင်းကြီးတွေအနေနဲ့ နောက်အဆင့်တွေမှာ ဘယ်လိုတွေ ဖြစ်လာမယ်။ သူတို့ရဲ့ ပင်မရည်မှန်းချက်ကို ဒီလို လိုအပ်ချက်တွေနဲ့ ဘယ်လိုအရောက်လှမ်းမလဲ။ စိတ်ဝင်စားဖို့ကောင်းသလို စောင့်ကြည့်ချင်စရာလည်းကောင်းနေတယ်။

ဝေမိုးဆက်

မက်ဆီ

နေမာ

ဆွာရက်ဇ်

အိုဇေးအပေါ် ဝေဖန်မှုများကို အံ့အားသင့်မိသည် ဘားလက်

ဂျာမနီအသင်း ခေါင်းဆောင်ဟောင်း မိုက်ကယ်ဘားလက်က မကြာသေးမီက အိုဇေးကို ဝေဖန်ခဲ့မှုများနှင့်ပတ်သက်ပြီး အံ့အားသင့်မိကြောင်း ပြောသွားသည်။

ပြီးခဲ့သည့် အပတ်အတွင်းက အာဆင်နယ်၊ ဂျာမနီအသင်းတို့တွင် ကစားနေသည့် သူ့ခြေစွမ်းနှင့် ပတ်သက်ပြီး ဝေဖန်မှုများစွာကို ခံနေခဲ့ရသော်လည်း ဘားလက်ကမူ အိုဇေးသည် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ခြေစွမ်းပြကစားနေသူတစ်ဦးဖြစ်သည်ဟု ယုံကြည်နေသည်။

ဘားလက်က "အိုဇေးအပေါ် ဝေဖန်မှုတွေ ပြုလုပ်တာနဲ့ပတ်သက်ပြီး အံ့အားသင့်မိပါတယ်။ ကျွန်တော်အမြင်မှာတော့ အိုဇေးဟာ သူများတွေထက် ထူးချွန်တဲ့ကစားသမားတစ်ဦးပါ။ ကမ္ဘာ့ဖလားမှာ အိုဇေးအကောင်းဆုံးခြေစွမ်းတွေကို မပြသထားသေးဘူးဆိုတာ မှန်ပါတယ်။ ဒါပေမယ့် သူ့ရဲ့ကစားပုံက ကျွန်တော်အပါအဝင် ဘယ်သူ့ကိုမှ စိတ်ပျက်မှုတွေမဖြစ်စေခဲ့ပါဘူး။ သူ့အတွက် မှော်ဆန်တဲ့ အခိုက်အတန့်တွေ လိုအပ်သလို ဒီလိုဖြစ်လာအောင်လည်း လုပ်ရမှာပါ"ဟု ပြောသွားသည်။

ဖြိုးဒေါ်လာ

ဘားလက်

မကွေးတိုင်းဒေသကြီး

အောက်ကျောင်းသမုဒ္ဒဂီရိ မြစေတီအတွင်း ၉၉ တံခါးပေါက်ရှိ ကျောင်းနှင့် နှစ် ၁၀၀ ကျော် ရှေးဟောင်းပစ္စည်းများ

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ် ရေနံမြေအနီးအောက်ကျောင်း သမုဒ္ဒဂီရိ မြစေတီအတွင်း ၉၉ တံခါးပေါက်ရှိသော ကျောင်းအတွင်းတွင် ရှေးဟောင်းပစ္စည်းများ သိမ်းဆည်းပြသထားကြောင်း သိရသည်။

တွေ့ရှိခဲ့ရ

အဆိုပါပစ္စည်းများမှာ နှစ်ပေါင်းရာကျော်ရှိသည့် မီးအိမ်၊ လက်သမားသုံးပစ္စည်းများ၊ ဘုရားစာအုပ်များသိမ်းဆည်းရန် ကျွန်းဖြင့်ပြုလုပ်ထားသောဗီရိုများ၊ ပွတ်လုံးများဖြင့် လှပစွာ ပြုလုပ်ထားသော ကျွန်းခုတင်များ၊ ရှေးဟောင်းလက်ရာ ကျောက်စီယပ်တောင်များ၊ကွမ်းတောင်၊ ပန်းတောင်များ၊ ရှေးဟောင်းကွမ်းအစ်ကြီးများ၊ ၉၉ တံခါးပေါက်ကျောင်းကြီး၏ ကျောင်းဒါယကာ ဒါယိကာမ၏ ရုပ်တုနှင့် ဝိတိုရိယဘုရင်မထံ လျှောက်ထားပြီး ဆောက်လုပ်ထားသော သိမ်ကိုလည်း တွေ့ရှိခဲ့ရသည်။ ယင်း ၉၉ တံခါးပေါက်ရှိ ကျောင်းနံရံတွင် သုတ်ထားသော သဘော်ဆေးများမှာ နှစ် ၁၀၀ ကျော်ရှိသော်လည်း ဆေးများမပြယ်သေးကြောင်း သိရသည်။

(လ/၀၄၇)

မီး အိမ်

ပဲခူးတိုင်းဒေသကြီး

မိုဘိုင်းတင်းမ်လုပ်ငန်းများ စီးပွားကူးသန်း ပြောင်းလဲတာဝန်ယူ

စားသုံးသူကာကွယ်ရေးနှင့် တရားမဝင်ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေးအတွက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် မိုဘိုင်းတင်းမ်အဖွဲ့များ ဖွဲ့စည်း၍ အရေးယူဆောင်ရွက်မှုများကို ကနဦးက စီးပွား/ကူးသန်းဝန်ကြီးဌာနကပင် စတင်တာဝန်ယူခဲ့သည်။ နောက်ပိုင်းတွင် တိုင်းဒေသကြီး အစိုးရအဖွဲ့က လွှဲပြောင်းတာဝန်ယူဆောင်ရွက်လာခဲ့ရာ ဇွန် ၁၈ ရက်မှစတင်၍ စီးပွား/ကူးသန်းဝန်ကြီးဌာနက ပြန်လည်လွှဲပြောင်း၍ တာဝန်ယူဆောင်ရွက်နေပြီဖြစ်သည်။

ယင်းသို့ တာဝန်လွှဲပြောင်းဆောင်ရွက်ခြင်းနှင့်ပတ်သက်၍ တာဝန်ချထားခြင်းခံရသည့် စီးပွား/ကူးသန်းဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အကောက်ခွန်ဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကုန်သည်ကြီးများအသင်းနှင့် သတင်းမီဒီယာများ အပါအဝင် ၃၇ ဦးတို့ကို ဇွန် ၂၇ ရက်တွင် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးကျော်မြင့်၊တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးမြဝင်း ဦးဆောင်သော အဖွဲ့က သွားရောက်တွေ့ဆုံရှင်းလင်းဆွေးနွေးသည်။ ယခုအခါ ဝေါမြို့နယ်၊ စစ်တောင်းတံတား-မုပ္ပလင်နှင့် စစ်တောင်းတံတား-သိမ်ဇရပ်၊ ဒိုက်ဦးမဟာဗျူဟာလမ်းဆုံတွင် မိုဘိုင်းတင်းမ်အဖွဲ့က ရှာဖွေစစ်ဆေးလျက်ရှိသည်။ (၁၂၁)

စီးပွားဖြစ် မျိုးသန့်မျိုးစေ့ကို မျိုးသန့်စံပြရွာများတည်ထောင်၍ ၇၁ သိန်းကျော် ဖြန့်ဖြူးပေးနိုင်ခဲ့

မွန်ပြည်နယ် သံဖြူဇရပ်(စက်စဲ)မှ ရော်ဘာလုပ်ငန်းအား ၁၀ ဧကအောက် လယ်ယာမြေများကို ထောက်ပံ့ပေးရန်ကိစ္စနှင့်ပတ်သက်၍ မေးမြန်းချက်အပေါ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ဖြေကြားချက်

(ယခင်အပတ်မှအဆက်)

ပြောင်းလဲတိုးတက်မှုအခြေအနေ–
မျိုးကောင်းမျိုးသန့်မျိုးစေ့ထုတ်လုပ်ဖြန့်ဖြူးမှုနှင့်ပတ်သက်၍ စိုက်ပျိုးရေးဦးစီးဌာနမှ ဆောင်ရွက်ချက်များ

- စိုက်ပျိုးရေးဦးစီးဌာနသည် တိုင်းဒေသကြီး/ပြည်နယ်များသို့ မျိုးကောင်းမျိုးသန့်မျိုးစေ့များ ဖြန့်ဖြူးရာတွင် မျိုးစေ့ဌာနခွဲလက်အောက်ရှိ မျိုးစေ့ခြံပေါင်း ၄၃ ခြံမှ ၂၀၁၃-၂၀၁၄ ခုနှစ် မိုးရာသီအတွင်း မျိုးသန့်မျိုးပွားမျိုးစေ့အဖြစ် စပါး (OPU မျိုး) ၁၀၀၇၂၂ တင်း(၁၀၀၇၂၂ ဧကစာ)၊ စပါး (Hybrid မျိုး) တင်း ၁၅၀၀ (၄၂၈၅ ဧကစာ)၊ အစေ့ထုတ်ပြောင်း ၁၁၇၀ တင်း(၄၆၈၀ ဧကစာ)၊ ဆီထွက်သီးနှံများဖြစ်သည့် မြေပဲ၊ နှမ်း၊ နေကြာအတွက် ၁၅၂၄ တင်း (၈၄၄၈ ဧကစာ)၊ ပဲမျိုးစုံဖြစ်သည့် ပဲစင်းငုံ၊ ပဲတီစိမ်း ၃၀၃၄ တင်း (၁၁၅၃၈ ဧကစာ) ထုတ်လုပ်ဖြန့်ဖြူးနိုင်ခဲ့သည်။ စီးပွားဖြစ် မျိုးသန့်မျိုးစေ့ကို မျိုးသန့်စံပြရွာများ တည်ထောင်၍ ၁၃၅၈၃၆၂ တင်း၊ အကျိုးဆောင်တောင်သူများနှင့် ပူးပေါင်း၍ ၅၄၁၆၉၂၂တင်း၊ မျိုးစေ့ကုမ္ပဏီများနှင့် ပူးပေါင်း၍ ၃၉၁၂၀၃ တင်း စုစုပေါင်း ၇၁၆၆၄၈၇ တင်း ဖြန့်ဖြူးပေးနိုင်ခဲ့သည်။ စိုက်ပျိုးပညာပေးရေးဌာနခွဲမှ မိုးရာသီ ပုလဲသွယ်စပ်မျိုးစပါး ၅၅၂ ဧကမှ မျိုးစေ့ကီလို ၄၂၉၆၉၄ ထုတ်လုပ်နိုင်၍ ၆၁၈၃၈၄ ဧက ဖြန့်ဖြူးနိုင်ခဲ့ကြောင်း ဖြေကြားထားသည်။

လယ်ယာမြေလုပ်ပိုင်ခွင့်များ တောင်သူလယ်သမားများလက်ဝယ်အရောက် ဖြန့်ဝေပေးခဲ့

လယ်ယာမြေလုပ်ပိုင်ခွင့်မှတ်ပုံတင်ခြင်းနှင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြု လက်မှတ်ထုတ်ပေးခြင်းလုပ်ငန်းနှင့်ပတ်သက်၍ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှ ဆောင်ရွက်ချက်များ

- အတည်ပြုပြဋ္ဌာန်းပြီးဖြစ်သည့် လယ်ယာမြေဥပဒေ၊ နည်းဥပဒေများပါပြဋ္ဌာန်းချက်များနှင့်အညီ နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်များအလိုက် လယ်ယာမြေလုပ်ပိုင်ခွင့်မှတ်ပုံတင်ခြင်းနှင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ထုတ်ပေးခြင်းလုပ်ငန်းကို ၁-၁-၂၀၁၃ ရက်နေ့မှစတင်၍ ဆောင်ရွက်ခဲ့ပါသည်။
- ယင်းသို့ဆောင်ရွက်ရာတွင် နယ်မြေဒေသအခြေအနေနှင့် လမ်းပန်းဆက်သွယ်ရေးအခြေအနေများအပေါ်မူတည်၍ ပထမဦးစားပေးအစီအစဉ်နှင့် ဒုတိယဦးစားပေးအစီအစဉ်များ သတ်မှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။
- တောင်သူများ လက်ရှိလုပ်ကိုင်လျက်ရှိသော လယ်ယာမြေများအား လယ်ယာမြေလုပ်ပိုင်ခွင့် မှတ်ပုံတင်ခြင်းနှင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြု လက်မှတ်ထုတ်ပေးရေးလုပ်ငန်းဆောင်ရွက်ရာတွင် ၃၁-၃-၂၀၁၄ ရက်နေ့အထိ ပထမဦးစားပေးအစီအစဉ်အရ ၉၉ ဒသမ ၂၇ ရာခိုင်နှုန်း ပြီးစီးအောင် ဆောင်ရွက်နိုင်ခဲ့ပြီး ဒုတိယဦးစားပေး အစီအစဉ်အရ ၅ ဒသမ ၈၄ ရာခိုင်နှုန်း ပြီးစီးအောင် ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်၍ လယ်ယာမြေ လုပ်ပိုင်ခွင့်ပြု လက်မှတ်ပုံစံ(၇)များတောင်သူလယ်သမားများ လက်ဝယ်အရောက် ဖြန့်ဝေပေးခဲ့ပြီးဖြစ်ကြောင်း ဖြေကြားထားသည်။

၂၀၁၄ ခုနှစ် မတ်လအထိ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောဧက ၁၁၈၆၈၀၅၃ ရှိ

တိုင်းဒေသကြီးနှင့်ပြည်နယ်များအားလုံးတွင် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းထူထောင်ခြင်းနှင့်ပတ်သက်၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ ဆောင်ရွက်ချက်များ

- ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၏ ၂၀၀၁-၂၀၀၂ ခုနှစ်မှစတင်၍ အကောင်အထည်ဖော်ဆောင်ရွက်မည့် နှစ် ၃၀ အမျိုးသားသစ်တောကဏ္ဍ ပင်မစီမံကိန်းတွင် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းဆောင်ရွက်မည့်အစီအစဉ်ကို ထည့်သွင်းရေးဆွဲထားပြီး ၂၀၀၁-၂၀၀၂ ခုနှစ်မှ ၂၀၃၀-၂၀၃၁ ခုနှစ်အထိ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တော ၂၂၇၆၅၅ ဧက တည်ထောင်ရန် ရည်မှန်းထားရှိပါသည်။
- ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းဆိုင်ရာ ညွှန်ကြားချက်များအရ ၁၉၉၅ ခုနှစ်မှစ၍ ၂၀၁၄ ခုနှစ် မတ်လအထိ နိုင်ငံတစ်ဝန်း၌ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တော စုစုပေါင်းဧရိယာ ၁၁၈၆၈၀၅၃ဧက၊ အသုံးပြုသူများအဖွဲ့ပေါင်း ၇၄၅ ရွာနှင့် အဖွဲ့ဝင်ပေါင်း ၃၀၄၈၄ ဦး ရှိပါသည်။ အများဆုံး တည်ထောင်နိုင်သည့်ဒေသမှာ ရှမ်းပြည်နယ်ဖြစ်ပြီး အနည်းဆုံးမှာ မွန်ပြည်နယ်ဖြစ်ကြောင်း ဖြေကြားထားသည်။

(ဆက်လက်ဖော်ပြပါမည်)

မန္တလေးတိုင်းဒေသကြီး

ကျေးရွာ ၁၁ ရွာ အရင်းမပျောက် မတည်ငွေ လွှဲပြောင်းပေး

မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဇွန် ၂၄ ရက် မွန်းလွဲ ၁ နာရီက မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ မြစိမ်းရောင် ကျေးရွာစီမံကိန်း ရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကျင်းပသည်။

အဆိုပါအခမ်းအနားသို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးမျိုးမြင့်အောင်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဦး၊ ကျေးလက်ဒေသဖွံ့ဖြိုးမှုဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ရီရီဦး၊ မြို့နယ် ဖွံ့ထောက်ကော်မတီဝင်များ၊ ဌာနဆိုင်ရာများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ကျေးရွာဖွံ့ထောက်အဖွဲ့ဝင်များတက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ ဝမ်းတွင်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးမြင့်အောင်က မြစိမ်းရောင်ရန်ပုံငွေနှင့် ပတ်သက်ကာ ရန်ပုံငွေရရှိသော ကျေးရွာများမှ မြစိမ်းရောင်ကော်မတီဝင်များအနေဖြင့် ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းများ မလွဲမှားစေရန်၊ မိမိတို့မြို့နယ်သည် အခြားမြို့နယ်များထက် မြစိမ်းရောင်ရန်ပုံငွေရရှိသော ကျေးရွာအရေအတွက် ပိုမိုပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ဆင်းရဲမှု ပပျောက်စေရန်ရည်ရွယ်ကာ ကျေးရွာများသို့ အရင်းမပျောက်မတည်ငွေကျပ်သိန်း ၃၀၀ ချပေးခြင်းဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ မိမိတို့ကျေးရွာအနေဖြင့် စနစ်တကျလုပ်ကိုင်ဆောင်ရွက်ကြရန်နှင့် အခက်အခဲဖြစ်ပေါ်လာပါကမြို့နယ်အဆင့်တာဝန်ရှိသူများသို့ အသိပေးအကြောင်းကြားနိုင်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးမောင်မောင်ဦးက အဆိုပါ မြစိမ်းရောင်ရန်ပုံငွေရရှိသော ကျေးရွာ ၁၁ ရွာမှ ကော်မတီများအနေဖြင့် ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းများကို စနစ်တကျဆောင်ရွက်သင့်ပါကြောင်း၊ အဆိုပါ မြစိမ်းရောင်ရန်ပုံငွေမှာ နိုင်ငံတော်အစိုးရမှ ဆင်းရဲမှု လျှော့ချရေးလုပ်ငန်းစဉ်အကောင်အထည်ဖော်ဆောင်မှု၏ ကျေးလက်နေပြည်သူများ ဆင်းရဲမှု လျှော့ချရေး အစပင်ရှိပါသေးကြောင်း၊ ယခုရန်ပုံငွေရရှိထားသော ကျေးရွာများအနေဖြင့် ဘဏ္ဍာရေးလုပ်ထုံး၊ လုပ်နည်းအကြောင်းအမျိုးမျိုးကြောင့် လွဲမှားမှုဖြစ်ပေါ်လာပါက နစ်နာသူမှာ မိမိတို့ကျေးရွာသာဖြစ်ကြောင်း၊ မြစိမ်းရောင်ရန်ပုံငွေဆိုသည်မှာ ဆင်းရဲသော နိုင်ငံများတွင် ကျေးရွာများနှင့် မြို့ပြကွာခြားမှုကို ကျဉ်းမြောင်းအောင် မြို့ပြကဲ့သို့ ကျေးရွာများတွင်လည်း စက်မှုလက်မှု၊ ကုန်ထုတ်လုပ်မှုများရှိလာစေရန်၊ တစ်နိုင်တစ်ပိုင် အသေးစား၊ အလတ်စား၊ အကြီးစားလုပ်ငန်းကြီးများ ချဲ့ထွင်လုပ်ဆောင်နိုင်ရန်အတွက် အရင်းအနှီးမရှိသေးသူများအတွက် မတည်ရင်းနှီးငွေရရှိစေရန် ရည်ရွယ်ကာ နိုင်ငံတော်အစိုးရက ယခုလို မြစိမ်းရောင်ရန်ပုံငွေကို အမှန်ဆင်းရဲသော ကျေးရွာများကို စိစစ်ရွေးချယ်ချထားပေးကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျေးရွာ ၁၁ ရွာမှ မြစိမ်းရောင်ရန်ပုံငွေ ကြီးကြပ်မှု ကော်မတီဝင်များအား တစ်ရွာလျှင် ငွေကျပ်သိန်း ၃၀၀၊ ကျေးရွာ ၁၁ ရွာအတွက် ငွေကျပ်သိန်း ၃၃၀၀ ပေးအပ်ခဲ့ကြောင်း သိရသည်။

ဝင်းနွယ်စံ(ဝမ်းတွင်း)

ကယားပြည်နယ်

လွိုင်ကော် - ပခုက္ကူခရီးစဉ်သစ် သန့်မြန်သူယာဉ်လိုင်းပြေးဆွဲ

ကယားပြည်နယ် လွိုင်ကော်မြို့ အခြေစိုက် သန့်မြန်သူ(လွိုင်ကော်) ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေး ယာဉ်လိုင်းက လွိုင်ကော်-ပခုက္ကူခရီးစဉ်သစ်ကို ဇွန် ၂၄ ရက်က စတင်ဖွင့်လှစ်၍ ခရီးသည် ၁၅ ဦး စီးနင်းလိုက်ပါနိုင်သည့် အန်စာတုံးယာဉ်များဖြင့် ခရီးသည် သီးသန့် ပို့ဆောင်ရေးလုပ်ငန်းကို ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

ခရီးသည်များအား အိမ်တိုင်ရာရောက် အကြိုအပို့ပြုလုပ်ပေးပြီး လွိုင်ကော်ဂိတ်မှ လည်းကောင်း၊ ပခုက္ကူဂိတ်မှလည်းကောင်း ညနေ ၄ နာရီတွင် ယာဉ်စတင်ထွက်ခွာချိန်များအဖြစ် သတ်မှတ်ထားကာ ပခုက္ကူနှင့် လွိုင်ကော်မြို့များသို့ ယာဉ်များ နံနက်ပိုင်းတွင် ဆိုက်ရောက်ကြမည်ဖြစ်သည်။ လွိုင်ကော် - ကျောက်ပန်းတောင်း-ပုပ္ပား-ပုဂံညောင်ဦး- ပခုက္ကူခရီးစဉ် အတိုင်းပြေးဆွဲပြီး ယာဉ်စီးနင်းခမှာ လွိုင်ကော်- ပခုက္ကူ ခရီးစဉ်အစမှ အဆုံးအတွက် ငွေကျပ် ၁၅၀၀၀ သတ်မှတ်ထားသည်။ ယခုအခါ ကယားပြည်နယ် လွိုင်ကော်မြို့မှ မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့သို့ ခရီးသည်များ လုပ်ငန်းကိစ္စအမျိုးမျိုးဖြင့် ကူးသန်းဆက်သွယ်သွားလာမှု များပြားသောကြောင့် အဆိုပါခရီးကို ခရီးသည်များ တိုက်ရိုက်စီးနင်းလိုက်ပါသွားလာနိုင်ရန် ယခုခရီးစဉ်သစ်ကို တိုးချဲ့ပြေးဆွဲရခြင်းဖြစ်ကြောင်း ယာဉ်လိုင်းတာဝန်ခံ ဦးမောင်မောင်ဇင်ကပြောသည်။

ယခုအခါ လွိုင်ကော်မြို့အခြေစိုက် ယာဉ်လိုင်းများသည် ပြည်နယ်အတွင်း ခရီးစဉ်များအပြင် ပြည်နယ်ပြင်ပခရီးစဉ်များအဖြစ် လွိုင်ကော်-မန္တလေး၊ လွိုင်ကော်- တောင်ငူ၊ လွိုင်ကော်- ရန်ကုန်၊ လွိုင်ကော်- တောင်ကြီး၊ လွိုင်ကော်- ကျောက်ပန်းတောင်း၊ လွိုင်ကော်- မိတ္ထီလာ၊ လွိုင်ကော်- နေပြည်တော်၊ လွိုင်ကော် - ပခုက္ကူ စသည့် တိုက်ရိုက်ခရီးစဉ်များကို ပြေးဆွဲလျက်ရှိပြီး ကူးသန်းသွားလာမှု များပြားသည့် အခြားမြို့များသို့လည်း တိုက်ရိုက်ခရီးစဉ်သစ်များ တိုးချဲ့ပြေးဆွဲရန် စီစဉ်ဆောင်ရွက်နေကြောင်း သိရသည်။

ကြီးမြင့်နိုင်(လွိုင်ကော်)

ရှမ်းပြည်နယ်(မြောက်ပိုင်း)

မြန်မာတိုင်းရင်းသူများရိုးရာဆင်ယင် ထုံးဖွဲ့မှုပြပွဲနှင့် ယဉ်ကျေးမှုကပွဲ

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် မူဆယ်မြို့ မြို့တော်ခန်းမ၌ ဇွန် ၂၄ ရက် ညနေ ၃ နာရီက မြန်မာအမျိုးသမီးများနေ့ ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြန်မာတိုင်းရင်းသူများ၏ရိုးရာ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲနှင့် ယဉ်ကျေးမှုကပွဲအခမ်းအနားကျင်းပရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းငွေငွေနှင့် ဦးကိန်မိုင်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ထွန်းနှင့် ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုဇော်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရွှေလီမြို့ ကွန်မြူနစ်ပါတီ ဒုတိယအတွင်းရေးမှူး၊ ရွှေလီမြို့ အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မူဆယ်ခရိုင်အမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌ ဒေါ်ထားထားဝင်းနှင့်အဖွဲ့ဝင်များ၊ မူဆယ်မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ပပမင်းနှင့် အဖွဲ့ဝင်များ၊ သိန်းသန်းချိဆောက်လုပ်ရေးကုမ္ပဏီ၊ နယူးစတားလိုက်ကုမ္ပဏီ၊ ဂရိတ်ဟော်ခမ်းကုမ္ပဏီမှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်တိုင်းရင်းသူ အလှမယ်များ၊ မြန်မာ-တရုတ် ယဉ်ကျေးမှုအကအဖွဲ့များ အားပေးကြည့်ရှုသူများဖြင့် စည်ကားစွာကျင်းပသည်။

အဆိုပါပြပွဲတွင် အထက(၃)မှ အမျိုးသမီးရေးရာအဖွဲ့ဝင်ကျောင်းသူလေးများကအမျိုးသမီးရေးရာ ဂုဏ်ပြုတေးသီချင်းဖြင့် သီဆိုခြင်း၊ ပြိုင်ပွဲဝင်တိုင်းရင်းသူများ ပါဝင်ယှဉ်ပြိုင်ခြင်း၊ မြန်မာ-တရုတ်ယဉ်ကျေးမှု အဖွဲ့ဝင်များက ဂုဏ်ပြုဧည့်ခံခြင်း၊ ဂုဏ်ပြုလက်ဆောင်များပေးအပ်ခြင်း၊ ပြိုင်ပွဲဝင် တိုင်းရင်းသူအလှမယ်များအား ယှဉ်ပြိုင်ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုပန်းခြင်းများကို တာဝန်ရှိသူများက ချီးမြှင့်ပေးခဲ့သည်။ မြန်မာတိုင်းရင်းသူများ ရိုးရာဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲတွင် ပထမဆုကို ဈေးရပ်ကွက် ကိုယ်စားပြု မနန်းသန္တာစိုးကလည်းကောင်း၊ ဒုတိယဆုကို ဟိုမွန်ရပ်ကွက်ကိုယ်စားပြု မခိုင်ခင်ဝင်းကလည်းကောင်း၊ တတိယဆုကို တော်ရွက်ရပ်ကွက်ကိုယ်စားပြု မစံမွန်ခမ်းက လည်းကောင်း၊ စတုတ္ထဆုကို ဈေးရပ်ကွက်ကိုယ်စားပြု မနန်းလောင်လောင်က လည်းကောင်း၊ ပဥ္စမဆုကို တောင်ရပ်ကွက် ကိုယ်စားပြု မဂျာဒိုင်ပန်ကလည်းကောင်း၊ ဝတ်စုံအထူးဆုကို ဟိုမွန်ရပ်ကွက်ကိုယ်စားပြု မမျိုးဥမ္မာတို့က ရရှိကြသည်။ ထို့နောက် အထက (၃) အမျိုးသမီးရေးရာအဖွဲ့ဝင် ကျောင်းသူလေးများက **"စည်းလုံးခြင်းအတွက် သီချင်းတစ်ပုဒ်"** တေးသီချင်းနှင့်အတူ **"လတ်တီး"**သီချင်းဖြင့် စုပေါင်းသီဆို၍ အခမ်းအနားကို အောင်မြင်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

"ကျွန်မတို့လို နယ်စပ်မြို့ဖြစ်တဲ့ မူဆယ်မြို့မှာ တိုင်းရင်းသူလေးတွေကို ရိုးရာဝတ်စုံ ဒီဇိုင်းလှလှလေးတွေနဲ့တွေ့လိုက်ရတော့ ရင်ထဲမှာ အေးမြသွားပြီး မြန်မာတိုင်းရင်းသူလေးတွေရဲ့ ရိုးရာဆင်ယင်ထုံးဖွဲ့မှုအလှဟာ တကယ်ကျက်သရေရှိပါတယ်။ ဒီလိုဝတ်စားဆင်ယင်မှုလေးတွေ ဒီလိုပွဲမျိုးကနေပြီး ကျယ်ပြန့်လာဖို့ ကြိုးစားနေတယ်လို့ မြင်မိပါတယ်ရှင်" ဟု ပွဲလာသူ အမျိုးသမီးတစ်ဦးက ပြောသည်။

သိန်းဇော်(ရွှေလီဦး)

ရန်ကုန်တိုင်းဒေသကြီး

အုန်းပင်ချောင်း ချောင်းကူးတံတား မကြာမီပြီးစီးတော့မည်

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် တွံတေးရေကျော်၊ ကော့မှူး၊ ကွမ်းခြံကုန်း သုံးမြို့နယ် ဆက်သွယ်ထားသော ကားလမ်းနှင့် တွံတေးတူးမြောင်းကြားတွင် ကျေးရွာ ၁၀ ရွာခန့်ရှိပြီး လူဦးရေ တစ်သောင်းကျော် နေထိုင်ကြသည်။ အဆိုပါကျေးရွာပြည်သူများ လမ်းပန်းဆက်သွယ်ရေးတွင် ကုန်းလမ်းဖြင့် သွားလာရန် အလွန်ခက်ခဲပြီး ရေလမ်းကိုသာ အသုံးပြုလျက်ရှိသည်။

ယခုအခါ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ အကူအညီဖြင့် ရှမ်းစုလေး၊ အုန်းပင်ချောင်း၊ ရွှေလှေချောင်း(တွံကြို)လမုကျေးရွာချင်းဆက် မြေသားလမ်း ခုနစ်မိုင် ငါးဖာလုံ ဖောက်လုပ်ပြီးစီးခဲ့ပြီး ဖြစ်သည်။ ယင်းမြေသားလမ်းပေါ်ရှိ အုန်းပင်ချောင်း ချောင်းကူးတံတားကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ငွေကျပ်သိန်း ၅၀၀၀ အကုန်အကျခံကာ အရှည်ပေ ၃၀၀၊ အကျယ် ၂၂ ပေ၊ အမြင့် ၁၁ ပေ သံကူကွန်ကရစ်တံတားကို ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလမှ စတင်တည်ဆောက်လျက်ရှိရာ ယခုအခါ ၈၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။ တံတားကို စက်တင်ဘာလကုန်အပြီး တည်ဆောက်နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ၎င်းတံတားပြီးစီးသွားပါက အချိန်အခါမရွေး သက်သာလွယ်ကူစွာ သွားလာနိုင်တော့မည်ဖြစ်သည်။

အဆိုပါတံတားပြီးစီးပါက ဒေသလမ်းပန်းဆက်သွယ်ရေးဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေးနှင့် လူမှုရေးအခက်အခဲများကို အချိန်တိုအတွင်း ဆောင်ရွက်နိုင်တော့မည်ဖြစ်သည့်အတွက် ဒေသခံပြည်သူများ အထူးဝမ်းမြောက်လျက်ရှိကြောင်း သိရသည်။

မျိုးလှိုင်(တွံတေး)

ပဲခူးတိုင်းဒေသကြီး

ရေဘေးကာကွယ်ရေးမှသည် ဒေသဖွံ့ဖြိုးရေးဦးတည်

ပဲခူးခရိုင်ဒေသအတွင်း ရေကြီးရေလျှံမှုကား နှစ်အများစု မိုးရာသီ၌ ဖြစ်ပေါ်လေ့ရှိသည်။ အထူးသဖြင့် နှစ်စဉ် ဇူလိုင်လနှင့် ဩဂုတ်လများ၌ ပဲခူးခရိုင်ဒေသအတွင်းရှိ မြို့နယ်၊ မြို့၊ ကျေးရွာဒေသအချို့၌ ရေနစ်မြုပ်ခဲ့သည်မှာ အချိန်ကာလ ကြာရှည်ခဲ့ပေပြီ။

ထိုသို့သော ဒေသများတွင် နှစ်စဉ်ကြုံတွေ့နေရသည့် ရေကြီးနစ်မြုပ်ခြင်းဖြစ်ပေါ်မှုကို ကာကွယ်နိုင်ရန် ပဲခူးရိုးမတောင်တန်းများပေါ်မှ စီးဆင်းနေသော ချောင်းများပေါ်တွင် ရေလှောင်တမံများ တည်ဆောက်ပေးခဲ့သည့်နည်းတူ ပဲခူးမြစ်အတွင်း သောင်ခုံတူးခြင်းလုပ်ငန်းများနှင့် ဇောင်းတူရေသွယ်မြောင်းတိုးချဲ့တူးဖော်ခြင်း၊ တာအချို့ ယိုယွင်းပျက်စီးမှုပြုပြင်ခြင်း၊ ရေလျှံထိန်းတာများ တည်ဆောက်ပေးခြင်းအပြင် လိုအပ်သည့်နေရာများတွင် ချောင်း၊ ရိုး၊ ရေနုတ်မြောင်းတူးဖော်ပေးခြင်းနှင့် ပဲခူး-စစ်တောင်းတူးမြောင်း အဆင့်မြှင့်တင်တူးဖော်ပေးခြင်း လုပ်ငန်းများကို နိုင်ငံတော်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ဆည်မြောင်းဦးစီးဌာနက ကြိုးပမ်းဆောင်ရွက်ပေးခဲ့သည်။

ထို့အတူ ပဲခူးရိုးမတောင်တန်းပေါ်ရှိ ဇောင်းတူရေလွှဲဆည်မှ ပိုလျှံသော ရေများကို ရေလွှဲဆည်မှတစ်ဆင့် ပဲခူး-စစ်တောင်းတူးမြောင်းအတွင်းသို့ ရေထုတ်ပေးခြင်းဖြင့် ယခင်က ၄င်းရေပိုလွှဲများ၊ ပဲခူးမြစ်အတွင်း စီးဝင်မှုဖြစ်ခဲ့ရာမှ ရေကြီးရေလျှံမှုဖြစ်ခဲ့၍ ယခုအခါ ရေကြီးမှုကို ကာကွယ်နိုင်ရန်လည်း ဆောင်ရွက်ထားနိုင်ခဲ့ပြီဖြစ်သည်။ ထိုသို့ ဆောင်ရွက်ရာတွင် ဇောင်းတူ-မိုးယွန်းကြီး ရေသွယ်မြောင်းကို တိုးချဲ့တူးဖော်ခြင်း၊ ဇောင်းတူ- စွန်ပိ ရေသွယ်မြောင်းတိုးချဲ့တူးဖော်ခြင်းနှင့် ဇောင်းတူ- ကျိုက်လှ ရေသွယ်မြောင်းတိုးချဲ့တူးဖော်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ပြီးဖြစ်သည်။

ထို့အပြင် ပဲခူး၊ သနပ်ပင်၊ ကဝမြို့နယ်များရှိ ရေကြီးရေနက်ကွင်းများမှ ပိုလျှံရေများကို ပဲခူး-စစ်တောင်းတူးမြောင်းမှတစ်ဆင့် ပဲခူးမြို့ဝန်းကျင်ဒေသကိုရှောင်လွှဲကာ စစ်တောင်းမြစ်နှင့် ပဲခူးမြစ်အောက်ပိုင်းများသို့ ရေထုတ်နိုင်ရန် ရေနုတ်မြောင်းများကိုလည်း တူးဖော်ပေးထားသည်။ တူးဖော်ခဲ့သည့် ရေနုတ်မြောင်းများမှာ အဗျား-ရှမ်းကိုင်း ရေနုတ်မြောင်း (အလျား ၁၂မိုင်၊ အကျယ် ပေ ၃၀)၊ မင်းရွာ-ကုက္ကိုရေနုတ်မြောင်း (အလျား မိုင် ၂၀၊ အကျယ်ပေ ၃၀)၊ ဝဲပတန်ရေနုတ်မြောင်း (အလျား ၁၇မိုင်၊ အကျယ်ပေ ၃၀)၊ သံဒင်းရေနုတ်မြောင်း(အလျား ၂၅ မိုင်၊ အကျယ်ပေ ၃၀)၊ မင်းရွာ-ပိုင်ကျုံရေနုတ်မြောင်း(အလျား ၂၅မိုင်၊ အကျယ်ပေ ၃၀)၊ အုန်းနဲ့-ကန်ဘဲ့ရေနုတ်မြောင်း(အလျား ၁၄မိုင်၊ အကျယ်ပေ ၃၀)၊ ဆည်မရေနုတ်မြောင်း(အလျား ၁၉ မိုင်၊ အကျယ်ပေ ၃၀)နှင့် မောင်းမရေနုတ်မြောင်း (အလျား ၁၃မိုင်၊ အကျယ်ပေ ၃၀) စုစုပေါင်း ရေနုတ်မြောင်း ရှစ်မြောင်း၊ စုစုပေါင်းအလျား ၁၄၅မိုင် တူးဖော်ပေးထားပြီးဖြစ်ရာ ရေကြီးရေလျှံမှုမှ ကာကွယ်ရန် စီစဉ်ဆောင်ရွက်ထားခြင်းပင်ဖြစ်သည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာနမှ ပဲခူးခရိုင်အတွင်း လိုအပ်သည့် ရေလှောင်တမံများ၊ ရေထိန်းတံခါးများ၊ ရေနုတ်မြောင်းများ၊ ရေသွယ်မြောင်းများ၊ ရေကာတာများ၊ ပဲခူးမြစ်အတွင်း သဲသောင်ခုံများ တူးဖော်ပေးခြင်းများကို ပြုလုပ်ပေးခဲ့သလို တိမ်ကောနေပြီဖြစ်သော ပဲခူး-စစ်တောင်းတူးမြောင်းအဆင့်မြှင့်တင်တူးဖော်ပြုလုပ်ပေးခဲ့ရာ လယ်ယာမြေများနှစ်စဉ်ရေကြီးနစ်မြုပ်ခြင်းမှ အထိုက်အလျောက် ကာကွယ်ပေးနိုင်ပြီဖြစ်သလို လယ်မြေများလည်း ပိုမိုစိုက်ပျိုးလာနိုင်တော့မည်ဖြစ်သည်။ ဒေသခံပြည်သူများအတွက် ဝမ်းမြောက်ဝမ်းသာရမည့် ဆောင်ရွက်ချက်များပင်ဖြစ်သည်။

ယင်းသို့ ဆောင်ရွက်ခဲ့ကြခြင်းကြောင့် ပဲခူး၊ ကဝ၊ သနပ်ပင်၊ ဝေါ၊ ဒိုက်ဦး၊ ညောင်လေးပင်၊ ရွှေကျင်၊ ကျောက်တံခါး စသည့် ပဲခူးခရိုင်ဒေသခံတောင်သူများ ရေတော်၊ မိုးတော်စပါးများ ပိုမိုစိုက်ပျိုးလာနိုင်၍ ဝင်ငွေတိုးတော့မည်ဖြစ်သည်။

ထို့ကြောင့် နှစ်စဉ်စီမံကိန်းချမှတ်ပြီး လုပ်ငန်းအဆင့်ဆင့်ကို အောင်မြင်စွာ နိုင်ငံတော်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့ရာ မိုးရာသီ၌ ပဲခူးခရိုင်ဝန်းကျင်ဒေသနေပြည်သူလူထု၏ ရေဘေးအန္တရာယ်ကို တားဆီးကာကွယ်ရာ ရောက်စေသည့်အပြင် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးလာမည်သာမက ပဲခူးတိုင်းဒေသကြီးတစ်ခုလုံး အမျိုးသား အသားတင်ထုတ်လုပ်မှု(ဂျီဒီပီ)တန်ဖိုးမှာလည်း မြင့်မားလာမည်ဖြစ်သည်။ သို့ဖြစ်ပေရာ ပဲခူးခရိုင်အတွင်း ရေဘေးကာကွယ်ရေးကို အခြေပြု၍ ဒေသခံပြည်သူများအနေဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို တိုးပွားသည်ထက် တိုးပွားအောင် ကြိုးစားအားထုတ်ကြရမည်ဖြစ်ပါကြောင်း ကွင်းဆင်းလေ့လာ ရေးသားလိုက်ရပါတော့သည်။

သတင်း - ပိန်းဇလုပ်သိန်းညွှန့်
ဓာတ်ပုံ - ရန်အောင်ထွန်း

စစ်ကိုင်းတိုင်းဒေသကြီး

ကျေးလက်ဆက်သွယ်ရေး ကောင်းမွန်စေရန် တာဝါတိုင်များ တိုးချဲ့တည်ဆောက်တပ်ဆင်



မုံရွာခရိုင် အရာတော်မြို့နယ်နှင့် ရှစ်မိုင်ခန့်ကွာဝေးသော နောင်ကြီးအိုင်ကျေးရွာ၌ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ကျေးလက်နေ ပြည်သူများ ဆက်သွယ်ရေးကောင်းမွန်စေရန် ၂၀၁၄ ခုနှစ် မေလပိုင်းမှစ၍ တာဝါတိုင်တိုးချဲ့တည်ဆောက်တပ်ဆင်ဆောင်ရွက်နေကြောင်း သိရသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ငွေကျပ် ၁၅၀၀ တန် တန်ဖိုးနည်းမိုဘိုင်းဖုန်းများ ရောင်းချပေးသဖြင့် ကျေးလက်နေပြည်သူများ အသုံးပြုသူ များပြားလာခဲ့သည်။

ထိုသို့ သုံးစွဲမှုပြုလုပ်လာသည်နှင့်အမျှ လိုင်းကျပ်မှုများ မကြာခဏဖြစ်ပေါ်လေ့ရှိရာ ကျေးလက်နေပြည်သူများ အဆင်ပြေစွာဆက်သွယ်ပြောဆိုနိုင်ရန်အတွက် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ အရာတော်မြို့နယ် နောင်ကြီး အိုင်ကျေးရွာတွင် တာဝါတိုင်တပ်ဆင်နေမှုကို တွေ့မြင်ခဲ့ရသည်။

နိုင်ငံတော်က တန်ဖိုးနည်းဖုန်းတွေ လစဉ် ဒေသအလိုက် ရောင်းချပေးခဲ့ရာတွင် ရပ်ကွက်/ ကျေးရွာအလိုက် မဲစနစ်ဖြင့် ဖုန်းတစ်လုံးရရှိခဲ့ကြောင်း၊ အခုလို နေရာအတော်များများမှာ ဖုန်းတိုင်တွေ လိုက်ထောင်ပေးနေတာတွေ့ရတော့ မိမိတို့ကျေးလက်ဒေသတွေပါ မြို့နှင့်မခြား ဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်၍ အလွန်ဝမ်းသာရပါကြောင်း ဈေးရောင်းသူတစ်ဦးက ပြောသည်။

(မြို့နယ်ပြန်/ဆက်)

အများသိစေရန် အသိပေးကြေညာချက်

ကျွန်ုပ်၏မိတ်ဆွေ ဦးနိုင်လင်းအောင် (၉/မရမ(နိုင်)၀၉၂၈၇၀) အမှတ်(၁၆၃) ဟားခါးလမ်းနှင့် မူဆယ်လမ်းထောင့် စက်မှုဇုန်(၁) ဒဂုံမြို့သစ် (တောင်ပိုင်း)နေထိုင်သူ (HONESTY HOLDING CO.Ltd)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေး ကြေညာအပ်ပါသည်။

HONESTY HOLDING CO;LTD

ဦးနိုင်လင်းအောင်သည် အထက်ပါ အမှတ်အသားနှင့် စာတမ်းအား ကုမ္ပဏီ၏ တံဆိပ် အမှတ်အသားအသစ်အဖြစ် ယနေ့ကြော်ငြာသည့်နေ့မှစ၍ တရားဝင်မှတ်ပုံတင်၍ သုံးစွဲသွား မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးညွှန့်လှိုင်
(L.L.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၂၇၀၆)

ဒေါ်နှင်းနှင်းလှိုင် L.L.B, D.B.L, D.M.L(စဉ်-၂၉၈၈၇)
ဒေါ်လွင်မာဦး L.L.B, D.B.L(စဉ်-၂၉၈၃၇)
ဒေါ်ယဉ်လဲ့ဝင်း L.L.B (စဉ်-၃၃၃၈၅)
အထောက်တန်းရှေ့နေများ
အမှတ်(၆၇၀)၊ အခန်း(၃)လမ်း ၅၅/ ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း ၀၉-၇၃၀၆၄၆၉၃၊ ၀၉-၄၃၀၉၃၂၈၇

ရပ်ရွာအခြေပြုကျေးလက်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်းများ

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် နိုင်ငံတကာအဖွဲ့အစည်းများအနက် (WFP)၊ စေတနာ ဖောင်ဒေးရှင်း၊ TPA၊ SDC၊ BAJ စသည့် အဖွဲ့အစည်းများနှင့်ပတ်သက်၍ ၎င်းတို့၏လုပ်ငန်းစဉ်၊ ရည်ရွယ်ချက်၊ ဒေသအသီးသီးတွင် အကောင်အထည်ဖော်ဆောင်ရွက် ပြီးစီးခဲ့သည့် လုပ်ငန်းများကို ရေးသားတင်ပြခဲ့ဖူးသည်။ အိန္ဒိယနိုင်ငံ အထောက်အပံ့ဖြင့် ချင်းပြည်နယ်နှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့တွင် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများကိုလည်း အလျဉ်းသင့်သလို ဖော်ပြခဲ့ဖူးသည်။ ယခုဆက်လက်၍ World Vision ၏ ရပ်ရွာအခြေပြုကျေးလက်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်းများကို တင်ပြလိုပါသည်။

World Vision Myanmar အနေဖြင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ပူးပေါင်း၍ ကရင်ပြည်နယ် ဘားအံမြို့နယ်အတွင်းရှိ ကျေးရွာ ၂၁ရွာ၊ လှိုင်းဘွဲမြို့နယ်အတွင်းရှိ ကျေးရွာ ၁၄ ရွာ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကုန်းကြမ်းမြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၃၂ ရွာတို့တွင် အမေရိကန်ဒေါ်လာ ၃ ဒသမ ၁၈ သန်းဖြင့် ၂၀၁၁ ခုနှစ် စက်တင်ဘာလ ၂၇ ရက်နေ့မှ ၂၀၁၄ ခုနှစ် စက်တင်ဘာလ ၂၆ ရက်နေ့အထိ ရပ်ရွာအခြေပြုကျေးလက်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

World Vision Myanmar က တည်ဆောက်ပေးသော ကိုးကန့်ဒေသ ကြာစီရှူးကျေးရွာ သောက်သုံးရေကန်။

စီမံကိန်းလုပ်ငန်းစဉ်ကြီး (၅)ရပ်

World Vision Myanmar သည် ယင်းဒေသများတွင် အောက်ဖော်ပြပါ လုပ်ငန်းစဉ်ကြီး (၅)ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည် -

(က) အသိပေးဆွေးနွေးခြင်းနှင့် ကျေးရွာလူထုဖွံ့ဖြိုးရေးဆိုင်ရာ စွမ်းရည်မြှင့် အစီအစဉ်၊

(ခ) ပညာရေးနှင့် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး အစီအစဉ်၊

(ဂ) အသေးစား စီးပွားရေးလုပ်ငန်းများနှင့် စိုက်ပျိုးရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်၊

(ဃ) ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး အစီအစဉ်၊

(င) သဘာဝဘေးကြိုတင်ကာကွယ်ရေး၊ လျှော့ချရေးနှင့် အရေးပေါ်ကယ်ဆယ်ရေးအစီအစဉ်။

World Vision Myanmar သည် အထက်ပါလုပ်ငန်းစဉ်များကို သက်ဆိုင်ရာဒေသအာဏာပိုင်များ၊ ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့်လက်တွဲပူးပေါင်း၍ အောင်မြင်အောင်ကြိုးပမ်းဆောင်ရွက်ခဲ့သည်။

အကောင်အထည်ဖော်ဆောင်ရွက်မှုများ

ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေး အဖွဲ့အစည်းများ ဖွဲ့စည်း၍ အမျိုးသား၊ အမျိုးသမီးများပါဝင်သော လူငယ်အဖွဲ့များ၊ စေတနာရှင်လုပ်အားရှင်များကို စွမ်းဆောင်ရည်မြှင့်သင်တန်းများပေးခြင်း၊ လူမှောင်ခိုကူးခံရခြင်းမှ ကာကွယ်တားဆီးနိုင်ရန် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ပူးပေါင်းပါဝင်ဆောင်ရွက်မှု မြင့်မားလာစေရေး စည်းရုံးဆောင်ရွက်ခြင်း၊ ကနဦးကလေးသူငယ်ပြုစုစောင့်ရှောက်ရေးအစီအစဉ်ဖြင့် ကလေးသူငယ် ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ ပညာရေးအတွက် ကျောင်းဆောင်သစ်များ ဆောက်လုပ်ပေးခြင်း၊ ကျောင်းဆောင်ဟောင်းများပြုပြင်ပေးခြင်း၊ စားနပ်ရိက္ခာအပါအဝင် ကျောင်းဝတ်စုံနှင့်အနွေးထည်များ၊ သောက်ရေသန့်စက်များ ထောက်ပံ့ပေးခြင်း၊ စာရေးကိရိယာများဖြန့်ဖြူးပေးခြင်း၊ ကလေးသူငယ်အခွင့်အရေးများနှင့် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အသိပညာများ မြင့်မားတိုးတက်လာစေရန် ဆောင်ရွက်ပေးခြင်း၊ တစ်ပိုင်တစ်နိုင် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ စိုက်ပျိုးရေးသုံး အထောက်အကူပြုပစ္စည်းများ၊ မျိုးစေ့နှင့် ပျိုးပင်များ ပံ့ပိုးပေးခြင်း၊ လယ်ယာမြေများ ဖော်ထုတ်ခြင်းနှင့် မြေဆီလွှာထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ကျေးရွာများအတွင်း မိသားစုဝင်ငွေတိုးလုပ်ငန်းများနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ လုပ်ငန်းများဖန်တီးဖော်ဆောင်ပေးခြင်း၊ အခြေခံကျန်းမာရေးစောင့်ရှောက်မှု အသိပညာပေးရေးနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ မိခင်နှင့် ကလေးကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ HIV/AIDS ရောဂါစောင့်ရှောက်ပေးခြင်းနှင့် ဆေးဝါးများကူညီပံ့ပိုးပေးခြင်း၊ မိသားစုသုံး စံပြယင်လုံအိမ်သာများ ဆောက်လုပ်ပေးခြင်း၊ သဘာဝဘေးကြိုတင်ကာကွယ်မှုသင်တန်းများ ပြုလုပ်ခြင်း၊ သဘာဝဘေးတုံ့ပြန်မှုအစီအစဉ်များ ဆောင်ရွက်ပေးခြင်းစသော စီမံကိန်းလုပ်ငန်းစဉ်ကြီး (၅)ရပ်ပါလုပ်ငန်းစဉ်များကို နှစ်အလိုက် လုပ်ငန်းစီမံချက်များရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့သည်။

World Vision Myanmar ၏ ကလေးသူငယ်များ ကျန်းမာရေးပညာပေးအစီအစဉ်။

ဒေသအပေါ်အကျိုးပြုမှု

World Vision Myanmar သည် စီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီများ ဖွဲ့စည်း၍ စေတနာရှင်၊လုပ်အားရှင်များပါဝင်လာအောင် စည်းရုံးဆောင်ရွက်ခဲ့သည်။ ဒေသခံပြည်သူများ ငွေကြေးပူးပေါင်း ထည့်ဝင်ခြင်းဖြင့် စီမံကိန်းလုပ်ငန်းများ ရေရှည်တည်တံ့စေရေး ရည်မှန်းဆောင်ရွက်နိုင်ခဲ့သည်။ အသိပေးဆွေးနွေးခြင်း၊ ကျေးရွာလူထုဖွံ့ဖြိုးရေးဆိုင်ရာ စွမ်းရည်မြှင့်အစီအစဉ်များ ဆောင်ရွက်ခြင်းဖြင့်၊ ဒေသခံပြည်သူများကို မှန်ကန်သောအသိအမြင်များ ရရှိအောင် အလင်းဖွင့်ပေးနိုင်ခဲ့သည်။ အသေးစားစီးပွားရေးနှင့် စိုက်ပျိုးရေးလုပ်ငန်းများက ဒေသခံပြည်သူလူထု၏ဝင်ငွေကို တိုးပွားစေခဲ့သည်။ ထို့အပြင် ကောင်းမွန်သောကျန်းမာရေးစောင့်ရှောက်မှုအစီအစဉ်များ ပြုလုပ်ပေးခြင်း၊ သဘာဝဘေးဒဏ်ကြိုတင်ကာကွယ်ရေး အစီအစဉ်များ စီမံဆောင်ရွက်ပေးခြင်းတို့ဖြင့် World Vision Myanmar ၏ စေတနာကို ဒေသခံတိုင်းရင်းသားများက ပိုမိုနားလည်ယုံကြည်အားထားမှု ဖြစ်စေခဲ့ပါကြောင်း ရေးသားတင်ပြအပ်ပါသည်။

မြန်မာ့အလင်း
၂၇-၆-၂၀၁၄ (သောကြာနေ့)

ဂရိပရိသတ်တွေကို အောင်ပွဲခံဖို့ ပြောလိုက်တဲ့နည်းပြဖာနန်ဒိုဆန်းတို့စ်

— အောင်ဇ —

ဂရိအသင်းနည်းပြဖြစ်တဲ့ ဖာနန်ဒိုဆန်းတို့စ်ကတော့ အသင်းအနေနဲ့ ဒီနှစ်ကမ္ဘာ့ဖလားမှာ ၁၆ သင်းအဆင့်အထိ တက်ရောက်နိုင်ခဲ့ခြင်းဟာ ကမ္ဘာ့ဖလားမှာတော့ ဂရိအသင်းရဲ့ကြီးမားတဲ့ သမိုင်းမှတ်တိုင်သစ်ဖြစ်တာကြောင့် ပရိသတ်တွေအနေနဲ့ အကြီးအကျယ် အောင်ပွဲခံသင့်ကြောင်းကို ထုတ်ဖော်ပြောဆိုလိုက်ပါတယ်။

ဂရိအသင်းဟာ အုပ်စုပထမဦးဆုံးပွဲစဉ်မှာ ကိုလံဘီယာအသင်းကို ၃-၀ နဲ့ ရှုံးခဲ့ကာ ဂျပန်အသင်းနဲ့ပွဲမှာ ၀-၀ သရေကျခဲ့ပြီး နောက်ဆုံးကစားခဲ့သည့် အိုင်ဗရီကို့စ်အသင်းနဲ့ပွဲမှာ ၂-၁ နဲ့ ပထမဦးဆုံးနိုင်ပွဲအဖြစ်ရရှိပြီး အုပ်စုအဆင့်ကိုဖြတ်ကျော်ကာ ၁၆ သင်း အဆင့်သို့ တက်ရောက်နိုင်ခဲ့တာလည်းဖြစ်ပါတယ်။ ဂရိအသင်းဟာ ကမ္ဘာ့ဖလားသမိုင်းမှာတော့ ခြေစစ်ပွဲအဖြစ် ယခုနှစ်အပါအဝင် သုံးကြိမ်သာ အောင်မြင်မှုရရှိထားခဲ့ပြီး ယခင်နှစ်ကြိမ်မှာလည်း အုပ်စုအဆင့်ကနေသာ လှည့်ပြန်ခဲ့ရတဲ့ အသင်းလည်းဖြစ်ပါတယ်။

လက်ရှိဂရိအသင်းရဲ့ နည်းပြဖြစ်သူ ဖာနန်ဒိုဆန်းတို့စ်ဟာ နိုင်ငံအသင်းများကို ကိုင်တွယ်ရာတွင် အတွေ့အကြုံသိပ်မရှိပေမယ့် ကလပ်အသင်းတွေမှာတော့ အောင်မြင်မှုရရှိနေတဲ့ နည်းပြတစ်ဦးလည်းဖြစ်ပါတယ်။

ဂရိအသင်းအနေနဲ့ အုပ်စုအဆင့်မှဖြတ်ကျော်နိုင်ခဲ့ခြင်းနဲ့ ပတ်သက်ပြီးလည်း အသက် ၅၉ နှစ်အရွယ်ရှိပြီဖြစ်တဲ့ ဖာနန်ဒိုဆန်းတို့စ်က "ကျွန်တော်တို့ အသင်းရဲ့ အခြေအနေဟာ သိပ်မဆိုးသေးဘူးလို့ ပြောရမှာပါ။ အိုင်ဗရီကို့စ်အသင်းနဲ့ ပွဲမှာလည်း ကျွန်တော်တို့အသင်းရဲ့ ကစားပုံဟာ မဆိုးဘူးလို့ပြောရမှာပါ။ ကျွန်တော်တို့အသင်းအနေနဲ့ အုပ်စုအဆင့် သုံးပွဲမှာ တစ်ပွဲနိုင်၊ တစ်ပွဲသရေနဲ့ တစ်ပွဲရှုံးခဲ့တာကြောင့် အသင်းဟာ အထိုက်အလျောက် အောင်မြင်မှုရတယ်လို့လည်း ပြောရမှာပါ။ ဂရိအသင်းအနေနဲ့ အခုလို ၁၆ သင်းအဆင့် တက်ရောက်နိုင်ခဲ့တာဟာ ဂရိဘောလုံးသမိုင်းအတွက်တော့ ပထမဦးဆုံးလို့ ပြောရမှာပါ။ ဒါကြောင့် ဂရိမှာရှိတဲ့ပရိသတ်တွေကိုတော့ အသင်းရဲ့ လမ်းတိုင်းမှာ အောင်ပွဲခံကြဖို့ ပြောလိုပါတယ်" လို့လည်း ပြောဆိုခဲ့ပါတယ်။

ဒါ့အပြင် ဂရိတိုက်စစ်မှူးဆာမာရက်စ်ကလည်း ဂရိအသင်းအနေနဲ့ အခုလို ၁၆ သင်းအဆင့်ကို တက်ရောက်နိုင်ခဲ့တဲ့အတွက် အလွန်ကိုဂုဏ်ယူမိကြောင်းလည်း ပြောဆိုခဲ့ပါတယ်။

အိုင်ဗရီကို့စ်ကို ၂-၁ ဖြင့် နိုင်ခဲ့သည့်ပွဲတွင် တိုက်စစ်မှူးဆာမာရက်စ်သည် အသင်းအတွက် အနိုင်ဂိုးဖြစ်သည့် ပယ်နယ်တီဘောကို ကန်ယူပေးခဲ့သူလည်း ဖြစ်ပါတယ်။

အခုလို အောင်မြင်မှုနဲ့ပတ်သက်ပြီး တိုက်စစ်မှူးဆာမာရက်စ်က "ကျွန်တော်ဟာ ဂရိပရိသတ်တိုင်းကို ပျော်ရွှင်စေချင်ပါတယ်။ အခုလိုလုပ်နိုင်ခဲ့တာနဲ့ပတ်သက်ပြီးလည်း အလွန်ဂုဏ်ယူမိပါတယ်။ အိုင်ဗရီကို့စ်အသင်းနဲ့ပွဲမှာ ကျွန်တော်တို့အသင်းဟာ အကောင်းဆုံး ကစားနိုင်ခဲ့ပါတယ်" လို့ ပြောဆိုခဲ့ပါတယ်။

ဂရိအသင်းဟာ လာမယ့် ၁၆ သင်းအဆင့်မှာတော့ ကော်စတာရီကာအသင်းနဲ့ တွေ့ဆုံရမှာဖြစ်ပါတယ်။

ဖာနန်ဒိုဆန်းတို့စ်

ဆွာရက်ဇ်ကို ၁၀ ပွဲမက ပွဲပယ်သင့်ဟု ပေါလ်စခိုးလ်မှတ်ချက်ပြု

မန်ယူအသင်း ကစားသမားဟောင်း ပေါလ်စခိုးလ်က ချီလီနီကို ကိုက်ခဲ့သည့် ဥရုဂွေးတိုက်စစ်မှူး ဆွာရက်ဇ်ကို ကာလကြာရှည်စွာ ပွဲပယ်ပြစ်ဒဏ်ချမှတ်သင့်သည်ဟု မှတ်ချက်ပြု ပြောဆိုလိုက်သည်။

အီတလီ အသင်း နှင့် ဥရုဂွေးတို့ ကစားခဲ့သည့် ပွဲတွင် ဥရုဂွေးတိုက်စစ်မှူး ဆွာရက်ဇ်က အီတလီနောက်တန်းကစားသမားချီလီနီကို ကိုက်ခဲ့သည်။ ထို့နောက် ချီလီနီက ကွင်းလယ်ဒိုင်ထံ သူ၏ပခုံးပေါ်ရှိ ဆွာရက်ဇ်ကိုက်ခဲ့သည့်နေရာကို ပြသခဲ့သည်။

ပေါလ်စခိုးလ်

ပေါလ်စခိုးလ်က "ဆွာရက်ဇ်ဟာ သူ့ကလပ်အသင်း၊ နိုင်ငံအသင်းနဲ့ မိသားစုအတွက်ပါ အရှက်ရစေတဲ့သူပါ။ သူ့ကို ကမ္ဘာ့ဖလားပြိုင်ပွဲကနေ ထုတ်ပယ်ဖို့နဲ့တော့ မလုံလောက်နိုင်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ နောက်တစ်ဆင့်မှာ ကိုလံဘီယာက ဥရုဂွေးကို အနိုင်ယူသွားမှာမို့ပါ။ သူ့လိုထိပ်တန်းကစားသမားတစ်ဦးက ဒီလိုမျိုးဖြစ်ပျက်ရတာက ရှက်စရာပါ။ ဒါပေမယ့် လူတွေကတော့ ဆွာရက်ဇ်ကို သူ့ရဲ့ဘောလုံးစွမ်းရည်ထက် ကမ္ဘာ့ဖလားမှာ ကိုက်ခဲ့တဲ့အကြောင်းကြောင့် ပိုပြီးသတိရနေမှာပါ"ဟု ပြောသွားသည်။ ထို့အပြင် ပေါလ်စခိုးလ်က ယခုအဖြစ်အပျက်နှင့်ပတ်သက်ပြီး ချဲလ်ဆီးနောက်တန်းကစားသမား အိုင်ဗန်နိုဗစ်ကို ဆွာရက်ဇ်ကိုက်ခဲ့စဉ်က ချမှတ်ခဲ့သည့် ၁၀ ပွဲပယ်ပြစ်ဒဏ်ထက် ပိုပြီး ချမှတ်သင့်ကြောင်း ပြောသွားသည်။

ဖီဖာကလည်း ဆွာရက်ဇ်ကို စစ်ဆေးမေးမြန်းမှုများပြုလုပ်သွားရန် စီစဉ်ထားပြီးဖြစ်သလို အကယ်၍သာ ဆွာရက်ဇ်၏လုပ်ရပ်နှင့်ပတ်သက်ပြီး အပြစ်ရှိကြောင်း ထင်ရှားပါက ဆွာရက်ဇ်မှာ ၂ နှစ်နှင့်အထက် ပွဲပယ်ပြစ်ဒဏ် ချမှတ်ခံရဖွယ်ရှိနေသည်။

■ ဖြိုးဒေါ်လာ

ခြေစွမ်းကောင်းများပြသရန် လိုအပ်သေးဟု

စကိုလာရီပြောဆို

စကိုလာရီ

ဘရာဇီးအသင်းမန်နေဂျာ စကိုလာရီက အသင်းမှာ အုပ်စုအဆင့်တွင် အကောင်းဆုံး ကစားနိုင်ခဲ့သော်လည်း ချီလီနှင့်ကစားရမည့် ၁၆ သင်းအဆင့်ပွဲတွင်လည်း ယခု ထက်ပိုမိုခြေစွမ်းပြနိုင်ရန်လိုအပ်ကြောင်း ပြောသွားသည်။

ဘရာဇီးအသင်းသည် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အုပ်စုတွင်းအသင်းများဖြစ်သည့် ခရိုအေးရှားနှင့် ကင်မရွန်းအသင်းတို့ကို အနိုင်ယူခဲ့သော်လည်း မက္ကဆီကိုအသင်းကို အနိုင်မရရှိခဲ့ခြင်းနှင့် ပတ်သက်ပြီး ဝေဖန်မှုများနှင့် ရင်ဆိုင်နေခဲ့ရသည်။

စကိုလာရီက "ချီလီလို အသင်းကောင်းတစ်သင်းကို အနိုင်ရဖို့ဆိုရင် ကျွန်တော်တို့တွေ ခြေစွမ်းကောင်းတွေ ပြသနိုင်ဖို့ လိုပါတယ်။ သူတို့ဟာ စုစည်းမှုကောင်းပြီး အရည်အချင်းကောင်း တွေရှိနေတဲ့အသင်းပါ။ အသင်းရဲ့ ကစားပုံတော့ ကျေနပ်မှုရှိပါတယ်။ ဒီထက်ပိုပြီးလည်း ကောင်းအောင်လုပ်သွားရမှာဖြစ်သလို ကွင်းလယ်ပိုင်းကိုတော့ ဒီထက်စိုးမိုးနိုင်မှုရှိအောင် လုပ်ဆောင်သွားဖို့ရှိနေပါတယ်"ဟု ပြောသွားသည်။

■ ဖြိုးဒေါ်လာ